
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

25 DEC 2012

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၁၃ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

# မောင်မျိုး
## ( ကြောင်နှစ်ကောင် )
စီစဉ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# အဖွင့် (၁)

တက္ကသီလာ မြကျွန်းသာသည် တိတ်ဆိတ်ငြိမ်သက်နေရာမှ လှုပ်ရှားသက်ဝင်လာသည်။ ကျောင်းဖွင့်စအချိန်ဖြစ်သဖြင့် တက္ကသိုလ်ပရဝဏ်အတွင်းဝယ် အရောင်အသွေးစုံလင်လှသော ကျောင်းတော်သူ ကျောင်းတော်သားတို့ဖြင့် တင့်တယ်၍နေသည်။

သူတို့အားလုံး နုပျိုရွှင်လန်းတက်ကြွနေကြသည်။ ဤတက္ကသိုလ်နယ်မြေသည် လူငယ်ထု၏ အနာဂတ်အိပ်မက်များ၊ မျှော်လင့်ချက်စိတ်ကူးများ၊ ဘဝပန်းတိုင်များ ပေါက်ဖွားရှင်သန်ရာ နယ်မြေဖြစ်တော့သည်။ နောက်တစ်ခုရှိပါသေးသည်။ ထိုနေရာမှာ လူငယ်တို့နှင့် ကင်းကွာမရသောအရာဖြစ်သည်။

အချစ်. . .

ဤတက္ကသိုလ်နယ်မြေအတွင်းမှာပင် ရည်တွက်ကုန်နိုင်ဖွယ်မရှိသော အချစ်ဇာတ်လမ်းများစွာ မွေးဖွားလာခဲ့သည်။ အချစ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရယ်မောရသော အပြုံးများကို စိန်ပန်းပွင့်များလောက် များပြားခဲ့သည်ဟုဆိုလျှင် အချစ်ကြောင့်ကျရသော မျက်ရည်ပေါက်များစွာစုစည်းထားပါက အင်းလျားကန်ဘောင်လောက်ရှိလေမလားဟု တွေးတောရလောက်အောင်ပင်၊ ပြုံးပျော်သူတွေ ပြုံးပျော်၍ ပူဆွေးသူတွေ ပူဆွေးခဲ့ကြရသည်။

ထိုအထဲမှ ခပ်ဆန်းဆန်းရှိသော ဇာတ်လမ်းတစ်ပုဒ်။

^ ^ ^



BURMESE CLASSIC .com

လှဦးကို သူ၏အူကြောင်ကြောင်နိုင်မှုကြောင့် အပေါင်းအသင်းများက လှအူဟုခေါ်ကြသည်။ အသားညိုညို၊ ဆံပင်ဘုတ်သိုက်ကားရှေ့ မျက်နှာတစ်ခြမ်းပေါ် ကျနေကာ မျက်မှန်ထူထူလည်း တပ်ထားသဖြင့် မိန်းကလေးတစ်ယောက်ကိုသာ အမှတ်ပေးခိုင်းပါက . . .

ဒဿမ သုညကို အန္တတ်လက္ခဏာနှင့်ပြ[illegible]ည့်သူ။

သို့သော် . . .

လှဦးမှာလည်း အသည်းနှလုံးနဲ့ပါ။ လှဦးသည် ကျောင်းထဲက ကောင်မလေးတစ်ယောက်ကို ချစ်နေပါ၏။ ဒါက ပထမအချစ်တော့မဟုတ်။ သူက သူကြိုက်သော ကောင်မလေးတစ်ယောက်ကို ပိုးပန်းမရပါက နောက်တစ်ယောက်ပြောင်းကြိုက်၏။ ဒါက လှဦးအပြစ်မှမဟုတ်ပဲ။ သူက လှတာတွေ့ရင် မကြိုက်ရရင်မနေနိုင်ပေါင်ဆိုသည့်အထဲကဖြစ်သည်။ ကိုယ်က ရည်းစားစာလေးတစ်စောင်လောက်ပဲ အရင်းစိုက်ရတာ။ သူကမကြိုက်သော် သရေပဲ။ ဒိုးရင်းဒိုးရင်းပေါ့။ ကိုယ်ရှုံးတာမဟုတ်။ ဒီလိုနှင့် လှဦးကြိုက်သော ကောင်မလေးတွေ များသထက်များ



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ သူလည်းတစ်ယောက်မှ မစွဲသေး။

ဒီနေ့တော့ လှဦးသူ့ကိုယ်သူ အစွမ်းကုန်ရှိုင်း၏။ ရေချိုးရင်း အမွှေးဆပ်ပြာ သုံးခါတိုက်၏။

'ဟဲ့ ကောင်လေး ရေချိုးတာကြာလှချည်လား၊ အအေးပတ်ပြီး သေလိမ့်မယ်'

သူ့အမေက အော်တော့ မှရပ်၏။ သူ့တွင် ရှိသမျှထဲက အကောင်းဆုံးဆိုသော ဝတ်စုံကို ဝတ်၏။ အဝတ်အစားများကို ဘေးကလူက ရေမွှေးပုလင်းထဲ လိမ့်ကျလာသည်ထင်ရအောင် အနံ့တထောင်းထောင်းထွက်အောင်ဆွတ်၏။ သူ့ကိုယ်သူတော့ တော်တော်ဆင်၍ သွားသည်။ သူ့ဘဝတစ်သက်တာတွင် (၇) ရက် (၇)ညတိုင်တိုင် ကြိုးစား ပန်းစားရေးထားသဖြင့် အကောင်းဆုံးဟု ဆိုရသော ရည်းစားစာကို ပန်းနုရောင်စာရွက်ကလေးတွင်ကူးရေးကာ စာအိတ်ဖြူပြာကလေးတွင် ထည့်၏။

ပြီးတော့ ကျောင်းကို ကြီးမားသော မျှော်လင့်ချက်ကြီး ရင်မှာ ပိုက်ကာ ထွက်လာခဲ့လေသည်။ လမ်းတွင် စန္ဒယားချစ်ဆွေ၏ တစ်စွန်း တစ်စကြားဖူးသော ခက်ခက်ကိုမှ လိုချင်တယ် သီချင်းကို မပွင့်တစ်ပွင့် ညည်းလာသေးသည်။ အခုအချိန်နှင့် ဒီသီချင်းက အတော်ပဲ လိုက်လျော ညီထွေရှိပေ၏။ အဘယ်ကြောင့်ဆိုသော်. . .

သူစာပေးမည့်ချစ်သည်းကလေး၏အမည်က. . .

"ခက်ခက်" ဖြစ်၍နေသောကြောင့်ပင်ဖြစ်လေသည်။

^ ^ ^



ခက်ခက်တို့သူငယ်ချင်းတစ်စု တံတားဖြူ အင်းလျားကန်ဘောင် ပေါ် ရောက်နေသည်။ အင်းလျားရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေက အေးမြသဖြင့် စာသင်ခန်းထဲမှာ နွမ်းနယ်ခဲ့သမျှ ပြေပျောက် လန်းဆန်းသွားတတ်၏။ ဒါကြောင့် ဤနေရာတစ်ဝိုက်မှာ တက္ကသိုလ် ကျောင်းတော်သူ၊ ကျောင်းတော်သားတို့က အပန်းဖြေနားနေရာ ရပ်ဝန်း လေးတစ်ခုဖြစ်၍ နေလေ၏။ ဤနေရာတစ်ဝိုက်တွင် ဈေးသက်သာသော ဘူးသီးကြော်ဆိုင်ကလေးတွေလည်း အစီအရီရှိတတ်၏။ ကျောင်းထဲ တွင် ကန်တင်းတွေ ရှိသော်လည်း ကျောင်းသူကျောင်းသားများသည် အပြင်ထွက်လာကာ ဤဆိုင်များတွင် ထိုင်လေ့ရှိသည်။

ဤမိန်းကလေးငါးယောက်တွင် ထင်ထင်ရှားရှား လှပနေသူ ကလေးမှာ ခက်ခက်ပင် ဖြစ်သည်။ ဂုတ်ပေါ်ဝဲနေသောဆံပင်၊ ဝင်းဝါ သောအသားအရေ၊ လှပရွှန်းလဲ့သော မျက်ဝန်းနှင့် ထင်ရှားသော နှာတံ၊ ဆေးနီမဆိုးဘဲ နီဆွေးနေသော နှုတ်ခမ်း၊ သူမမျက်နှာက မိန်းကလေးချင်း ပင် နှစ်ခါပြန်ငေးကြည့်ရအောင် လှပသူလေးဖြစ်သည်။ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ဆန်ဆန်၊ အကျီကော်လံနှင့် ရှပ်လက်တိုကို ထဘီအပြင်ထုတ်ကာ ဝတ်ထားသော်လည်း ကျော့ရှင်းသော သူမ၏ ခန္ဓာကိုယ်အလှက ပေါ်လွင်၍နေလေသည်။

ဤတက္ကသိုလ် ကျောင်းသားလောကတွင် ခက်ခက်ကိုမှ လိုချင်သူတွေပေါလှ၏။ သို့သော် ဆွတ်ခူးရန်ခက်သည့်ပန်းကို ဘယ်သူမှ တုံးခုကာ မလှမ်းနိုင်သေးချေ။ ခက်ခက်က သူ့လက်ထဲက ဒင်္ဂါးစေ့ကလေးကို လေထဲကို တောက်ထုတ်လိုက်သည်။ ဒင်္ဂါးပြားလေးက နေရောင်တွင် တစ်လက်လက်ဖြစ်ကာ ကောင်းကင်ဆီ ထိုးတက်သွား၏။ အရှိန်ကုန်သောအခါ အောက်သို့ ပြန်ကျလာသည်။ အာရုံစိုက်ကြည့်နေစဉ်မှာပင်. . .

ခက်ခက်က လေထဲကပြန်ကျလာသော ဒင်္ဂါးပြားလေးကို လက်ဝါးဖြန့်ခံကာ ကျင်လည်စွာဖမ်းယူလိုက်သည်။ သူကအားလုံးမြင်သာအောင် လက်သီးဆုပ်ကို ဖြန့်ပြလိုက်၏။ လက်ဝါးပေါ်တွင် ဒင်္ဂါးပြားလေး၏ "ပန်း" ဘက်က ထင်ရှားပေါ်လွင်နေသည်။

"မျိုးမျိုး ရှုံးပြီ"

အားလုံးက မျိုးမျိုးကိုကြည့်ကာ ပြုံးလိုက်ကြ၏။ ရှုံးသူက ဒီနေ့စားသမျှ သောက်သမျှကို ဒကာခံကာ ငွေရှင်းရမည်။ သူတို့အလောင်းအစားလုပ်ကာ ခေါင်းပန်းလှန်၍ လူရွေးနေကြခြင်းဖြစ်သည်။ သူတို့အထဲတွင် အသားအညိုဆုံးဖြစ်သလောက် နှုတ်သွက်အာသွက်ရှိသော မျိုးမျိုးက

"ဟာ. . . ဒုက္ခပဲ ငါဒီနေ့ ပိုက်ဆံအိတ်ပါမလာဘူး"

ဟု အိုက်တင်နှင့်ပြောလိုက်တော့ အားလုံး "ဟေး" ကနဲ မှကျေမနပ်ဆူညံသွားသည်။





"နင်မညစ်နဲ့နော်"

"ဟုတ်တယ်၊ သူများကျွေးတုန်းက စားပိုးနင့်အောင်လိုက်စားနေပြီး. . . ကိုယ့်အလှည့်ကျမှ. . ."

တစ်ယောက်တစ်ပေါက် လက်ပံပင်ဆက်ရက်ကျသလို ဝိုင်းညံကြသည်။ မျိုးမျိုးလက်မြှောက်သွားသည်။

"ကဲပါဟယ်. . . ပိုက်ဆံမပါလည်း ငါချေး ကျွေးပါ့မယ်"

"ကောင်မ. . . ရှုပ်စရာတွေမပြောနဲ့. . ."

"ငါက ခက်ခက်ဆီက ပိုက်ဆံချေးပြီး ကျွေးပါ့မယ်လို့ပြောတာ"

"အေးလေ. . . ဒါဆိုရင် ငါကလည်းချေးပေးရဦးမှာပေါ့"

ခက်ခက်က အပြုံးနှင့်ပြောသည်။ ပြီးတော့ သူငယ်ချင်းတစ်စုစားသောက်ဆိုင်ဘက် လျှောက်လာခဲ့၏။ ထိုအချိန်မှာပင် သူတို့အနားကို ငနဲတစ်ကောင်ကုတ်ချောင်းချောင်း ကပ်လာသည်။ ထိုသူကားသူရဲကောင်းလှဦးမင် ဖြစ်သည်။

ခက်ခက်နှင့် သူ့အပေါင်းအသင်းတွေအကြောင်း လှဦး ကောင်းကောင်းသိသည်။ ဒီအုပ်စုနှင့်တွေ့ပါက သူတို့၏ ဟောက်လုံး ခြောက်လုံးနှောက်လုံး၊ ဘောက်လုံးများအကြားဝယ် တော်ရုံယောကျ်ားလေးများသည် သွေးပျက်၍ပင် လန့်သွားနိုင်ဖွယ်ရှိသည်။ သို့သော် လှဦး သည်သူ့ရင်ထဲက အသည်းနှလုံး၏ အတင်းရော၊ အဓမ္မရော တိုက်တွန်းလှုံ့ဆော်မှုကြောင့် မရှိသောသတ္တိကို အရဲကိုးကာ မိန်းကလေးအုပ်ကြားဖွတ်တိုးဝင်လိုက်ရင်း. . .

"ဒီမယ်. . . ဒီမယ်. . ."

သူတို့အုပ်စုက ခြေလှမ်းတုန့်ကနဲရပ်သွားကာ လှဦးကို အင်မ



www.burmeseclassic.com

www.burmeseclassic.com



တန် အပြစ်ကင်းစင်သော မျက်လုံးများဖြင့် ကြည့်လိုက်ကြသည်။ ခက်ခက်ကတော့ ရိုးသားသော သိုးမကလေးတစ်ကောင်၏ မျက်နှာမျိုးဖြင့်

"ကျွန်မကိုခေါ်တာလား. . ."

လှဦးအားတက်သွားကာ သူ့လွယ်အိတ်ထဲက စာအိတ်ကလေးကို ထုတ်လိုက်ရင်း . . .

"ဟုတ်တယ်. . . ဒီစာကလေးယူသွားပါလားဟင်"

"ဘာစာလဲ. . ."

ဘာမှနားမလည်သော မျက်နှာမျိုးဖြင့် မေးနေပြန်၏။ လှဦးက မျက်နှာကို အချိုသာဆုံးပြုံးကာ

"ဟိုလေ. . . ရည်းစားစာပါ ခင်ဗျားကိုချစ်တဲ့အကြောင်း ရေးထားတဲ့စာပါ"

ခက်ခက်ကြာရှည်ဟန်မဆောင်နိုင်။ သူ့မျက်နှာပေါ်တွင် သရော်သောအပြုံးတစ်ခုပေါ်လာကာ ဘေးကအပေါင်းအသင်းများဘက် လှည့်ကြည့်ရင်း. . .

"ငါ့ကိုချစ်လို့တဲ့ဟေ့. . ."

"ဝါး. . ."

မျိုးမျိုးတို့တစ်သိုက် ပြိုင်တူပင် ရယ်လိုက်ကြ၏။ လှဦးမှာ လိပ်ပြာလွင့်မတတ်ဖြစ်သွား၏။ သို့သော် တော်ပါသေးသည်ဟု ဆိုရမည်။ ခက်ခက်က လှဦးလက်ထဲက ရည်းစားစာကို ဆတ်ကနဲဆွဲယူလိုက်သည်။ လှဦးအတွက်ပျော်လိုက်ရတော့မလား၊ ဝေခွဲမရဖြစ်နေသည်။





ခက်ခက်က သူ့အိတ်ထဲက ကျပ်တန်ကလေးတစ်ရွက်ကို ထုတ်ကာပေးသည်။ လှဦးက နားမလည်နိုင်စွာဖြင့်

"ဘာလုပ်တာလဲဟင်. . ."

"အော် . . . ရှင့်ကို ကျေးဇူးတင်လို့ ကျေးဇူးတုန့်ပြန်တာပါ"

ကျပ်တန်ကလေးယူကာ ငိုင်နေသော လှဦးအား မျိုးမျိုးက

"ရှင်စားချင်တာဝယ်စားပေါ့. . . ဒီပိုက်ဆံနဲ့မလောက်ရင်တော့ လှည်းတန်းမီးပွိုင့်တို့၊ ကုက္ကိုင်းမီးပွိုင့်တို့မှာ သွားတောင်းပေါ့"

ဝါးကနဲ ရယ်သံ ဆူညံသွားပြန်၏။ ပြီးတော့ ရယ်သံမဆဲခင်မှာပဲ လှဦးကို ကျောခိုင်းထွက်ခွာသွားကြလေသည်။ လှဦးသည် လမ်းပေါ်တွင် ငုတ်တုတ်ရပ်ကာ ကြက်သေသေကျန်ခဲ့သည်။ သူ့အလှောင်ခံလိုက်ရသည်။

လူကိုလှောင်ချင်လှောင်ပါ။

အချစ်ကိုမလှောင်ပါနဲ့။

အချစ်ဆိုတာ လှောင်ကောင်းသောအရာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

ဘုတ်ကနဲ အသံမြည်သွားသည်။

မတ်တပ်ရပ်လျက်ကနေ လေးလံသောလွယ်အိတ်ကို လှဦးက သူငယ်ချင်းတစ်စုထိုင်နေသော စားသောက်ဆိုင်စားပွဲပေါ် ပစ်ချလိုက်ခြင်းဖြစ်သည်။ ရုတ်တရက်ဖြစ်သောကြောင့် စားပွဲခုံတွင် ဝိုင်းဖွဲ့ထိုင်နေသော သီဟတို့တစ်သိုက် လန့်၍သွားသည်။ မောင်မောင်အေးက အခြောက်တစ်ယောက်ဟန်ပန်လေသံကိုလုပ်ကာ

"ဘယ်လိုလုပ်လိုက်တာလဲ လှအူရယ်. . . ငါတို့အသည်းငယ်တတ်တာသိရဲ့သားနဲ့"

လှဦးက စိတ်ပျက်လက်ပျက်အမူအယာဖြင့် လေးကန်စွာထိုင်လိုက်ရင်း. . .

"ခွင့်လွှတ်ပါသူငယ်ချင်းတို့ရာ. . . ငါအရမ်းအရမ်း ခံစားလာရလို့ပါ"

"ဘာလဲ. . . နာတာရှည်ဖြစ်နေတဲ့ မင်းအဘွားဆုံးသွားလို့လား . . ."





"ဖွဟဲ့. . . လွဲပါစေ. . . ဖယ်ပါစေ. . . ငါ့အဘွားသေရင် ငါက ဒီလိုနေမလားဟ. . ."

"ဘယ်လိုနေမှာလဲ. . ."

"အို. . . အမွေရတော့မယ်ဆိုပြီး ပျော်လို့ထကနေမှာပေါ့. ."

သီဟက ဝင်နှောက်လိုက်ပြန်ပါသည်။ လှဦးက စိတ်ညစ်သော အမူအယာဖြင့်

"မင်းတို့ကိုတွေ့တာနဲ့ လွမ်းစရာတွေတောင်ပျောက်ကုန်ပြီ. . . ခွေးကောင်တွေ"

သူတို့အုပ်စုက ပျော်ပျော်ပါးပါးနေတတ်သော လူငယ်တွေဖြစ်သည်။ အရာရာကို ရယ်မောစရာရှုထောင့်ကသာ ကြည့်ရှုခဲ့ကြသည်။ ဒီတော့မှ သီဟက

"မင်းပုံစံမြင်တာနဲ့ တို့ကသိပြီးသားပါ. . . မင်းကိုတမင် စနေတာ. . . ကဲ. . . ပြော. . . ဘယ်ကောင်မလေးဆီက ဆန်ပြုတ် ဖြစ်လာတာလဲ. . ."

ဆန်ပြုတ်ဆိုတာ ဆုတ်ပြန်ခဲ့ရတာကိုစကားလိမ်ဖြင့် ဆိုလိုက်ခြင်းဖြစ်သည်။ ဒီတော့လှဦးက သူနှင့်ခက်ခက်ဆုံခဲ့ရပုံကို ပြန်ပြောပြလိုက်၏။

"မင်းတို့စဉ်းစားကြည့်ကွာ. . . ဒါရယ်စရာလှောင်စရာ ကိစ္စလား. . . ငါဘယ်လောက်ခံစားခဲ့ရလဲ"

သောင်းတင်က

"အော်. . . လှဦး. . . လှဦး. . . လှအူပြောတော့လည်း မခံချင်ဘူး ခက်ခက်ဆိုတာ ဘယ်လိုကောင်မလေးလဲ မင်းမသိဘူးလား၊ သူ့ကို ရည်းစားစကားလိုက်ပြောတဲ့လူ၊ စာလိုက်ပေးတဲ့လူတွေကို ငွေညှစ်ကျပ်



www.burmeseclassic.com

www.burmeseclassic.com



စီ ပြန်ပြန်ပေးတာ တစ်လကို ရာတန်တစ်ရွက် အကြွေဖြတ်ထားတာ တောင် မလောက်ဘူးတဲ့. . ."

ဆေးပေါ့လိပ်ကိုလက်ကြားညှပ်ရှိုက်ဖွာကာ သီဟာက ရှုတည်တည် ကြည့်ရင်း . . .

"အေးကွာ. . တစ်ဆယ်လောက်ပေးရင်လည်းမဆိုးဘူး . "

"ဘာမဆိုးရမှာလဲကွ"

"ဒီကောင်မလေးကို သုံးခါလောက်စာလိုက်ပေး ငွေသုံးဆယ်ရ ယင် ခေါက်ဆွဲကြော်လောက်တော့ စားလို့ရတယ်မဟုတ်လား"

သူ့စကားကြောင့် လှဦးက ရှုံ့မဲ့ကာ၊

"တော်စမ်းပါ သီဟရယ် မင်းဟာ စာနာရကောင်းမှန်းမသိဘူး . . . ငါဘယ်လောက်ခံစားနေရတယ်ဆိုတာ မင်းမသိဘူးလား. . . "

"ခံစားရအောင် မင်းဟာ ရဟန်းဝတ်နဲ့လဲမဟုတ်ဘူး. . "

ဆွမ်းခံစားသည်ကို ရည်ရွယ်ကာ မောင်မောင်အေးက နောက်လိုက်တာ လည်း လှဦးသည်ဟန်ဆောင်ရယ်မောခြင်းအမှုကိုပင် မပြုနိုင်။ ဒီတော့ သီဟာကသနားသွားပုံရ၏။ သူတို့အုပ်စုထဲတွင် ဒီကောင်က ရုပ်အဖြောင့် ဆုံးဟုဆိုရမည်။ အသားဖြူဖြူ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ ပြီးတော့ ယောကျ်ားပီသသော ခန္ဓာကိုယ် အချိုးအစားလည်းရှိသည်။ သီဟာက

"ဟုတ်တော့ ဟုတ်တယ်ကွာ၊ အပျော်အပျက်သမားဆိုရင်တော့ ကိစ္စမရှိဘူး၊ သူ့ကို တကယ်လေးလေးနက်နက်ချစ်တယ်ဆိုတဲ့ သူတွေကို တော့ ဒီလို မဆက်ဆံသင့်ဘူး"

"ဒါပေါ့. . . ဒါပေါ့"





လှဦးက သွက်လက်စွာ ထောက်ခံလိုက်သည်။

"မင်းတို့ပဲ စဉ်းစားကြည့်လေ။ တစ်ဖက်ကလူ ဘယ်လောက် ခံစားသွားရမလဲ။ တော်တော်ခံရမယ်။"

"ခက်ခက်ကို သွားစရင်တော့ ဒီလိုခံရမှာပဲ။ နောင်လဲခံရမယ့် လူတွေ ပေါ်ထွန်းလာဦးမယ်"

သီဟာက မျက်မှောင်တစ်ချက်ကြုတ်ကာ

"ဒီတော့ ဒီကောင်မလေးကို ပညာပေးရမယ်"

သောင်းတင်က ပြာပြာသလဲ တားမြစ်သည်။

"ဟာ. . . မလုပ်နဲ့ . . . မလုပ်နဲ့"

"ဘာလဲ"

"အင်း ကျောက်ခဲကို ဆီညှစ်သလို ဖြစ်နေမှာပေါ့ ဒီကောင်မ လေးရင်မကဘူး သူ့ဘေးကဟာတွေကလဲ ကြက်တူရွှေးနဲ့ ကျီးကန်းစပ် ထားတဲ့အထဲမှာ သာလိကာက ကြားကဝင်ဆွဲသလိုပဲ တော်ရုံ ငန်တော့ ဖျားပြီး ဖြုံသွားမယ်"

"မင်းတို့ ငါ့ကို ဘာမှ မကျွေးကြဘူးလား"

လှဦးက စကားဖြတ်ကာ မဆီမဆိုင်ပြောသည်။ သီဟာက

"မင်းဟာ မင်းဖီလင်နဲ့မင်းဖြစ်နေတာလေ"

"ဖီလင်ကတခြား ဆာတာကတခြားကွာ၊ ဖီလင်က နှလုံးသား ထဲမှာဖြစ်တာ၊ ဆာတာက အစာအိမ်ထဲမှာဖြစ်တာ။ အစာအိမ်နဲ့ နှလုံး သားက အဝေးကြီး"

နောက်တော့ အချစ်အလွမ်းသမားလေး လှဦးသည် ဆီချက် ခေါက်ဆွဲတစ်ပွဲကို ခေါင်းမဖော်အောင် ကြိတ်လျက်ရှိ၏။ သီဟာက



www.burmeseclassic.com

www.burmeseclassic.com



"မင်းဇော်တစ်ယောက်ရော ဒီကောင်ဘာလို့ ကျောင်းမတက်တော့တာလဲ၊ ရှေ့အပတ်ထဲမှာ ကျူတိုရီရယ်ရှိတယ်မဟုတ်လား"

ပျောက်ဆုံးနေသော သူငယ်ချင်းကို အမှတ်တရမေးလိုက်၏။ ဒီအုပ်စုထဲမှာ သူတို့နှစ်ကောင်အခင်ဆုံး။ မောင်မောင်အေးက

"တို့လဲမသိဘူး၊ သိချင်ရင် မင်းသူ့အိမ်လိုက်သွား"

^ ^ ^



# အခန်း (၂)

မင်းဇော်ဒီနေ့မှာ ကျောင်းစတက်ဖြစ်သည်။ အဓိပတိလမ်းအတိုင်း လှဦးတို့တစ်စုနှင့်လျှောက်လာစဉ် သောင်းတင်က . .

"မင်းကို သီဟက မေးနေသေးတယ်။ ဘာလို့ကျောင်းမတက်တာလဲလို့"

"အိမ်မှာလဲ ငါ့မှာ မအားဘူးကွာ၊ အဖေကလဲ ညနေဆို မူးမူးနေသေးတယ်"

ဘေးမှ မောင်မောင်အေးက စိုးရိမ်တကြီးလေသံဖြင့်

"ဆရာဝန်ပြကြည့်ဖူးလား၊ သွေးပေါင်လေးဘာလေးလဲချိန်ကြည့်ဦး"

"ငါ့အဖေက တစ်နေ့လုံးအကောင်း၊ ညနေလေးနာရီကျော်မှ မူးတာပါကွာ။ တနေ့က သူမူးမူးနဲ့ မောင်းလာတဲ့မော်တော်ကားတောင် ဝင်းထရံဝင်တိုက်မိသေးတယ်" ဒီတော့မှ ဘေးကလူတွေက ပိုင်းရယ်ကြ



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က အဟုတ်မှတ်လို့နားထောင်နေတာ၊ မင်းအဖေမူးတာ အမူးကောင်းပဲ"

"နောက်ဆို အမူးဖော်ရအောင် တို့လဲခေါ်ပါလို့ပြောထား"

သူတို့ရယ်လိုက်ကြပြန်သည်။

မင်းဇော်သည် သူတို့အုပ်စုထဲတွင် ဂျိုကာတစ်ကောင်ဟု ဆိုရလောက်အောင် အနောက်အပြောင်သန်သူဖြစ်သည်။ သူ့ဘဝအဘိဓမ္မာက ပျော်ပျော်နေသေခဲ ဖြစ်သည်။ သူရောက်လာလျှင် တစ်ဝိုင်းလုံးရယ်မောစိုပြေနေတတ်သည်။ သူတို့လျှောက်လာတုန်း သူတို့နောက်က ခပ်သွက်သွက်လျှောက်လာသော မိန်းကလေးတစ်ယောက်က တိုးတိုက်ဖြတ်သန်းရင်း ကျော်တက်သွား၏။

သူတို့လေးယောက်က ရင်ပေါင်တန်းကာ စုဝေးလျှောက်လာကြတော့ လမ်းပိတ်ထားသလိုဖြစ်နေသည်။ နောက်ကလူက ကျော်တက်ချင်ရင် အနည်းဆုံး ယဉ်ကျေးပျူငှာစွာ လမ်းဖယ်ပေးခွင့်တောင်းသင့်၏။ အခုတော့. . .

ကြည့်လိုက်တော့ မိန်းကလေးတစ်ဦး ပြီးတော့ ခက်ခက်တို့အုပ်စုထဲက နှုတ်ခပ်စွာစွာ မျိုးမျိုးဖြစ်နေ၏။ သောင်းတင်က မခံချင်ဖြစ်သွားကာ၊ ကျော်ခိုင်းလျှောက်သွားသော မျိုးမျိုးအား လှမ်းအော်ပြောင်လိုက်၏။

"ဟေ့. . . ဟေ့. . . ဘယ်လိုဖြစ်နေတာလဲ၊ ဘာကြောင့်ဒီလောက်အလျင်လိုနေတာလဲ။ အိမ်ကဟင်းတွေ ခွေးတက်စားသွားမှာ စိုးလို့လား"

"ဟုတ်တယ် နင်တို့စားသွားမှာ စိုးလို့"

မျိုးမျိုးက အချက်ကျကျ ပြန်နှက်လိုက်တော့ သောင်းတင်ပါးစပ်က 'ကိန်' ကနဲ အသံထွက်သွား၏။ ကိုယ့်အလုံးနှင့်ကိုယ်ခံရခြင်းဝင်။ လှဦးက





အနာပေါ်တုတ်ကျသလို. . .

"ဟာ. . ဟာ ငါတို့ကို သက်သက်စော်ကားသွားတယ်ကွ"

ဟု လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောလိုက်သည်။

မောင်မောင်အေးက

"မင်းဇော် မင်းဒီအတိုင်းကြည့်နေလား"

"ငါ. . . ဒီဂရီမျက်မှန်ထဲက ကြည့်နေတာပါ"

"ဒါပြောတာမဟုတ်ဘူးကွ၊ ငြိမ်ခံနေတာကို မေးတာ၊ မင်းဇော်ရာဇဝင် အရှိုင်းမခံနဲ့"

"ဟုတ်တယ်. . ကျောင်းအဖွင့်လေး အစွမ်းအစပြလိုက်ပါဦး"

တစ်ယောက်တစ်ပေါက် မြှောက်ပေးကြသည်။ ဒီတော့ မင်းဇော်နားယောင်သွား၏။

"ဟုတ်တယ်. . . မင်းဇော်အကြောင်း ပြရသေးတာပေါ့။ မင်းဇော်တဲ့ တစ်ဇော်ပဲ ရှိတယ်"

ပြောပြောဆိုဆို ရှေ့ထွက်လျှောက်ကာ မျိုးမျိုးနောက်ကို မင်းဇော်က ခြေလှမ်းအကျဲကြီးတွေနှင့်လှမ်းလိုက်သွား၏။ အရပ်ကြီးကလန်ကလား၊ ခြေတန်ရှည်ရှည်နှင့်မင်းဇော်မှာ ရုတ်တရက်ကြည့်လျှင် ဗျိုင်းမဲကြီးတစ်ကောင်နှင့်တူ၏။ ရှည်လျားသည့်အရပ်နှင့် လိုက်လျောညီထွေရှိရမည့်ကြွက်သားတွေက မင်းဇော်ခန္ဓာကိုယ်တွင်မရှိ။ ဒါကြောင့် ဒန့်ဒလွန်သီးကို ပုဆိုးအကျီဝတ်ပေးထားသည်နှင့်တူ၏။

သူက ဒီဂရီမျက်မှန်ကိုင်းအနက်နှင့် လွယ်အိတ်တစ်လုံး အမြဲလွယ်ထားရာ၊ မအောင်မြင်သေးသော ကဗျာဆရာနှင့်တူသလိုလိုရှိသည်။ သူက မျိုးမျိုးအနားကို ကပ်သွား၏။ မျိုးမျိုးက ငဲ့စောင်း၍ပင်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်။ သူရှိကြောင်းအသိအမှတ်ပြုပုံမပေါ်။ မင်းဇော်က စတင်ကာ တိုက်စစ်ဆင်ရတော့သည်။ သူ့ပါးစပ်ကသူတစ်ယောက်တည်း ရေရွတ်နေသလိုလို

"ဟောဟော. . . ငါ့နားကိုင်နဲ့တစ်ကောင်တော့ ကပ်လာနေပြီ ကြွေးသိက္ခာနဲ့ နေမှလို့ တွေးနေတယ်မဟုတ်လား"

မျိုးမျိုးက ဘာမှမတုံ့ပြန်။ မင်းဇော်က ဆက်သည်။

"ဒီနေ့မှ ဟိုကောင်မတွေ့ကလဲ ဘယ်ရောက်နေလဲမသိဘူး။ ငါတစ်ယောက်တည်း ဘယ်လောက်ဒုက္ခခံရဦးမယ်မသိဘူးလို့ တွေး နေတယ်မဟုတ်လား"

မျိုးမျိုးနည်းနည်းတော့ ဖြုံသွားသည်။ သူတွေးတာတွေ ဒီငနဲ ဘယ်လိုလုပ်ရိပ်မိနေတာလဲ။ သူ့အရိပ်အကဲကို မျက်ခြည်မပြတ် ကြည့်နေတာတွေ့ရသည်။ ဘာပဲဖြစ်ဖြစ် ဟန်ကိုယ့်ဘို့တဲ့။ အားတင်းထားမှ တွေးရင်းလျှော့ကျနေတဲ့ ပုခုံးကလွယ်အိတ်ကြိုးကို ဆွဲတင်လိုက်သည်။ သူ့အမူအယာကိုကြည့်ကာ မင်းဇော်က

"ဟော. . ဟော. . အားငယ်နေတဲ့စိတ်ဓာတ်ကို အားတင်းပြီး လွယ်အိတ်ကြိုးကလေးကို တင်းလိုက်တယ်"

ကြာရင်တော့ခက်တော့မည်။ မျိုးမျိုးက ပတ်ဝန်းကျင်တွင် မျက်စိဝေ့ဝဲကာ ခက်ခက်တို့အုပ်စုကို ရှာကြည့်၏။ ကံဆိုးချင်တော့ အရိပ်အယောင်မှ မတွေ့။ မင်းဇော်ကား. . . .

"ဟော. . ဟော. . . ဟိုဟိုဒီဒီကြည့်တယ်ခင်ဗျ။ အားကိုးဖို့ တစ်ယောက်ယောက်ရှိရင် ကောင်းမှာပဲ။ ဒါပေမယ့် တစ်ယောက်မှ မရှိဘူးခင်ဗျာ. . .။ ဟော. . . မာန်တင်းလိုက်ပြန်ပြီ. . ."





မျိုးမျိုးကိုယ်တိုင် သူ့စကားကို စိတ်ဝင်စားစပြုလာသည်။ မင်းဇော် စကားပြောပုံကိုက တစ်မျိုး သူတစ်ဦးတည်းနှင့် ယောကျ်ားလေသံ ပြောင်းလိုက်၊ မိန်းကလေးလေသံပြောင်းလိုက်၊ နွဲ့နွဲ့တစ်မျိုး မာမာတစ်မျိုး။

"ဟော. . . ဟော. . .။ မာန်တင်းလိုက်ပြန်ပြီ။ ဒီကောင် ဒို့ထက် ကြောင်လာရင်တော့. . .။ တောမှာသွားပြော. .။ ကြောင်လှချည်လား၊ လဲသေလိုက်၊ ပါးရိုက်ခံရမယ်" (မိန်းမတစ်ယောက်လေသံဖြင့် ပြောခြင်းဖြစ်သည်။) ပြီးမှ လေသံပြောင်း၍ . .

"ဒီစကားလုံးတွေထဲက တစ်လုံးလုံးပြောမယ်လို့ တွေးနေတယ် မဟုတ်လား. . ."

မင်းဇော် ပြောပုံဆိုပုံက ရယ်စရာဖြစ်နေသဖြင့် မျိုးမျိုးဟန် မဆောင်နိုင်ပဲ ပြုံးရယ်လိုက်မိသည်။

မင်းဇော် စောင်းငဲ့ကြည့်ကာ။

"ငါတွေးတာတွေ အားလုံး ဒီကောင်သိနေပါလား။ ဒို့ထက် အရောဝင်လို့မရဘူး။ ခပ်တည်တည်နေမှ ဟောသူပြန်တည်သွားပြီ"

မျိုးမျိုးက ခေါင်းမော့လည်ဆန့်ကာ ဟိုဟိုဒီဒီကြည့်ပြန်သည်။ မင်းဇော်ကား. .

"ရှာ. . ရှာ. . . ငါ့ကိုအခုနေ ကူညီမယ့်လူရှိရင် သိပ်ကောင်းမှာ. . . ဟုတ်တယ်မဟုတ်လား. . ."

မျိုးမျိုး ရပ်ကာ မင်းဇော်နှင့် မျက်နှာချင်းဆိုင်လိုက်၏။

"ရှင်က ကျွန်မစိတ်ထဲရှိတာတွေ အကုန်သိနေပါလား. . ."

"ဟုတ်တယ်ခင်ဗျ. . ."



www.burmeseclassic.com

www.burmeseclassic.com



မင်းဇော်က ခပ်ဖြည်းဖြည်း ကြောင်တောင်တောင်မျက်နှာ ဖြင့် ပြောသည်။ မျိုးမျိုးက. . .

"ဒါပေမယ့် ရှင်မသိတာ တစ်ခုရှိသေးတယ်. . ."

"ဗျာ. . . ဘာများလဲ. . ."

"ရော့. . . ဒါလေးခဏကိုင်ထား"

မျိုးမျိုးက သူ့လက်ထဲက ထမင်းချိုင့်ကို မင်းဇော်ကိုပေးသည်။ မင်းဇော်က ထမင်းချိုင့်ကိုင်ထားလိုက်လေသောအခါ. .

မျိုးမျိုးက အားသွားသော သူ့လက်နှစ်ဖက်ဖြင့် စာအုပ်များကို ဆုပ်ကိုင်ကာ မင်းဇော်ခေါင်းကို တဖုံးဖုံးရိုက်လိုက်၏။ မင်းဇော်မှာ ရုတ်တရက်အငိုက်မိကာခံလိုက်ရသည်။ ရိုက်ပြီးသည်နှင့် မျိုးမျိုးက မင်းဇော်လက်ထဲက ထမင်းချိုင့်ကိုပြန်ယူကာ ကျောခိုင်းထွက်ခွာသွားလေသည်။ ဒီတော့မှ မင်းဇော်အပါးကို သူငယ်ချင်းတွေက ပြေးလာကြ၏။

"သူငယ်ချင်းမင်းဇော် ဘယ်နာသွားသလဲ. . ."

ဆိုကာ ကျောပွတ် ဖင်ပွတ် ပွတ်ကြ၏။ မင်းဇော်က. .

"ဟေ့ကောင်တွေ. . . ငါအရိုက်ခံလိုက်ရတာက ခေါင်းကွ. . ."

"ဘယ်လိုလဲ မင်းဇော် မင်းပဲခံလိုက်ရတယ်မဟုတ်လား"

သို့သော် မင်းဇော်က ပင်ကိုယ်သဘောကောင်းသူပီပီ အပြုံးမပျက်။

"နေပါစေကွာ. . . သူ့သူငယ်ချင်းတွေနဲ့တွေ့ရင် ကောင်မလေးလဲ ရယ်စရာပြောဖို့ အကြောင်းအရာတစ်ခုရလိုက်တာပေါ့. . ."

ဘေးက မောင်မောင်အေးက. . .





"ဒါပဲကွ. . မင်းဇော်. . ဒါက ကျောင်းအဖွင့်နိဒါန်းအစပဲရှိသေးတယ်. . ."

ဤနိဒါန်းအစသည် သူ့ဘဝတွင် အင်မတန်အရေးပါလှသော မျက်ရည်ဖြင့် ဖွဲ့သည့် ပျက်လုံးတစ်ပုဒ်ဖြစ်လာလိမ့်မည်ဟု ထိုစဉ်က မင်းဇော် ကိုယ်တိုင်ပင် တွေးမထင်ခဲ့မိပါချေတကား. . .။



www.burmeseclassic.com

www.burmeseclassic.com

မကောင်းသောကံသည် တစ်ကိုယ်တည်းမလာ။ အပေါင်းအဖော်နှင့် လာလေ့ရှိသည်။ ထုံးစံအတိုင်း ကန်တင်းလက်ဘက်ရည်ဆိုင်တစ်ဆိုင်မှာ သီဟထိုင်ကာ၊ ပေါ့ကျလက်ဘက်ရည်တစ်ခွက်သောက်သည်။ ဆေးရေပေါ့လိပ်တိုကို ရှိုက်ဖွာရင်း သူငယ်ချင်းတွေကို မျှော်သည်။ တစ်ကောင်မှ ရောက်မလာ။ ဒီတော့ ကျောင်းထဲဝင်ရန်ပြင်သည်။

သူထိုင်ရာကထသည်၊ ပိုက်ဆံအိတ်ကို စမ်းသည်။ သူက ပိုက်ဆံအိတ်ကို ဂျင်းဘောင်းဘီအနောက်အထဲတွင် ထည့်ထားနေကျ။ အင်္ကျီအိတ်ထဲတွင်တော့ ထည့်လေ့မရှိ။ အင်္ကျီအိတ်လေးကာ တွဲကျနေတာ သူသဘောမကျ။ သူ့လက်များက ပြားချပ်ချပ်ဘောင်းဘီအိတ်ကို စမ်းမိတော့ ရင်ခုန်သွားသည်။ ဘောင်းဘီအိတ်ထဲတွင် ဘာမှမရှိ။

ခေါင်းကို အလျင်အမြန် အလုပ်ပေးလိုက်၏။ ကိစ္စမရှိ။ ဘောင်းဘီအိတ်ထဲတွင်မရှိလျှင် လွယ်အိတ်ထဲတွင် ရှိလိမ့်မည်။ တစ်ခါတစ်ရံ သူက ပိုက်ဆံအိတ်ကိုလွယ်အိတ်ထဲလည်း ထည့်ထားတတ်၏။ သို့သော် လွယ်အိတ်ထဲ လက်နှိုက်ကာ စမ်းပါသော်လည်း ပိုက်ဆံအိတ်





နှင့်တူတာတောင်မစမ်းမိ။ သေချာအောင်သူက လွယ်အိတ်ကိုရှေ့ကစားပွဲပေါ် မှောက်သွန်ချလိုက်သည်။ သူ ချွေးပြန်စပြုလာပြီ။

လွယ်အိတ်ထဲက စာအုပ်များစားပွဲပေါ် အကုန် ကျလာသည် စာအုပ်၊ ဆေးပေ့ါလိပ်၊ မီးခြစ်၊ ဘော့ပင်။ သို့သော် ပိုက်ဆံအိတ်မပါ။

သူခေါင်းနားပန်းကြီးသွားသည်။ သူဆောင်ရွက်နေသမျှကို အနားက နားမလည်နိုင်သလို ငေးကြည့်နေသော စားပွဲထိုးချာတိတ်ကို. .

“မင်းတို့ဆိုင်ရှင် ရှိသလား”

“ရှိပါတယ်. . . ကောင်တာမှာ”

“အေး. . ငါသူနဲ့ ရှင်းလိုက်မယ်”

သူက ရှေ့မျက်နှာနောက်ထားကာ ဆိုင်ရှင်ထံ လျှောက်သွားသည်။ ဆိုင်ရှင်က ခပ်ဝဝလူရွယ်တစ်ယောက်ဖြစ်ကာ မျက်နှာက အပြုံးအရယ်ခပ်တည်တည်ရှိနေ၏။ စီးကရက်လိပ်များကို ဗူးကလေးထဲခွဲဝေထည့်ရင်းအလုပ်ရှုပ်နေ၏။ သူ့ကိုလှည့်၍မှ မကြည့်။ ဒီလိုအလုပ်မျိုးအရင်က သီဟမလုပ်ဘူးခဲ့။ ဒီတော့ အနည်းငယ်တော့ရှက်ရွံ့နေသည်။

“ဒီမယ်ခင်ဗျ. . . ဈေးရောင်းကောင်းသလား. . .”

သူက မျက်နှာချိုသွေးလိုက်သော်လည်း ဆိုင်ရှင်က ပျော့ပြောင်းမလာ။

“မဆိုးပါဘူး”

သံပြတ်နှင့် တုံ့ပြန်လာ၏။ သူက ဒုတိယအဆင့်တက်လိုက်လေသည်။

“ကျွန်တော် လက်ဘက်ရည်တစ်ခွက်သောက်ထားတယ်ခင်ဗျ။ အဲဒါ ပိုက်ဆံရှင်းမယ်လုပ်မှ ပိုက်ဆံအိတ်ခါးပိုက်နှိုက်ခံရတာ သိရ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒီတော့. . .”

ဆိုင်ရှင်က သူ့စကားဆုံးအောင်မစောင့်။ ကောင်းကောင်း အထာပေါက်ပုံရသည်။

“အဲဒီလို ပုံပြင်တွေက ရှိုးနေပါပြီကွာ။ ပိုက်ဆံမပါရင် မပါဘူး ပြော. . .”

သူ့လေသံက ခပ်မာမာ၊ အထက်စီးလေသံ။ သီဟမခံချင် ဖြစ်သွား၏။ သို့သော် အခြေအနေအရ သူ့ဘက်က သည်းခံမှဖြစ်မည်။

“မပါရင် မပါဘူး ပြောသောက်သွားကွာ။ နောက်တစ်ခါတော့ ဆိုင်ရှေ့က ဖြတ်မလျှောက်လေနဲ့။ တို့က အော်ဟစ်တောင်းမှာ. .”

သီဟ စိတ်ဓာတ်အကြီးအကျယ်ကျသည်။ သိက္ခာလဲကျသွား လိုက်တာ ခြေမျက်စိရောက်နေပြီ။

“ကျွန်တော် ဆက်ဆက်ပြန်လာပေးမှာပါဗျာ”

ဒါပဲပြောပြီး သူထွက်လာခဲ့သည်။ ခြေလှမ်းတွေတောင် မမှန်ချင်။ ဆိုင်ရှင်က လူတစ်ယောက်ရဲ့ အခက်အခဲ၊ တကယ်တော့ နားလည် စာနာဖို့ကောင်းပါသည်။ သူ့အပေါင်းအသင်းတွေကို လျှောက်ရှာ၏။ ကျောင်းစာသင်ခန်း၊ ပြီးတော့ စားသောက်ဆိုင်တန်းများ အရိပ်အရောင် မမြင်ရ။ မြို့ထဲရုပ်ရှင်ထွက်ကြည့်ကြလေသလားမသိ။ အုပ်စုလိုက် ပျောက်ဆုံးနေပြီ။

အကုသိုလ်က တကယ့် အတုံးလိုက် အတစ်လိုက် ဝင်နေ၏။ ပိုက်ဆံအိတ်ပျောက်၊ သူငယ်ချင်းတွေ တစ်ယောက်မျှမတွေ့၊ လက်ဘက် ရည်ဘိုးမရှင်းနိုင်။ နောက်ရှိသေးသည်။ သူ့မှာ ပြန်စရာလမ်းစရိတ်မရှိ။ သူနေတာက ကျောင်းနဲ့ဝေးသည်။ သယ်န်းကျွန်းမှာ လမ်းလျှောက်ပြန်





၍မဖြစ်။ ကားနဲ့စီးပြန်ရအောင် ကားခမရှိ။ လက်ဘက်ရည်ဆိုင်ထဲတွင် တစ်ခါအရှက်ကွဲပြီးပြီ။ ကားပေါ်မှာ ထပ်အရှက်ကွဲမခံချင်။ တစ်နေ့တည်း နှစ်ခါအရှက်ကွဲသည်ဆိုလျှင်လည်း လူကြားလို့မကောင်း။

ဒါကြောင့် ဒီကောင်တွေကို ခြေတိုအောင် လိုက်ရှာနေခြင်း ဖြစ်သည်။ သူတို့ သွားတတ်သောနေရာတွေလည်းကုန်ပြီ။ ဒီတော့ လက်လျှော့ရတော့မလိုဖြစ်လာ၏။ ထိုအခိုက် သူ့ရှေ့လမ်းပေါ်မှာ လျှောက်လာသော ခက်ခက်တို့သူငယ်ချင်းတစ်သိုက်ကို တွေ့လိုက်ရသည်။ မင်္ဂလာမရှိလိုက်တာ။ မိုးသက်မုန်တိုင်းကျနေစဉ် ကောင်းကင်ပြင်၌ လင်းတင့်က် ဖြတ်ပျံတာ တွေ့လိုက်ရသလို။ သို့သော်. . .

ချက်ချင်းပင် သူ့ခေါင်းထဲ၌ အလင်းရောင်တစ်ချက် ဝင်းလက် သွား၏။ ဒီကောင်မလေးက ရည်းစားစကားလိုက်ပြောသူတိုင်းကို တစ်ယောက်တစ်ကျပ်ပေးလေ့ရှိသည်။ ဒါသူ့အတွက် ပိုက်ဆံရှာစရာ အကွက် ကောင်းပဲ မဟုတ်လား။ ပြီးတော့ သူတို့အထဲက လှဦးခံလိုက်ရတာနဲ့ ပတ်သက်ပြီး ခက်ခက်ကို သူတန်ပြန်ပညာပေးချင်နေသည်။ ဒီတစ်ခါ တော့ တစ်ချက်ခုတ်နှစ်ချက်ပြတ်ပဲ။ သူဆုံးဖြတ်ချက်ချလိုက်သည်။

ဘိုသီဘတ်သီဖြစ်နေသော သူ့ကိုယ်သူ အတန်ငယ်သပ်သပ် ရပ်ရပ်ဖြစ်အောင် ပြင်ဆင်လိုက်၏။ တွန့်ကြေနေသော အင်္ကျီစကို ဆွဲ ဆန့်သည်။ ခေါင်းကိုလက်နှင့် သပ်သည်။ ဒီလောက်ဆိုဖြစ်ပြီ။ သူ့ရုပ်က မပြုမပြင်နေသော်လည်း ယောကျ်ားတစ်ယောက်အနေဖြင့် ထိုက်သင့် သလောက် ဆွဲဆောင်မှုရှိကြောင်းသူသိနေပြီးသားဖြစ်သည်။

သူက ခက်ခက်တို့ လမ်းလျှောက်နေတဲ့ ရှေ့မှာ ရုတ်တရက် ဆိုသလို ရပ်လိုက်တော့။ သူတို့အားလုံးကြောင်သွားသည်။ “ဘာလဲ. . .



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်တာလဲ၊ ဘာကြီးလဲ" တစ်ယောက်တစ်ပေါက် ရွတ်နေတာ ကို လုံးဝဂရုမထားသည့်ဟန်ဖြင့် သီဟက. . .

ပင်လယ်အိုင်ဟာ ညဘက်မှာ ဒီရေတက်ကျသလို၊ ငှက်တိုင်းဟာလဲ သစ်ပင်တစ်ပင်မှာ နားကြရသလို. . သူက တစ်လုံးခြင်း ပီပီသသ ရွတ်နေ၏။ သူ့ပုံစံက လေးလေးနက်နက် စကားပြောနေသော ဒဿနပညာရှင်တစ်ဦးပုံစံဖမ်းထားသည်။ စကားပြောနေစဉ် စကားနဲ့လိုက်ဖက်အောင် ခန္ဓာကိုယ်ကိုလဲ လှုပ်ရှားရသေးသည်။

"မာန်တက်နေတဲ့ ကျွန်တော့်ရဲ့ နှလုံးသားဟာလဲ ခင်ဗျားဆီမှာ ခိုနားချင်နေပါပြီဗျာ"

"ဘာတွေက ပြောနေတာလဲ။ ရှင်ဘာကြောင်တာလဲ"

ခက်ခက်က ငြီးသည်။ ဘေးက သူ့အပေါင်းအသင်းတွေက လက်ပံပင်ဇရက်ကျသလို။

သီဟက သူတို့ကို လုံးဝဂရုမထားဘဲ။

"ပင်လယ်ဟာ ရတနာအပြည့်တင်ဆောင်ထားတဲ့ သင်္ဘောတွေကို စုတ်မြှုပ်ချ. . ."

သီဟ စကားဆုံးအောင် မပြောလိုက်ရ။ မျိုးမျိုးက စကားဖြတ်ကာ . . .

"ပင်လယ်မှာ ပါးစပ်ပါတယ်။ မကြားမိပါဘူး"

ဟု ဝင်ကလန့်လိုက်၏။ သီဟကအားကျမခံ

"ပါတာပေါ့ဗျာ။ ဒါကြောင့် လေးဖြူက ပင်လယ်အော်သံတို့ ပင်လယ်ရယ်သံတို့ ဆိုတာပေါ့။ ခင်ဗျားတို့ မကြားဖူးဘူးလား"

သီဟခေါင်းကုတ်လိုက်သည်။





"ခင်ဗျားတို့ ဝင်မရှုပ်နဲ့ဗျာ။ အခု ကျွန်တော့်စကားတောင် ဘယ်ရောက်သွားပြီလဲ မသိတော့ဘူး. ."

တော်ရုံတန်ရုံနဲ့ဆိုရင်တော့ ထွက်ပြေးသွားလောက်သည်။ သို့သော် သီဟကရည်ရွယ်ချက်နဲ့ ချဉ်းကပ်တာဆိုတော့ ခံနိုင်ရည်ရှိပါသည်။ သူက သူ့စကားကို ဆက်ရန် ကြိုးစားသည်။

"အဲသလို ပင်လယ်ဟာ ရတနာအပြည့်တင်ထားတဲ့ သင်္ဘောတွေကို မြှုပ်ချထား. . ."

"ဟင်! ဒါဆို နှင် နေမှာပေါ့နော်"

တစ်ယောက်က ဖေါက်လိုက်ပြန်သည်။ သူတို့ကို ဂရုစိုက်နေ၍ မဖြစ်။

"အဲသလို နှလုံးသားနဲ့အတူ ခင်ဗျားဆီပျံသန်းလာ"

"ရှင်က ပင်လယ်ငှက်လား"

တစ်ယောက်ဝင်နှောက်လိုက်ပြန်သည်။ ခက်ခက်ကတော့ ဘာစကားမှမပြောပဲ သုန်မှုန်သောမျက်နှာ၊ စူးစမ်းသောမျက်လုံးတွေနှင့် အကဲခတ်သလို ကြည့်ရှုနေ၏။ အရှိန်ပျက်သွားသော သီဟက. . .

"ဘာ. . . ခင်ဗျား ဘာပြောလိုက်တယ်. . ."

"အော်. . . ရှင့်နာမည်ပင်လယ်ငှက်လားလို့. . ."

"ကြုံကြုံစည်စည်ဗျာ၊ ဘယ်ကပင်လယ်ငှက်ရမှာလဲ. . ကျွန်တော့်နာမည်သီဟဗျ. . သီဟ. . ."

ဒီတော့မှ ခက်ခက် ပွဲထဲကိုဝင်ရောက်လာ၏။

"ကဲ. . . သီဟတွေ ပင်လယ်ငှက်တွေ လုပ်မနေနဲ့. . . အခု ရှင်ဘာလုပ်နေတာလဲ. . .။ ဘာဖြစ်နေတာလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ကျွန်တော်ချစ်တယ်. . . ပိုက်ဆံပေး. . ."

ရုတ်တရက် သီဟထံမှ ထွက်လာသော စကားက သူ့အပေါင်းအသင်းတွေသာမက၊ ခက်ခက်ကိုပါရုတ်တရက် ဆွံ့အသွားစေသည်။ ပြီးတော့ ခက်ခက်မျက်နှာက ဒေါသမီးအရိပ်အရောင်သို့ ပြောင်းလဲသွားသည်။ သို့သော် သူစိတ်ကို ချုပ်တီးလိုက်ဟန်ဖြင့် ကျပ်တန်တစ်ရွက် ထုတ်ပေးကာ. . .။

"ကဲ. . ရော့. . ရှင်သွားတော့"

"ဘယ်လိုကောင်လဲ. . ."

"အေးလေ. . . ကြောင်တောင်တောင်နဲ့"

ဘေးမှခက်ခက်သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် ပြောကြပြန်သည်။ ကျပ်တန်တစ်ရွက်ကိုင်ကာ သီဟကျန်ရစ်ခဲ့သည်။ ခက်ခက်နှင့်အပေါင်းအသင်းတွေက ကျောခိုင်းထွက်လာရင်း. . .

"ဖြစ်မှဖြစ်ရလေဟယ်. . ဘယ်လိုလူနဲ့လာတွေ့နေရသလဲ မသိဘူး. . ."

သူတို့က သီဟအဖြစ်ကို ရယ်ပွဲဖွဲ့စကားဆိုကြပြန်သည်။ သီဟက ငိုင်တွေစဉ်းစားနေသည်။ သူ့လက်ထဲမှာ ကျပ်တန်တစ်ရွက်တော့ ရောက်နေသည်။ သို့သော် ဒီကျပ်တန်တစ်ရွက်နှင့် ဘာသွားလုပ်ရမည်နည်း။ သင်္ဃန်းကျွန်းပြန်ဖို့ လမ်းစရိတ်က မလုံလောက်သေး။ ဒါကြောင့် ခက်ခက်တို့ နောက်ဘက်ခပ်သွက်သွက် ပြေးလိုက်သွားကာ ရှေ့မှ ခုန်ဝင်လိုက်သည်။

ရုတ်တရက်မို့ ခက်ခက်တို့အုပ်စုတစ်ခုလုံး လန့်ဖြန့်သွားသည်။

"အမယ်လေး. . . လန့်လိုက်တာ"





"ရှင်ဘာလုပ်ပြန်တာလဲ. . ."

သီဟက အမောတကောလေသံဖြင့်. . .

"ဒီတစ်ခါ ပင်လယ်ငှက်မဟုတ်ဘူး. . .။ ပိုးတုံးလုံး. . ပိုးတုံးလုံး"

"ပိုးတုံးလုံး. . . ဟုတ်လား. ."

"ဟုတ်တယ်. . ဟုတ်တယ်. .။ သူ့အိမ်ထဲမှာ အတောင်ပေါက်လာမှာ မသိဘဲ အိပ်ပျော်သွားကြတယ်"

သီဟစကားအဆုံးမှာ မျိုးမျိုးက. . .

"ဘာ ကိုယ်တုံးလုံးအိပ်တယ်. . ဟုတ်လား. . ."

ဟု ကန့်လန့်တိုက်၍ မေးလိုက်ရာ. . . သီဟက. . .

"ဘယ်ကလာ ကိုယ်တုံးလုံးအိပ်ရမှာလဲ၊ ပိုးတုံးလုံးအိပ်တယ်လို့ ပြောတာ. . ခင်ဗျားကိုယ်အိပ်တာ ကိုယ်ကြည့်ပြောနေတာလား. ."

သူစကားပြောတာကို သက်သက်ဝင်ဖျက်ဆီးခြင်းဖြစ်ကြောင်း သီဟက သဘောပေါက်သည်။

"နေပါဦးဗျာ. . . ခင်ဗျားဝင်ရှုပ်တာနဲ့ ကျွန်တော့်စကားတောင် ဘယ်ရောက်သွားလဲမသိဘူး. . . အဲ. . သိပြီ. . . သိပြီ. . . အဲဒီပိုးတုံးလုံးလေးတွေဟာ. . ."

သူ့ကိုတစ်ချိန်လုံး နှုတ်ခမ်းတင်းတင်းစေ့ကာ စူးစိုက်ကြည့်နေသော ခက်ခက်က အိတ်ထဲက ပိုက်ဆံတစ်ကျပ်ကိုထုတ်ကာ ငါသိပါတယ် သာလိကာရယ်ဆိုသောလေသံဖြင့်. . .

"ကဲ. . ရှင်ချစ်ပြန်ပြီမဟုတ်လား. . ကဲ. . ရော့တစ်ကျပ်"

ဟု လှမ်းပေးလိုက်သည်။ နားအေးရင်ပြီးရောဆိုတဲ့သဘော ဖြစ်သည်။ ပထမအကြိမ်ကတော့ တခြားသူတွေလိုပင် သူ့ကိုချစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော ခပ်ကြောင်ကြောင်ငနဲတစ်ကောင်ဟု ထင်၏။ အခုတော့ ဒီလို မထင်တော့။ ဒုတိယအကြိမ် ချက်ချင်းဆိုသလို ရောက်လာတာကတော့ နည်းနည်းသံသယဖြစ်စရာကောင်းနေသည်။ သူ့ကိုနောက်ပြောင် စော်တားချင်သည့်လူရှုပ်တစ်ကောင်လေလား။ အခုလဲ သူပေးသော ပိုက်ဆံတစ်ကျပ်ကို ကိုင်ကာ ထွက်မသွားသေးဘဲ။

"ခင်ဗျားကလဲဗျာ. . တစ်ကျပ်ထဲလား. . ."

"ကဲ. . ရော့ နောက်တစ်ကျပ်မြန်မြန်ထွက်သွားတော့"

ဟု ထုတ်ပေးလိုက်၏။ သူစိတ်တိုစပြုလာသည်။ သီဟက ရုတ်တရက် ထွက်မသွားသေးသဖြင့် ဘေးက သူ့ဇာက. .

"ရှင်သွားဆိုတာ ထွက်မသွားသေးဘူးလား. ."

"ရှင်ဗမာလိုပြောလို့မရဘူးလား. . .။ အင်္ဂလိပ်လိုပြောရမလား. . ဂါတ်အောက် (Get Out)"

ဒီတော့မှ သီဟက ပြုံးကာ ဦးညွှတ်ရင်း. . .

"ဟုတ်ကဲ့. . ဟုတ်ကဲ့ခင်ဗျ. . ."

ဟုအနားက ထွက်သွားလေသည်။ ခက်တာက သီဟပါ။ သူ့အတွက် လမ်းစရိတ်က လိုနေသေးသည်။ ကောင်မလေးတွေ တော်တော် စိတ်ဆိုးနေတာသိသည်။ သူကတော့ ဝမ်းထဲက ကျလိကျလိ နှင့် စာကလေးဘုရားပွဲတော်လှည့်သလို ပျော်၍နေ၏။ ယောကျ်ားတွေကို ဒုက္ခပေးနေသော ခက်ခက်ကိုလက်တုန့်ပြန်နေရသောကြောင့်ဖြစ်သည်။ ဤအကြောင်းတွေ ပြန်ပြောပြရင် လူဦးကတော့ ကျေနပ်နေလိမ့်မည်ထင်ပါသည်။

သူက ခက်ခက်တို့ရှေ့မှ ဘွားကနဲ ပိတ်ရပ်လိုက်ပြန်သည်။





သူတို့ သွေးပျက်သွားကြ၏။

"ဟင်. . ပင်လယ်ငှက်"

"မဟုတ်ပါဘူး. . ပိုးတုံးလုံးကောင်"

"ခင်ဗျားကို ကျွန်တော်ချစ်တယ်"

သီဟက ဘေးက သူတွေကို လုံးဝအလေးမထားဘဲ။ ခက်ခက်ကိုသာကြည့်၍ ပြောလိုက်ခြင်းဖြစ်သည်။ မျက်နှာလှလှကလေးမှာ ဒေါသအရှိန်ကြောင့် နီရဲနေလေသည်။ တမျိုးလှသလိုဖြစ်နေသည်။ သူ့ဒေါသကို ထိန်းချုပ်တဲ့အနေနဲ့ အောက်နှုတ်ခမ်းအစွန်းကလေးကို အပေါ်သွားနဲ့ ဖိကိုက်ထားလဲ တစ်မျိုးလှတာပါပဲ။

သီဟက မတုန်မလှုပ်ဖြစ်နေသော ခက်ခက်ကို ကြည့်ကာ. .

"ခင်ဗျားကလဲ မြန်မြန်တုံ့ပြန်လေဗျာ. . ."

မြန်မြန်တုံ့ပြန်ဆိုတာ ပိုက်ဆံတစ်ကျပ်မြန်မြန်ထုတ်ပေးခိုင်းကြောင်း ခက်ခက်သိနေသည်။

"ရှင်. . အရှက်မရှိဘူး. . ."

ခက်ခက်က ဒီလောက်ပြောသည့်တိုင်အောင် သီဟက တစ်ဖဝါးမှမရွှေ့။ ပိုက်ဆံတစ်ကျပ်ပေးမှ ထွက်ခွာမည့်ပုံပေါ်နေ၏။ ဘေးမှ မိန်းမျိုးက. . .

"အရှက်အိုးထဲမှာ ရေတစ်စက်မှ မရှိတဲ့အကောင်နဲ့ နင်လာ တွေ့နေတာပဲ. . .။ နင်တော့ ဒီနေ့ မွဲဆေးဖော်နေတာနဲ့ တူနေပြီ"

ခက်ခက်က သူ့စိတ်ကို ထိန်းချုပ်လိုက်ဟန်ဖြင့် ကျပ်တန် တစ်ရွက်ကို ဆွဲထုတ်ကာပေးလိုက်သည်။

"ကဲ. . နောက်ဆုံးတစ်ရွက်ပဲ ရှင်သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



သီဟက ဝမ်းသာအားရမျက်နှာဖြင့် လှမ်းယူရင်း

"ကျေးဇူးတင်လိုက်တာဗျာ. . .။ ကျွန်တော်ပိုက်ဆံအိတ်ပျောက်ပြီး ပြန်စရာလမ်းစရိတ်မရှိလို့ အခုလို လိုက်ပြောနေတာပါ။ ခင်ဗျားကိုချစ်တယ်လို့ထင်ပြီး ဘဝင်မြင့်မနေနဲ့ဦး. . ."

"ဘာ. . ."

မီးထွက်မတတ်မျက်လုံးများဖြင့် ခက်ခက်က သီဟကို ကြည့်လိုက်သည်။ ဒီစကားက သူ့မာနကို တကယ်ပင်ထိပါးသော စကားဖြစ်သည်။ သီဟက သူပစ်လိုက်သောမြား ပစ်ကွင်းကို ကောင်းကောင်းထိသွားကြောင်း သဘောပေါက်လိုက်၏။ ထို့ကြောင့် ထိုနေရာမှ ထွက်မသွားသေးဘဲ။

"ကျွန်တော်စပြောတုန်းက ခင်ဗျားက ချစ်တယ်လို့ ပြန်ပြောလိုက်မှာ စိုးရိမ်နေတာ. . . တစ်ခါတည်းသာ ခင်ဗျားချစ်လိုက်ရင် နောက်ထပ်ပိုက်ဆံမရနိုင်တော့ဘူးလေ. . ."

"ရှင် ဘယ်လိုလူလဲ"

ခက်ခက်ယမ်းပုံမီးကျ ပေါက်ကွဲသွားသည်။ သီဟမျက်နှာ ကို လှမ်းရိုက်မည်ပြင်သဖြင့် ဘေးမှ သူ့သူငယ်ချင်းတွေက ဝိုင်းဆွဲထားလိုက်ရသည်။ ပြီးတော့ မျိုးမျိုးတို့အုပ်စုက သီဟအားလက်ညှိုးငေါက်ငေါက်ထိုး၍ ရန်ဝိုင်းတွေ့ကြလေသည်။ သီဟက. .

"ကျွန်တော့်သူငယ်ချင်းတွေက ဒါကြောင့်ပြောတာ။ ကြက်တူရွေးနဲ့ ကျီးကန်းစပ်ကျတုန်း သာလိကာက ကြားကဝင်ဆွဲတဲ့ အသံနဲ့ မပြောကြပါနဲ့. . ."

"ရှင်တော်တော် စော်ကားပါလား"





"ဘာစော်ကားလို့လဲ. .။ ခင်ဗျားကိုချစ်တယ်လို့ပြောရင် တစ်ကျပ်ပေးတယ်ဆိုတာ တစ်ကျောင်းလုံးအသိပဲ။ ကဲ. . . ကျွန်တော် လိုချင်တဲ့ လေးကျပ်လဲရပြီ. . .။ သွားပြီ. . ကျွန်တော့်ကို ပြန်မချစ်တာ ကျေးဇူးတင်ပါတယ်နော်. . ."

ခေါင်းတစ်ချက်ညွှတ်ကာ မခံချင်အောင် နှုတ်ဆက်ရင်း သီဟ ထွက်လာခဲ့သည်။ ခက်ခက်က ပေါက်ကွဲကျန်ခဲ့၏။

"ငါ. . မကျေနပ်ဘူး. . .။ အုပ်ချုပ်ရေးရုံးကို သွားတိုင်မယ်"

"ကောင်းတယ်. . . သွားကြမယ်"

အားလုံးက ထောက်ခံကြသည်။

⋀ ⋀ ⋀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ဒီလိုနှင့် ဒီကိစ္စ ကျောင်းအုပ်ချုပ်ရေးရုံး ရောက်သွား၏။ ဆရာနှင့်ဆရာမက သူတို့နှစ်ယောက်ကို စစ်ဆေးမေးမြန်းကြသည်။ ဆရာက သီဟအား. . .

"မင်းက ဒီကျောင်းသူလေး ဣန္ဒြေပျက်အောင် လိုက်ပြီး နှောင့်ယှက်စော်ကားတယ်ဆို"

"ဟုတ်တယ်ဆရာ. . .။ ကျွန်မကို တစ်ချိန်တည်း သုံးခါတောင် လိုက်စကားပြောတယ်. . ."

"ဟုတ်တယ်. . . ဒါကတော့ လွန်လွန်းတယ်"

ဆရာမက ခက်ခက်ဘက်က ထောက်ခံ၏။ သီဟက မျက်နှာ သေလေးနှင့်. . .

"ဒါက ဒီလိုရှိပါတယ်ဆရာ၊ ကျွန်တော်ရှင်းပြပါရစေ"

"အေး. . အေး. . ရှင်းပြပါဦး"





"ဒီလိုပါ. . . သူ့ကို ကျွန်တော်ရည်းစားစကားလိုက်ပြောတာ မှန်ပါတယ်"

"အေး. . မင်းတို့လဲ အရွယ်ရောက်နေပြီပဲ။ ဒါကိုအပြစ်လို့ မပြောချင်ပါဘူး။ ဒါပေမယ့် သူကလက်မခံဘူးဆိုတာ မင်းက သုံးခါ တောင်လိုက်ပြောတယ်ဆိုတော့. . ."

"ဒါက ဒီလိုပါဆရာ. . .။ ဖဲ့ဒီနေ့က ကျွန်တော်ပိုက်ဆံအိတ် ပျောက်သွားတယ်။ ကျွန်တော်က သယ်န်းကျွန်းကို ပြန်ရမှာဝေးတော့ လမ်းလျှောက်ပြန်ဖို့လဲ မဖြစ်နိုင်ဘူး။ အကူအညီတောင်းရအောင် သူငယ်ချင်းတွေလဲ တစ်ယောက်မှမတွေ့ဘူး. . ."

ဆရာမက စိတ်မရှည်သလို အမူအယာဖြင့်. . .

"အဲဒါတွေနဲ့ သူ့ကိုရည်းစားစကားလိုက်ပြောတာ ဘာဆိုင်လို့လဲ. . အင်းရှည်ရှည်ဝေးဝေး လျှောက်ပြောမနေနဲ့. . .။ လိုရင်းကိုပြော"

"အေး. . . ဟုတ်တယ်"

"လိုရင်း ရောက်ပါတော့မယ်ဆရာ။ ဒီလိုပြောမှ ဇာတ်ရည် လည်မှာမို့ပါ။ ကျွန်တော်သူ့ကို စော်ကားတာမဟုတ်ဘူး. . ."

"စော်ကားတယ်. . ."

ခက်ခက်ဝင်ပြောသည်။

"ကျွန်တော်သူ့ကို ရည်းစားစကားလိုက်ပြောတာ မှန်ပါတယ်. . .။ ဒါပေမယ့် ချစ်လို့မဟုတ်ပါဘူး. . ပိုက်ဆံလိုချင်လို့ပါ. . ."

"ဘာကွ"

ဆရာ၏ မျက်ခုံးတစ်ဘက်ပင့်တက်သွား၏။ သဘောပေါက် ဟန်မတူ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါဆရာ. . သူက သူ့ကိုရည်းစားစကားလိုက်ပြောတဲ့သူတိုင်းကို ငွေတစ်ကျပ်ပေးပါတယ်. . ."

ဆရာမက မျက်လုံးပြူးသွားသည်။ ဆရာကတော့ အံ့အားသင့်စွာ ခက်ခက်ဘက်လှည့်မေးသည်။

"အဲဒါ အမှန်ပဲလား. . သမီး"

ခက်ခက်အဖို့ ငြင်း၍မဖြစ်တော့။ ဒီအဖြစ်ကို သက်သေထူမယ့် လူတွေ တစ်ပုံကြီး။

"ဒါက ဒီလိုရှိပါတယ်ဆရာ။ အဲသလို တစ်ကျပ်ပေးလိုက်ရင် ရှက်ပြီး သူတို့လှည့်ပြန်သွားကြတယ်။ သမီးကိုဆက်မနှောင့်ယှက်ကြတော့ဘူး. .။ အဲဒါကြောင့်ပါ. . ."

ဆရာရော ဆရာမပါ ပြိုင်တူသက်ပြင်းချလိုက်သည်။ ဆရာကတော့စိတ်ထဲမှာ ကြိတ်၍ပင် သီဟအားသဘောကျသွားမိ၏။ ဒီကောင်မလေးက ယောကျ်ားတွေကို ကစားစရာလို လှောင်ပြောင်စရာလို သဘောထားနေတာပဲ။ အခုမှ အိုးရွဲ့နဲ့ စလောင်းရွဲ့တွေ့တာ။

"ကျွန်တော်လမ်းစရိတ် မလောက်လို့ သုံးခါလိုက်ပြောရတာပါ။ သူ့ကိုကြိုက်လို့မဟုတ်ပါဘူး. . ."

"အံမယ်. . ကြီးကျယ်လိုက်တာ။ ကျွန်မကလဲ ရှင့်ကို စိတ်ကူးထဲတောင်မထည့်ဘူး။ အဲဒါစော်ကားတာမဟုတ်ဘူးလားဆရာ။ ချစ်တယ်လို့လဲ လိုက်ပြောသေးတယ်။ ကျွန်မကိုလဲ မကြိုက်ဘူးတဲ့. . ."

"ဒါဆို သမီးက ကြိုက်စေချင်လို့လား"

အဲသလို ဆရာက မေးလိုက်တော့ ခက်ခက်တွန့်သွားသည်။

"မဟုတ်ပါဘူးဆရာ. .။ ကျွန်မက သူ့လိုလူမျိုးကို အိပ်မက်ထဲ





တောင်ထည့်မမက်ဘူး. . ."

"ကျွန်တော်ကလဲ ခင်ဗျားအိပ်မက်မက်မှာကြောက်တယ်။ အိပ်မက်မှာမက်ရင် ပိုက်ဆံရမှာမဟုတ်ဘူး။ အဲဒါအတွက် ကျေးဇူးတင်ပါတယ်. . ."

နောက်ဆုံးတော့ ဆရာနဲ့ ဆရာမကပင် ဖြန်ဖြေလွှတ်လိုက်ရသည်။ သီဟကို အပြစ်ယူလို့မရ။ တစ်ဘက်က ခက်ခက်ဆိုတဲ့ ကောင်မလေး လုပ်ပုံကလဲ နေရာမကျ။

^ ^ ^



www.burmeseclassic.com

www.burmeseclassic.com

မင်းဇော်တို့ လက်ဘက်ရည်ဆိုင်မှာ။ သီဟ၏စွန့်စားခန်းမှာ အားလုံးပွဲကျစရာဇာတ်လမ်းတစ်ပုဒ်ဖြစ်၍နေလေတော့သည်။ မင်းဇော်ကသီဟကိုချီးကျူးသည်။

"မင်းကောင်းကောင်း ပညာပေးလိုက်နိုင်တာပဲ သီဟ. . ."

ကျေနပ်ဆုံးကတော့ လှဦး။ သူကိုယ်စား ခက်ခက်အား သီဟက ကလဲ့စားချေနိုင်ခဲ့ပြီမဟုတ်လား။ မောင်မောင်အေးက. . .

"အဲဒီကတည်းက ခက်ခက်လဲ သူ့အကျင့်ကိုစွန့်လိုက်တယ်ဟေ့. . .။ သူကို စာလိုက်ပေးတဲ့ငနဲတွေကို တစ်ကျပ်မပေးတော့ဘူး"

သောင်းတင်က. .

"မင်းလုပ်တော့ ငါတို့လာဘ်ပိတ်တယ်သီဟ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တယ်လေ. . တစ်ခါတစ်လေ ဆေးပေါ့လိပ်ဖိုး ကွမ်းယာဖိုးလိုရင် ခက်ခက်ကိုလိုက်စကားပြော။ အဆင်မပြေဘူးလား. . .။ အခုတော့တို့ရဲ့ အသေးစားဘဏ်တိုက်ကလေးက ငွေမထွက်တော့ဘူး. ."





သူ့စကားနှင့် အမူအယာကြောင့် အားလုံးရယ်လိုက်ကြစဉ်. .

"ဟေ့ မရယ်ကြနဲ့ကွာ။ ရယ်သံတွေကို မကြားချင်ဘူး. . .။ ရယ်သံကြားရင် ကြောက်တယ်"

သူတို့ စားပွဲဝိုင်းကို အောင်စည်ထွဋ်ဟူသော ကျောင်းသားတစ်ယောက် ရောက်လာရင်း ပြောလိုက်သည်။ သူ့မျက်နှာက သုန်သုန်မှိုင်းမှိုင်း။ ဒါကြောင့် သီဟက. . .

"မင်းက ရယ်သံတွေကို ဘာလို့ ကြောက်နေရတာလဲ. . ."

"ပြောရရင်တော့ အရှည်ကြီးကွ. . ."

"အေး. . . ဒါဆိုလဲ မပြောနဲ့တော့. . ."

မင်းဇော်က ပိတ်ပြောလိုက်တော့မှ. . .

"မပြောလို့ မဖြစ်ဘူးကွ. . .။ ငါက အဲဒါပြောမလို့လာတာ"

"အေး. . ဒါဆိုလဲ ပြော"

"နည်းနည်းပါးပါးတောင် အိုက်တင်မခံရဘူး. . အဖြစ်ကဒီလို. ."

အောင်စည်ထွဋ်ဆိုတဲ့ ငနဲက မည်းမည်းပုပု ဘောင်းဘီအမြဲဝတ်တော့ ချင်ပန်ဇီတစ်ကောင်နှင့်တူ၏။ သူလွယ်အိတ်လွယ်ထားလျှင် လွယ်အိတ်က မြေကြီးနှင့် တိုက်လုမတတ်ဖြစ်၏။ သို့သော်လဲ. . .

သူလဲလေ လောကီသားပေမို့ လှတာကိုကြိုက်တာ အပြစ်တော့ မဆိုသင့်။ သူက ခက်ခက်ကို ကြိုက်သည်။ ဒါကြောင့် ခက်ခက်ရှိသော စာသင်ခန်းကို သွားသည်။ စာသင်ခန်းမှာ ဆရာ မဝင်သေးသဖြင့်လွတ်နေသည်။ ကျောင်းသူကျောင်းသားများက ဝိုင်းဖွဲ့စကားပြောနေကြလေ၏။ ခက်ခက်ကလဲ သူ့အုပ်စုနှင့်သူ တွတ်ထိုးနေ၏။

အောင်စည်ထွဋ်က ပြတင်းပေါက်မှန်တံခါးကို ခေါက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အနီးဆုံးကျောင်းသားက လှည့်ကြည့်တော့ ခက်ခက်ကို လက်ညှိုးထိုးပြ၏။ ပြတင်းပေါက်ပိတ်ထားသဖြင့် တစ်ယောက်စကားသံ တစ်ယောက်မကြားရ။ ပြောလိုသမျှ လက်ဟန်ခြေဟန်ပြကာ ဆက်သွယ်နေရသည်။ ကျောင်းသားကခက်ခက်တို့ အုပ်စုစီအကြောင်းကြား၏။ မျိုးမျိုးက လှည့်ကြည့်၏။ ပြီးတော့ ခက်ခက်ကို အသာတိုးတိုး စကားပြောကာ ပြတင်းပေါက်နား ထွက်ခဲ့သည်။

ပြီးတော့ အောင်စည်ထွဋ်ရှေ့က ပိတ်ကာရပ်လိုက်၏။ အောင်စည်ထွဋ်က ခက်ခက်ကိုမမြင်ရတော့သဖြင့် ဘယ်ဘက်ကိုယိမ်းကာ ကြည့်၏။ မျိုးမျိုးက ဘယ်ဘက်ကိုလိုက်ယိမ်း၏။ ဒါကြောင့် အောင်စည်ထွဋ်က ညာဘက်ကိုယိမ်းကာ ကြည့်၏။ မျိုးမျိုးက ညာဘက်ကို ယိမ်းကာ ကြည့်၏။ သူတို့နှစ်ယောက်မှာ ခေါင်းခြင်း ထုတ်စည်းတိုးသလို ဖြစ်နေသည်။

ပြီးမှ မျိုးမျိုးက ပြတင်းတံခါးကိုဟလိုက်ရင်း. . .

"ရှင်ဘယ်သူလဲ. . ဘာကိစ္စလဲ. . ."

"ကျွန်တော် ခက်ခက်. . . ခက်ခက်. . ."

စကားမဆက်နိုင်ဘဲ ခက်ခက်ရှိရာသို့ လက်ညှိုးညွှန်ပြနေသည်။

"ဟုတ်ပါပြီ. . . ရှင့်နာမည်ပြောဦး"

"ကျွန်တော့်နာမည်က အောင်စည်ထွဋ်တဲ့"

"အရှင်ထွက်ဟုတ်လား. . . ယောဒီမှာ ခက်ခက်ရေ နင့်ကို အောင်စည်ထွဋ်က တွေ့ချင်လို့တဲ့. . ."

ဟုတစ်ခန်းလုံးကြားအောင် အော်ပြောလိုက်လေသည်။ အားလုံး အာရုံကပြတင်းပေါက်ဆီ ရောက်လာကာ အောင်စည်ထွဋ်ကို တွေ့တော့





ပြုံးစစကြည့်ကြသည်။

"မအော်ပါနဲ့ဗျာ. . . ဒုက္ခပါပဲ. . ."

"မအော်ပါနဲ့ဗျာ. . ဒုက္ခပါပဲတဲ့. ."

အောင်စည်ထွဋ်က တားသော်လဲ မျိုးမျိုးက. . .

အော်လိုက်သဖြင့် တစ်ခန်းလုံးပွဲကျ၍ သွားပြန်သည်။ မျိုးမျိုးက အောင်စည်ထွဋ်အား ကြည့်ကာ. . .

"ရှင်က ခက်ခက်ကို ကြိုက်တယ်။ ရှင့်ကိုယ်ရှင်ပြန်ကြည့်ဦး"

အောင်စည်ထွဋ်က ကိုယ့်ကိုယ်ကို ငုံ့ကြည့်ရင်း. . .

"အားလုံး ပြည့်စုံပါတယ်. . . အကျီဝတ်ထားတယ်။ ဘောင်းဘီဝတ်ထားတယ်။ ဖိနပ်လဲပါတယ်။ ကိုယ်လက်အင်္ဂါလဲ မချို့ယွင်းပါဘူး"

"ရှင့် ခန္ဓာကိုယ်ကို ပြောတာ. . . သေးသေးလေး. . ."

"အချစ်နဲ့ ခန္ဓာကိုယ်ဘာဆိုင်လဲဗျာ. . .။ ကျွန်တော်က လူကောင်သေးပေမယ့် အသဲနှလုံးက ကြီးပါတယ်. . ."

မျိုးမျိုးက အတန်းထဲလှည့်ကာ အော်ပြန်သည်။

"ခက်ခက်ရေ. . ကျွန်တော်က လူကောင်သေးပေမယ့် အသဲနှလုံးက ကြီးပါတယ်တဲ့. . ."

ကျောင်းသူ ကျောင်းသားတွေက ဝိုင်းရယ်ကြပြန်သည်။ ခက်ခက်ကလဲ သူ့ကိုကြည့်၍ ရယ်မောမဆုံးဖြစ်နေ၏။ အောင်စည်ထွဋ် ရင်ထဲက နင့်ထွက်လာ၏။

"ကျွန်တော့်အချစ်ကို လှောင်တာလားဗျာ. . ."

"ကျွန်တော့်အချစ်ကို လှောင်တာလားဗျာတဲ့. . ."

ᨀ ᨀ ᨀ



www.burmeseclassic.com

www.burmeseclassic.com

အောင်စည်ထွဋ်က. . .

မချိတင်ကဲလေသံဖြင့် ဇာတ်ကြောင်းပြန်ပြနေ၏။

"မင်းတို့ စဉ်းစားကြည့်လေ. . . ငါကတစ်ညလုံးထိန်ထိန်သာနေတဲ့ လမင်းကြီးကိုကြည့်ပြီး. . ငါ့ရင်ထဲက ယိုစိမ့်ထွက်လာတဲ့ အလှဆုံးစကားလုံးလေးတွေ သူ့ကိုပြောဖို့ ရွေးချယ်ထားခဲ့တယ်. . .။ အခုတော့ သူတို့ရဲ့ ရယ်သံတွေအောက်မှာ ငါ့စကားလုံးတွေအတုံးအရုံး ကျဆုံးကုန်ကြတယ်။ ဒီတော့. . . ဒီတော့ ငါက ရယ်သံတွေကို မကြားချင်လောက်အောင် ကြောက်ရွံ့နေတာ အပြစ်လားကွာ. . ."

"တော်တော့. . မင်းရဲ့ မလှမပရုပ်ရည်နဲ့ လွမ်းမနေနဲ့. ."

ဘေးမှ မောင်မောင်အေးက ယောက်လိုက်သည်။

"လွမ်းတာပဲ. . ရုပ်လှနေရဦးမှာလားကွာ. . ."

"မင်းကြည့်ရတာ ခွေးသေကောင်ပုပ်ပျောက်တဲ့ ငွင်းတရုပ်ထွက်နေတယ်. . .။ ကြည့်မကောင်းလို့ ပြောတာ. . ."





သောင်းတင်က ဝင်ပြောလိုက်တော့မှ ငြိမ်သက်သွားသည်။

သီဟက. . .

"ဒါဆို ခက်ခက်ဗျူဟာ ပြောင်းလိုက်တာပဲ။ အုပ်စုနဲ့ ဝိုင်းလှောင်တဲ့နည်းကို ကျင့်သုံးနေတာပဲ. . ."

မောင်မောင်အေးက. . .

"သူတို့အုပ်စုကို ဖြိုဖို့မလွယ်ဘူးကွ. . .။ ခေါ်စာပစ်တဲ့ အခါလာစားကြတဲ့ သူရဲသဘက်တွေ မြူးတူးပျော်ပါးနေကြတဲ့အသံမျိုး။ အောင်စည်ထွဋ်ကြောက်မယ်ဆိုလဲ ကြောက်စရာပဲ. . ."

"နေဦးကွ ဒီကိစ္စ ငါတာဝန်ယူမယ်"

ဟုမင်းဇော်က ဝင်ပြောလိုက်သည်။

သောင်းတင်က . . .

"ဘယ်ကိစ္စလဲ. . ခေါ်စာပစ်တာလား. . ."

"ငါက ဘာလို့ ခေါ်စာပစ်ရမှာလဲ. . . ငါပြောတာက ခက်ခက်ကို ပညာပေးဖို့ကိစ္စ"

အားလုံးက မင်းဇော်ကို အံ့ဩသလို ဝိုင်းကြည့်ကြသည်။ မင်းဇော်သည် နောက်ပြောင်ပျော်ပါးကာ နေတတ်သော ဂျိုကာတစ်ကောင်ဖြစ်သည်။ ဒီလိုကိစ္စမျိုးကို ဆောင်ရွက်နိုင်ပါ့မလား။ မင်းဇော်က. . .

"ပထမအကြိမ်တုန်းကတော့ သီဟက တာဝန်ကျေခဲ့ပြီ. . . ဒီတစ်ခါ ငါ့အလှည့်ပေါ့. . ."

သီဟက မယုံသလိုကြည့်ကာ မင်းဇော်ပခုံးကို ပုတ်၍

"ဟုတ်ပါ့မလား. . မင်းဇော်ရာ။ ခက်ခက်ဆိုတာ လွယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးမဟုတ်ဘူး။ အင်း. . အသဲကောင်းလို့ ပွဲတောင်းတာတော့ မဟုတ်ပါဘူးနော်. . .”

“ဆက်ကြည့်ကြပါဦးကွ. . .။ မင်းဇော်ဟာ သူမနိုင်တဲ့ဇာတ်ကို ဘယ်တုန်းက ကဖူးလို့လဲ။ ဒီမယ် မင်းဇော်တဲ့ တစ်ဇော်ထဲရှိတယ်”

လက်မထောင်ကာ မင်းဇော်က ပြောလိုက်တော့သည်။

* * *



အချိန်တစ်ချိန်မှ တစ်ချိန်သို့ အကူးအပြောင်း ဆရာရောက် မလာသေးသဖြင့် သူတို့တစ်တန်းလုံး လွတ်လွတ်လပ်လပ်စကားပြောနေကြသည်။ မင်းဇော်က ထိုအခန်းဘေးပြတင်းပေါက်သို့ ရောက်လာကာ မှန်တံခါးကို ခေါက်လိုက်သည်။ အနီးကပ်ကျောင်းသားတစ်ယောက်က မေးငေါ့ကာ အမူအယာဖြင့် ဘာလဲ. . . လို့ မေးတော့ ခက်ခက်ဆီ လက်ညှိုးထိုးပြလိုက်သည်။

ထိုကျောင်းသားက သူ့ရှေ့မှ မျိုးမျိုးကို ကျော်ကာပြတင်းပေါက်ဆီ လက်ညှိုးထိုးပြလိုက်သည်။ မျိုးမျိုးက မင်းဇော်ကို မြင်သွားသည်။ မင်းဇော်ကလဲ ခက်ခက်ကို လက်ညှိုးထိုးပြကာ ခေါ်ပေးဖို့ အမူအယာဖြင့် ပြနေ၏။ မျိုးမျိုးမျက်နှာက ပြုံးဖြီးဖြီးဖြစ်သွား၏။ ပြီးတော့ ခက်ခက်အား လေသံတိုးတိုးဖြင့်. . .

“ခက်ရေ. . . ခေါင်းကြောင်တစ်ကောင် ရောက်နေပြန်ပြီ. .။ ငါသွား ပညာပေးလိုက်ဦးမယ်. . .”

ဟုပြောလိုက်၏။ သူဇာက သဘောကျသွားကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်ဟေ့. . . တို့လဲ ပျင်းနေတာနဲ့ အတော်ပဲ. ."

ခက်ခက်ကတော့ ဂရုမစိုက်၊ လှည့်ပင်မကြည့်။ မျိုးမျိုးက တံခါး အနားရောက်သွားကာ တံခါးဆွဲဖွင့်ရင်း. . .

"ဘာကိစ္စလဲ"

ဟုလေသံခပ်မာမာဖြင့် မေးလိုက်၏။

မင်းဇော်က ခပ်တည်တည် မှင်သေသေမျက်နှာဖြင့်

"အော်. . မနက်က နာရီဝက်နောက်ကျသွားတဲ့အတွက် ခက်ကို တောင်းပန်ပါတယ်လို့ပါ. . .။ ကျွန်တော့်အမေ နေမကောင်းလို့ပါ"

ဟု ပြောလိုက်သည်။ ရုတ်တရက် မျိုးမျိုးကြောင်နေသည်။ ပြောတဲ့သူကလဲ အတည်ပေါက်ကြီး။ နောက်ဆုံး ထုံးစံအတိုင်း မျိုးမျိုးက ခက်ဆီလှည့်ကာ အော်ပြောလိုက်သည်။

"ခက်ရေ. . . မနက်က သူနာရီဝက် နောက်ကျသွားတာ တောင်းပန်ပါတယ်တဲ့. .။ သူ့အမေ နေမကောင်းလို့ပါတဲ့. . ."

မထင်မှတ်ပဲ ကြားလိုက်ရသော စကားကြောင့် ခက်ခက်အံ့ဩသွားသည်။ သူက တခြားသူတွေ ပြောသလိုချစ်ပါတယ်။ ကြိုက်ပါ တယ်။ စကားတွေချည်း ပြောမယ်ထင်ထားခဲ့သည်။ အခုတော့. . .

ထို့ကြောင့် ထိုင်ရာမှ ထကာ. . .

"ဘယ်သူလဲ ဘာတွေ လာပြောနေတာလဲ. . အတည်ပေါက်ကြီးနဲ့. . . ဘာတွေလာပြောနေတာလဲ. . ."

ဟုပုတ်ထုတ်ပစ်လိုက်သည်။ သို့သော်မင်းဇော်က နေရာမှမရွေ့ဘဲ၊ သရုပ်ပါပါအမူအရာဖြင့်. . .

"ခက်ရယ် ချစ်သူခြင်း နာရီဝက်လောက် နောက်ကျတာ





ဒီလောက် စိတ်ဆိုးနေရသလားကွာ။ ဒါကြောင့်ကိုယ်လာ တောင်းပန် တာပါ။ ခွင့်လွှတ်ပါလို့. . ."

ပြောလေကဲလေ မန်းလေပြဲလေတော့ ဖြစ်နေပြီ။ တစ်ခန်းလုံးက ကျောင်းသူ ကျောင်းသားတွေက အာရုံစိုက်ကာ သူတို့အဖြစ်ကို ဝိုင်း ကြည့်နေကြသည်။ ဒီငနဲရဲ့ပျူဟာက ပြောင်မြောက်သည်။ ဘေးကကြည့် နေတဲ့သူတွေကတော့ ချစ်သူနှစ်ဦးပြဿနာဖြစ်တာဟု ထင်မှတ်ကြပေ လိမ့်မည်။ အဲသလို ထင်ကြလေ၊ ခက်ခက်က ဒေါသဖြစ်လေဖြစ်သည်။ တော်တော်မျက်နှာပြောင်တဲ့ငနဲ။ ဒီငနဲကြောင်ပုံကတော့ ကမ်းကုန်ဆိုရ မည်။ ဒါကြောင့်ပြင်းပြင်းထန်ထန်တုံ့ပြန်လိုက်၏။

"ရှင့်ကိုကျွန်မမသိဘူး. . .။ ရှင့်ကိုမြင်လဲမမြင်ဖူးဘူး. . . ရှင် လာကြောင်မနေနဲ့. . .။ ပါးရိုက်ခံရမယ်။ မျိုးမျိုးနှင်ထုတ်ပြီး တံခါး ပိတ်လိုက်. ."

တကယ်တော့ ကိုယ့်အတတ်နဲ့ကိုယ်စူးခြင်းဖြစ်သည်။ မျိုးမျိုးက တစ်ဖက်ကလူစကားကို တစ်တန်းလုံးကြားအောင် အော်ပြောနေကျ။ အခုတော့ မျိုးမျိုးရဲ့အကင်းမပါးပုံကြောင့် သူ့ပဲအရှက်ကွဲအကျိုးနည်း ဖြစ်ရသည်။ မျိုးမျိုးက မင်းဇော်ကိုတွန်းထုတ်ကာတံခါးပိတ်ရန် ပြင်၏။ သို့သော် မင်းဇော်က အတင်းတားထားကာ. . .

"နေပါဦး. . . ခက်. . . မင်းစဉ်းစားပါ. .။ မင်းဒီလိုလုပ်နေ မယ်ဆိုရင် နှစ်ဘက်လူကြီးတွေအားလုံး မျက်နှာပျက်စရာဖြစ်ကုန်မယ်"

တစ်တန်းလုံးက "ဝါး"ကနဲ ဝိုင်းဟားကြသည်။ မင်းဇော်က မှင်သေသေအမူအယာဖြင့်. . .

"ဒီမှာ. . မရယ်ကြပါနဲ့ခင်ဗျာ။ ကျွန်တော်တို့အချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတက်နေလို့ပါ. . ."

အခုတော့ တစ်တန်းလုံးက မင်းဇော်ဘက်ကပါကုန်သည်။ မင်းဇော်၏ ယုတ္တိရှိရှိ သရုပ်ဆောင်ပုံကြောင့် မင်းဇော်ပြောသမျှကို အဟုတ်အမှန်ထင်မှတ်ကုန်ကြသည်။ ဒီအထဲတွင် ခက်ခက်သူငယ်ချင်းတွေလဲပါသည်။ သူတို့ကို ဝေခွဲမရ ဇဝေဇဝါ။

"တောသား. . ဘာလာကြောင်နေတာလဲ. . ။ ထွက်သွားပြောတာ မသွားသေးဘူးလား. ."

ဒီတစ်ခါတော့ မင်းဇော်က သူ့ဘက်က စိတ်ဆိုးချင်ယောင်ဆောင်လိုက်၏။ ခက်ခက်ကိုလက်ညှိုးထိုးကာ လေသံမာမာဖြင့်. . .

"ခက်. . မင်းဒီလောက်တောင်းပန်နေတာ မရိုင်းစိုင်းသင့်ဘူး။ မင်းမှာ မာနရှိသလို ငါ့မှာလဲ မာနရှိတယ်. . ."

အနီးရှိနံရံကို မင်းဇော်က လက်ဝါးဖြင့် ရိုက်လိုက်သည်။

"မင်းကိုချစ်တဲ့စိတ်နဲ့ ငါ နောက်ဆုံးအနေနဲ့ တောင်းပန်မယ်. . . မင်းကျေနပ်ပါလား. . ."

"မိုက်ရိုင်းတယ်ကွာ. . . ဘယ်ကကောင်လဲ. . ဒီလိုစကား တွေလာပြောနေတာခံရခက်တယ်. . ။ ရူးနေလား"

ခက်ခက်က ဒေါသဖြစ်နေသလောက် မင်းဇော်က အမူအရာမပျက်။

"အေးလေ. . မင်းဒီအချိန်မှာ ဒီလိုစကားတွေပြောလိမ့်မယ်ဆိုတာ ကိုယ်သိပါတယ်. . ."

အားလုံးက ငြိမ်သက်တိတ်ဆိတ်စွာ သူတို့ကို အကဲခတ်နေသည်။ ခက်ခက်ဘေးမှ သူငယ်ချင်းများကပင် ကျောက်ရုပ်တွေလို





မင်းဇော်၏ သရုပ်ဆောင်မှုထဲမှာ နစ်မျော၍နေသည်။

"အေးလေ. . . မင်းဇော်မှာလဲ မာနနဲ့ပါ။ မင်း. . မင်းဇော် အကြောင်းသိပါတယ်. . . ။ မင်းဇော်က ဘယ်မိန်းကလေးတစ်ယောက်ကိုမှ ဒူးထောက်တဲ့ကောင်မဟုတ်ဘူး"

ဆတ်ကနဲ ဟန်ပါပါကျောပေးကာ မင်းဇော်က ပြန်ထွက်လာခဲ့သည်။ ပြန်ထွက်မလာခင် အတန်းထဲကို သူ မသိမသာအကဲခတ် ကြည့်လိုက်တော့. . . ။ အားလုံးနီးပါးပင် သူ့လုပ်ဇာတ်တွင် နစ်မျောနေကြကြောင်း တွေ့လိုက်ရ၏။

ဒီတစ်ခါတော့ ခက်ခက်ရေရေလည်လည် ခံလိုက်ရသည်ဟု ဆိုနိုင်သည်။ သူကရှေ့က စာကြည့်စားပွဲပေါ် နဖူးတင်ကာခေါင်းကို ငိုက်စိုက်၍ထားလိုက်သည်။ မခံချင်စိတ်ဖြင့် ဝဲနေသော သူ့မျက်ရည်တွေကို တခြားသူတွေမမြင်စေချင်။ ထိုငကြောင် ဖန်ဆင်းထားသော လုပ်ဇာတ်ကို တစ်တန်းလုံးက အဟုတ်မှတ်နေကြပုံရ၏။ ဒီအထဲတွင် သူ့အပေါင်းအသင်းတွေကပါ ပါနေတာတော့ သူရင်နာလို့မဆုံး. . . ။

"တို့လဲ တစ်ခါမှ မမြင်ဖူးဘူး. . ။ နင်နဲ့သူနဲ့က လူကြီးချင်းစေ့စပ်ထားကြတာလား. . ."

"အေးဟယ်. . သူက တကယ်တောင်းပန်နေတာပါ. . ။ ခွင့်လွှတ်နိုင်ရင် ခွင့်လွှတ်လိုက်ပါ. . ။ သူ့အမေတကယ်နေမကောင်းလို့ပါတဲ့. . ."

"နင်နဲ့သူနဲ့ တကယ်ပဲ တစ်နာရီချိန်းထားတာလား. . ."

စိတ်မရှည်နိုင်တော့။ ခက်ခက်အော်လိုက်သည်။

"နင်တို့ကပါ ဘယ်လိုဖြစ်နေတာလဲ. . . ။ ငါဒီကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ တစ်ခါမှလဲ မမြင်ဖူးဘူး . . ။ ဘယ်လိုမှလဲ မပတ်သက်ဘူး။ ဒီကောင် သက်သက်လာအကြောင်းရိုက်သွားတာ . . .”

“တကယ် . . ဟုတ်လား . . .”

“အံ့ပါ့ဟယ်”

“တော်တော်ပိပိရိရိ သရုပ်ဆောင်သွားတာပဲ . .”

မျိုးမျိုးက

“နေဦးဟေ့ . . ငါမှတ်မိပြီ . . . မှတ်မိပြီ . . .”

အင်းလျားတံတားဖြူ ကန်ဘောင်မပေါ်တွင် သူ့ကို လာစသဖြင့် သူစာအုပ်နဲ့ ရိုက်ပစ်ခဲ့တဲ့ ငနဲမှန်း မှတ်မိပြီ . . . ။

“ဒီကြောင်က ငါနဲ့ တံတားဖြူပေါ်မှာ ဆုံဖူးတယ် . . . ။ နင်တို့ကို ငါတစ်လောက ပြောပြခဲ့တဲ့ ဇာတ်လမ်းလေ။ ဒီကောင်ကလဲ ဟို . . ဟိုတစ်ကျပ်လိုက်တောင်းတဲ့ ပိုးတုံးလုံး . . ။ အဲလေ . . . ပင်လယ် ငှက်တို့အဖွဲ့ကပဲ . . .”

ခက်ခက်က မျက်လုံးကပို၍ ပြူးကျယ်သွား၏။

“တကယ်လား . . နင်ပြောတာအမှန်နော် . . .”

“ဟုတ်ပါတယ်ဆို . . ငါက ဘာလို့ လိမ်ရမှာလဲ . . .”

“ဒါဆို ဒီလူတွေ အုပ်စုဖွဲ့ပြီး ငါ့ကိုနှိမ်ဖို့ ကြိုးစားနေတာပဲ။ အကွက်ချပြီး လုပ်နေကြတာ ဖြစ်မယ် . . .”

“အဲဒီတော့ . . .”

“ဒီကိစ္စကို အမြန်ဖြေရှင်းရမှာပေါ့ . . . ခက်ခက်အကြောင်းသိမယ် . . . ။ လာဒီကောင်တွေကို သွားရှာမယ် . . .”

ခက်ခက်ဆိုတာက ဟောဟောဒိုင်းဒိုင်း ကောင်မလေး။ သူဒေါသ





ဖြစ်ပြီဆို တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်။ နောက်ဆုတ်မည့်သူမဟုတ်။ မျိုးမျိုးတို့တစ်သိုက်က အရှေ့မှ ရင်ကော့လျှောက်သွားသည့် ခက်ခက် နောက်က ထပ်ချပ်မကွာ လိုက်ပါသွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ကျောင်းကန်တင်းမှ လဘက်ရည်ဆိုင်တွင် သီဟ၊ မင်းဇော် နှင့်အပေါင်းအပါတစ်စု ထိုင်ကာ လေပစ်နေကြသည်။ သောင်းတင်က ကဗျာတစ်ပုဒ်ကို စာရွက်ကြည့်ကာ ရွတ်ပြနေ၏။

"ကဲ့ရဲ့ရှုံ့ချ အပုတ်ချလဲ
ငါ့မှာဂုဏ်တက်၊ အပြုံးမပျက်ပါ"

သီဟက. . .

"ဒါတော်တော်ကြောင်တဲ့ကဗျာပဲ. . .။ ဘယ်ငကြောင်ရေး တာလဲ. . မင်းလား. . ."

ဟု မောင်မောင်အေးကို လက်ညှိုးထိုးမေး၏။ မောင်မောင်အေး က ပျာပျာသလဲ. . .

"သူ. . သူ. ."





ဟုသောင်းတင်ကို လက်ညှိုးထိုး၏။ သောင်းတင်က မဟုတ်ကြောင်း ငြင်းဆန်နေတုန်း. . . လှဦးက. . .

'အဲဒါ ငါရေးတာ. .

'မင်းငကြောင်ပဲ. . ."

လှဦးကို ဝိုင်းဟားနေစဉ် လမ်းမဘက်ကိုမျက်နှာမူကာ ထိုင်နေသော သီဟက ခပ်လှမ်းလှမ်းတွင် သူတို့ဘက်ဦးတည်လျှောက်လှမ်းလာ နေသော ခက်ခက်တို့အုပ်စုကို မြင်လိုက်ရရာ. . .

"ဟာဟော့ကောင်မင်းဇော် ဟိုမှာခက်ခက်တို့လာနေပြီ မင်း၊ သွားရှောင်နေတာကောင်းတယ်။ မင်းကသွား ပြဿနာရှာထားတာ"

"ဟုတ်တယ် ဟုတ်တယ်"

မင်းဇော်က ထကာရှောင်တိမ်းသွားသည်။ ဝေးဝေးသွားတာ မဟုတ်။ လက်ဖက်ရည်ဆိုင်အနောက်ဘက် နံရံ၌တင်ပုန်းနေခြင်း ဖြစ် သည်။ ပြီးတော့ သီဟတို့အုပ်စုက ကျောင်းစာကြည့်နေဟန်ဆောင်နေ တော့သည်။

"အဲဒီနေ့က ကျောင်းမတက်လို့ အဲဒီအကြောင်းရှင်းလေး ပြန်ရှင်း ပြပါဦး. . ."

သီဟကို မောင်မောင်အေးက ရှင်းပြချင်ယောင်ဆောင်နေ ကြခိုက်. .

သူတို့ဘေးသို့ ခက်ခက်တို့ရောက်လာကာ

'ဒီမှာ. . . ဒီမှာ. . . မင်းဇော်. . မင်းဇော် ဘယ်သွားလဲ. . ."

မောင်မောင်အေးက ခက်ခက်စကားကို နားကြားလွဲဟန်ဖြင့်. .

"ထမင်းကြော်ဟုတ်လား. . . ဘာသားနဲ့လဲဟေ့ ...းပွဲထိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ထမင်းကြော်တစ်ပွဲတဲ့ဟေ့. . .” ဟု ဆိုင်ထဲလှမ်းအော်လိုက်သည်။

‘ဒီမှာနော် ကြောင်တောင်တောင်လုပ်မနေကြနဲ့. . ရှင်တို့သူငယ်ချင်းမင်းဇော်ဘယ်ရောက်နေသလဲ ကျွန်မဒေါ်သထွက်နေပြီ. . ”

“ဒေါ်သကဘယ်ကိုထွက်သွားတာလဲ”

“ဂျပန်ကိုဖြစ်မှာပေါ့”

လှဦးနှင့် မောင်မောင်အေးက အတိုင်အဖောက်ညီစွာ ပြောလိုက်ကြပြန်သည်။ ခက်ခက်က ဒေါ်သဖြင့် အော်လိုက်သည်က. . .

“ပြောစမ်းပါ မင်းဇော်ဘယ်သွားတာလဲ. . ”

ဒီတော့မှ သီဟက မျက်နှာသေဖြင့်. . .

‘ဒီနေ့လေ သူက အိမ်က ထမင်းကို ပဲဟင်းနဲ့စားလာတယ်တဲ့. ’

‘ရှင် ဘာတွေလျှောက်ပြောနေတာလဲ’

‘အခု အန္တရာယ်လွယ်မထားနိုင်လို့ အိမ်သာဘက်ထွက်သွားတယ်လို့ပြောတာ”

“တကယ်လား”

“တကယ်ပေါ့”

“လာဟေ့. . . တို့လိုက်သွားကြမယ်”

ခက်ခက်နှင့်အဖွဲ့ ထွက်သွားတာကြည့်ကာ သောင်းတင်က မောင်မောင်အေးအား. . .

“ဟေ့ကောင်. . . လမ်းကြုံတုန်းပါဆယ်မှာလိုက်ပါလား. . ”

“ထွီ. . . စားထားတာတွေ ပြန်အန်ပါတော့မယ်”

မောင်မောင်အေးကိုကြည့်ကာ ရယ်လိုက်ကြပြန်သည်။

ယောကျာ်းအိမ်သာရှေ့မှာ သူတို့အုပ်စုရပ်စောင့်နေကြသည်။





အိမ်သာက လေညာတွင်ရှိသဖြင့် သူတို့မှာ လေလာတိုင်း မကောင်းသော အနံ့အသက်ဒဏ်ခံနေရတော့သည်။ ဒီတော့ နှာခေါင်းကို လက်နဲ့ပိတ်သူကပိတ်၊ နှာခေါင်းဝတွင်လက်ကလေးတရမ်းရမ်းနှင့် ခါသူကခါ၊ ရေမွှေးဆွတ်ထားသည့် လက်ကိုင်ပုဝါကိုသုံးသည့်သူကသုံး။

“ခက်ခက်ရေ. . . နံလိုက်တာဟယ်. . . ”

မျိုးမျိုးကပြောတော့ သူဇာက. . .

“အိမ်သာပါဆိုနေမှ မွှေးတဲ့အိမ်သာရှိလို့လား. . . ”

ခက်ခက် ကတော့ အနံ့အသက်ကိုက မတားနိုင်အား အိမ်သာထဲက ထွက်လာမည့် မင်းဇော်ကို ရင်ဆိုင်ရန် စိတ်ကူးပြင်ဆင်နေ၏။ သို့သော် အချိန်အတော်ကြာသည့်တိုင်အောင်အထဲကထွက်မလာမျိုးမျိုးက

“ဟုတ်ရဲ့လားဟယ် ဒီမှာဒုက္ခခံနေရတာ မအောင့်နိုင်တော့ဘူး”

“ဒီလိုလုပ်လေ. . . တို့တွေအပြင်ကနေခေါ်ကြည့်ဟယ်”

“အေးကောင်းတယ်. . ကဲ. . . ပြိုင်တူအော်မယ်. . . ဝမ်းတူသရီး. . အထဲမှာ မင်းဇော်ရှိလား. . အထဲမှာမင်းဇော်ရှိလား. . . အထဲမှာ မင်းဇော် ရှိလား. . . ကြောက်လို့ပုန်းမနေနဲ့နော်. . ငါတို့အိမ်သာထဲ ဝင်လာခဲ့မယ်”

ပြောပြီးမကြာမီငနဲတစ်ကောင်အထဲက ကပျာကသီထွက်လာသည်။ ထိုငနဲက ခက်ခက်တို့လူစုကိုတွေ့သောအခါ. .

“ဒီမယ်. . . ဒီမယ်. . ခင်ဗျားတို့ ကျုပ်ကိုခေါ်နေတာလား”

“ရှင့်နာမည်က ဘယ်သူမို့လဲ”

“ကျောက်ခဲ”

“ကျွန်မတို့ခေါ်နေတာက မင်းဇော်လေ ရှင်ကဘာလို့ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

"မသိဘူးလေ. . အိမ်သာထဲမှာ ကျုပ်တစ်ယောက်ထဲရှိတာကို ကျုပ်ကိုခေါ်တယ်ထင်တာနဲ့"

ထိုသူက ကြောင်တောင်တောင်ကြည့်ကာ ထွက်သွားသည်။ မျိုးမျိုးက. .

"နင်ရှာနေတဲ့သူ အိမ်သာထဲမှာလဲ ရှိပုံမရဘူး"

"ဟုတ်တယ်ခက်ခက် တို့ကို ဟိုကောင်တွေလှိမ့်လွှတ်လိုက်တာပဲ ဖြစ်မယ်"

ဟုမျိုးမျိုးကပြောတော့ ခက်ခက်ကထုံးစံအတိုင်း နှုတ်ခမ်းတစ်ဖက်ကိုကိုက်လိုက်ကာ

"သိမယ်. . . လာပြန်သွားကြမယ်"

သူတို့အုပ်စုက သီဟတို့ထိုင်နေသော လက်ဖက်ရည်ဆိုင်ဆီ ပြန်လျှောက်လာခဲ့ကြသည်။ ဒီတစ်ခါတော့ သီဟတို့ အငိုက်မိသွား၏။ ခက်ခက်တို့မရှိတော့သဖြင့် မင်းဇော်က ပုန်းနေရာမှ ထွက်လာကာ စားပွဲတွင် ထိုင်ရင်း လေပစ်နေလေရာ၊ ရုတ်တရက်ဘေးကို ခက်ခက်တို့ ရောက်လာမှ သတိထားမိတော့သည်။

"ဒီမယ်. . ဒီမယ်. . . ရှင်ယောကျ်ားလား"

ခက်ခက်က ခါးထောက်ကာမေးလိုက်သည်။ မင်းဇော်က စပ်ဖြဲဖြဲမျက်နှာဖြင့်. .

'မယုံရင်စမ်းကြည့်လေ. . "

"ဘာပြောတယ်"

"တလွဲမတွေးပါနဲ့. . . သတ္တိကိုစမ်းကြည့်ပါလို့ပြောတာပါ"





"သတ္တိရှိတယ်ပေါ့"

"ရှိပါတယ်"

"ရှိရင် ကျွန်မတို့စားပွဲကိုလိုက်ခဲ့"

ခက်ခက်တို့အုပ်စုက ထွက်သွားကာ ဆိုင်အတွင်းရှိ လူရှင်းသော ခပ်လှမ်းလှမ်းစားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်ကြသည်။ မင်းဇော်က လွယ်အိတ်ကိုင်ကာ ထိုင်ရာမှထလိုက်တော့ သီဟတို့က စိုးရိမ်တကြီး အမူအယာဖြင့်

"ဟေ့ကောင်ဖြစ်ရဲ့လား. . . မင်းဇော်"

"ဖြစ်ပါတယ်. . . မင်းဇော်ပါကွ. . . "

"သူတို့က တစ်အုပ်ကြီးနော် ဝိုင်းသမကြမှာ"

"ရပါတယ် ငါ့မှာနည်းရှိတယ်။ မင်းတို့က ဒီမှာပဲထိုင်နေ ပြီးရင် မီးစင်ကြည့်က. . "

"အိုကေ . . အိုကေ. . "

မင်းဇော်က ရဲရဲတင်းတင်း အမူအယာဖြင့်ပင် လျှောက်သွားကာ ခက်ခက်တို့စားပွဲမှ ခုံတစ်လုံးတွင်ဝင်ထိုင်လိုက်သည်။ တခြား ယောကျ်ားလေးတစ်ယောက်သာဆိုပါက ထိုအုပ်စုနှင့် ရင်ဆိုင်ဖို့အရေး တွေးတောကာ ဒူးတုန်ကောင်းဒူးတုန်စေနိုင်သည်။ မင်းဇော်ကတော့ ရှက်ကြောပြတ်နေရုံသာမက ဖြတ်ထိုးဉာဏ်လဲကောင်းသူဖြစ်သဖြင့်သာ အေးအေးလူလူ ရင်ဆိုင်လိုက်၏။ သူ၏ပူပန်မှု ကင်းမဲ့သော အမူအရာက တစ်ဘက်လူကို အဟန့်အတားဖြစ်စေသည်။

"ကဲ. . ပြော. . . မင်းဇော်ဘာလုပ်ပေးရမလဲ"

ခပ်တည်တည်မေးလိုက်တော့ ခက်ခက်က



www.burmeseclassic.com

www.burmeseclassic.com



"အတန်းရှေ့မှာ ရှင်အရှက်မရှိလာလုပ်သွားတဲ့ ကိစ္စကို ရှင်းပြပါ"

ဟုခပ်စွာစွာပြောလိုက်၏။ မင်းဇော်က ခက်ခက်ကို ရှင်းပြမည့်အစား သီဟတို့ထိုင်နေသော စားပွဲရှိရာဘက်သို့ မျက်နှာကိုလှည့်လိုက်ကာ လက်ခုပ်နှစ်ဘက်ကို ပါးစပ်တွင်တေ့၍ အော်ပြောလိုက်၏။

"အတန်းရှေ့မှာ ရှင်အရှက်မရှိလာလုပ်သွားတဲ့ကိစ္စကိုရှင်းပြပါတဲ့"

မင်းဇော်ပြောလိုက်သောစကားက သီဟတို့အုပ်စုသာမက တစ်ဆိုင်လုံးရှိလူများက ကောင်းကောင်းကြားလောက်၏။ အားလုံးကပင် သူတို့ဆီအာရုံကျရောက်ကာ ဝိုင်းကြည့်နေကြသည်။

မင်းဇော်ဘာယ်အချိုးချိုးနေသည်ကို အကွက်မြင်ပြီးဖြစ်သော သီဟတို့ကလဲ မင်းဇော်ဆင်ထားသောအကွက်အတိုင်း လိုက်နိုင်ကာ လေးယောက်သား ပြိုင်တူမင်းဇော်ဆီ ပြန်အော်ပြောရင်းမေးလိုက်၏။

"ဘာကိစ္စကို ရှင်းရမှာလဲ. . ."

မင်းဇော်က ခက်ခက်ဘက်ပြန်လှည့်ကာ ပြောလိုက်ပြန်သည်။

"ဘာကိစ္စကို ရှင်းရမှာလဲတဲ့. . ."

ခက်ခက်စိတ်တိုလာသည်။

"ရှင်နဲ့ကျွန်မ ရည်းစားမဟုတ်ဘူးဆိုတာရှင်းလေ. . ."

"အော်. . ဟုတ်ပြီ. . ဟုတ်ပြီ" မင်းဇော်က ခေါင်းတဆတ်ဆတ်နှင့် စပ်ဖြီးဖြီးပြောပြီးမှ သီဟတို့ဘက်ပြန်လှည့်ကာ. .

"ရှင်နဲ့ကျွန်မ ရည်းစားမဟုတ်ဘူးဆိုတာရှင်းတဲ့. ."

ဟုတစ်ဆိုင်လုံးကြားအောင် အော်ပြောလိုက်ပြန်၏။ အခုတော့ သူတို့ကိုကြည့်ကာ ပြုံးစိစိဖြစ်နေကြလေပြီ။ ဘေးကခက်ခက်သူငယ်ချင်းတွေကလဲ ဘာလုပ်ရမှန်းမသိ။ မင်းဇော်၏တိုက်ကွက်က ထိရောက်လှ





သည်။ သီဟတို့အုပ်စုက ပြိုင်တူအော်ပြောပြန်၏။

"မင်းနဲ့သူနဲ့ရော. . ရည်းစားဟုတ်လို့လား"

"သိဘူးလေ. . ."

မင်းဇော်က ပြောင်စပ်စပ်ပြော၏။ မင်းဇော်မျက်နှာပြောင်ပုံက ကမ်းကုန်သည်ဆိုရမည်။ ခက်ခက်ကဒေါသပွကာ

"တောက်. . မျက်နှာကိုက အရှက်မရှိတဲ့အကောင်"

မင်းဇော်က 'ကျွန်တော်က အဲသလိုပါပဲ'. . ပြောပြီး သီဟတို့ဆီလှမ်းအော်ပြောပြန်သည်။

"ငါ့ကိုပြောနေတယ် အရှက်မရှိတဲ့အကောင်တဲ့. . ."

ထိုစကားအဆုံး သီဟတို့အုပ်စုက

"ဒါဆို. . . ညီမလေးအဖြေမှန်ပါတယ်. ."

ဟုရုပ်မြင်သံကြားပဟေဠိအမေးအဖြေခန်းတစ်ခု၏ လေသံကို တုပကာပြောလိုက်ရာ တစ်ဆိုင်လုံး ပွဲကျသွားတော့သည်။

"ဘာဖြစ်လို့. . . အဲသလို အော်နေရတာလဲ. . ."

"ဘာဖြစ်လို့ အော်နေရတာလဲတဲ့. ."

ခက်ခက်ထိုင်ရာက ထလိုက်သည်။ ဒီကိုလာတုန်းက မင်းဇော်ကို တွေ့ကာ ညှိနှိုင်းဖို့ဖြစ်သည်။ အခုတော့ ကိုယ်ကညှိနှိုင်းခံ ရသလိုဖြစ်နေသည်။ ဒီဆိုင်ထဲမှာကြာရှည်ဆက်ပြောနေလည်း ကိုယ်က ဆက်အရှက်ကွဲနေပေတော့မည်။

"ရှင်ကျွန်မအကြောင်းသိစေရမယ်. . ."

ဟုပြောကာထိုနေရာက ခြေဆောင့်နင်းရင်း ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရောက်ပြန်ပြီ။ ကျောင်းရုံးခန်း။ ရှေ့မှာစားပွဲ ၂ လုံးနှင့် ဆရာတစ်ယောက်၊ ဆရာမတစ်ယောက်။ ရှေ့တွင်ခုံတစ်လုံးနှင့် မင်းဇော်နှင့် ခက်ခက်တို့ ထိုင်နေကြသည်။ ထိုဆရာနှင့် ဆရာမမှာ မကြာခင်ကပင် ခက်ခက်နှင့် သီဟပြဿနာကို ဖြေရှင်းပေးခဲ့ကြသူများဖြစ်သည်။ ဆရာလုပ်တဲ့သူက ခက်ခက်ကိုစေ့စေ့စပ်စပ်ကြည့်ရင်း

"လူသာပြောင်းတယ်. . မင်းကမပြောင်းပါလား. . ဘာလဲ ပိုက်ဆံ တစ်ကျပ်ကိစ္စလား. . ."

ဟုမေးက တစ်ဆက်တည်းမင်းဇော်ဘက်လှည့်၍ . .

"မင်းဟာလဲ ပိုက်ဆံအိတ်ပျောက်ပြန်ပြီလား. ."

ဟုမေးလိုက်၏။ ခက်က. . .

"မဟုတ်ပါဘူးဆရာကြီး. . သူကခက်အတန်းကိုလာပြီး. ."

ခက်က ပြောရခက်ဟန်နှင့် ခေတ္တရပ်လိုက်သည်။ ဆရာလုပ်သူက. . .

"သူကဘာပြောသလဲ. ."





ခက်ကရုတ်တရက်မဖြေခင် မင်းဇော်က. .

"ဒီလိုပါဆရာကြီး ကျွန်တော်က သူနဲ့ချိန်းထားတာ မနက်က နာရီဝက်နောက်ကျသွားတယ်. . အဲဒါကိုတောင်းပန်စကားပြောတာ"

"အေးလေ တောင်းပန်စကားပြောတယ်ဆိုတာ. . ကောင်းတာပဲ. . မင်းကဘာကိုအလိုမကျဖြစ်နေတာလဲ. ."

"ဒီလိုပါဆရာကြီး. . . သူနဲ့ ကျွန်မနဲ့က ဘာမှမပတ်သက်ဘူး. . အခုတော့ သူက သူနဲ့ကျွန်မနဲ့ချစ်သူတွေပဲဖြစ်နေတဲ့ပုံစံမျိုးနဲ့. ."

"ခက်. . မင်းဘယ်လောက်စိတ်ဆိုးဆိုး ဒီလိုမပြောသင့်ပါဘူးကွာ ခက်အနေနဲ့. ."

"ဘာခက်လဲ ရှင် ကျွန်မကို ခက်. . ခက်နဲ့. . မခေါ်နဲ့. ."

"ကိုယ်ကအမြဲတမ်း ခက်လို့ပဲခေါ်လာတာ မဟုတ်လား. . ကိုယ်တို့အချင်းချင်းအဆင်မပြေရင် နှစ်ဘက်လူကြီးတွေလဲစိတ်ညစ်ရမယ် ဒီတော့ခက်ရယ်. . ."

"လာပြန်ပြီလားခက်. . . မခေါ်နဲ့လို့ ပြောနေတာကို"

ဆရာနဲ့ဆရာမဟာ သူတို့နှစ်ယောက်ကို အသေအချာအကဲခတ်သလို စူးစိုက်ကြည့်သည်။ ကောင်မလေးပုံစံက ဒေါသဖြစ်နေသောပုံ ကောင်လေးပုံက သူချစ်သောရည်းစားကို အောက်ကျို့ခံကာ တောင်းပန်နေပုံ။ တကယ်တော့ သရုပ်ဆောင်ကောင်းလှသည့် မင်းဇော်၏အမူ အယာကိုကြည့်ကာ ဆရာနှင့် ဆရာမမျောသွားခြင်းဖြစ်သည်။ ဆရာကြီးက

"မင်းတို့ ချစ်သူချင်းဖြစ်တဲ့ကိစ္စဆိုလဲ. . . အပြင်မှာပြေပြေလည်လည် ရှင်းကြပေါ့ကွာ။ တို့ရုံးခန်းအထိရောက်မလာသင့်ဘူး. . တို့မှာလဲ တခြား အလုပ်တွေအများကြီးရှိတယ်. ."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဆရာကြီး . . သူနဲ့ကျွန်မနဲ့ချစ်သူတွေမဟုတ်ကြပါဘူး . . ဘာမှလဲ မဟုတ်ကြပါဘူး . . ."

"ခက်"ကပျာပျာသလဲရှင်းသည်။ ဆရာကြီးက မင်းဇော်ကိုကြည့်လိုက်၏။ မင်းဇော်ကတကယ့်မျက်နှာသေဖြင့်ခေါင်းငိုက်စိုက်ချတာ . .

"သူ့ဘက်က ဒီလောက်တင်းမာနေမှတော့ ကျွန်တော့်ဘက်ကပဲ အလျှော့ပေးပါ့မယ် . . ဆရာကြီးတို့ကြိုက်တဲ့အပြစ်ပေးပါ . . ကျွန်တော် ခံယူပါ့မယ် . ."

ဆရာနှင့် ဆရာမက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ အပြစ်ပေးရအောင်လဲတစ်ဖက်က ဆိုးဆိုးဝါးဝါး ကျူးလွန်တာမဟုတ်။ အတန်းရှေ့မှာ လာရောက်တောင်းပန်တာတဲ့။ ပြီးတော့ သူတို့ကြည့်ရတာကလဲ မရှင်းမရှင်း။ ကောင်မလေးက ဘယ်လို ငြင်းငြင်း ဒါကစိတ်ဆိုးတုန်းငြင်းတာပဲဖြစ်မည်။ သမီးရည်းစား လင်မယားတွေကြားမှာ ဒီလိုအဆင်မပြေ၊ ကတောက်ကဆဖြစ်တတ် ကြတာလေးတွေ ရှိတတ်စမြဲပဲ။ မြွေမသေတုတ်မကျိုး ကိုင်တွယ်မှ ဖြစ်မည်ဟု ဆရာကြီးက တွေးကာ

"သမီး . . . အခုရက်ပိုင်းအတွင်း ကျောင်းပြန်ဖွင့်တာ မကြာသေးဘူး . . . မင်းရုံးခန်းရောက်တာနှစ်ခါရှိပြီ . . မိန်းကလေးက ခဏခဏ ပြဿနာဖြစ်တာ မကောင်းဘူး . ."

ဒီစကားကြောင့် ခက်က အောင့်သက်သက်ဖြစ်သွားသည်။ သူတိုင်တန်းတာ ထိရောက်မှာမဟုတ်မှန်း ကြိုတင်သိလိုက်၏။

"တစ်ကျောင်းတည်း ပညာသင်နေကြတဲ့သူတွေပဲကွယ် . . တစ်ယောက်နဲ့တစ်ယောက်အလျှော့ပေးဆက်ဆံကြ . . ပြဿနာမဖြစ်စေ





နဲ့ . . . အားလုံးငြိမ်းငြိမ်းချမ်းချမ်း စာသင်နေတာဆရာမြင်ချင်တယ်"

ကိစ္စက ဤနေရာမှာပင်ပြီးပြတ်သွားသည်။ ခက်ခက်က မကျေမချမ်းနှင့် ပြန်လာခဲ့ရသလောက် မင်းဇော်ကတော့ ပြုံးပျော်စွာပြန်လာခဲ့သည်။

ပြီးတော့ သူအောင်ပွဲခံခဲ့သမျှကို ရှင်းလင်းပြရန် သူငယ်ချင်းတွေ စုဝေးထိုင်တတ်သည့် လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့၏။ ဆိုင်မှာ သီဟကလွဲ၍ လူစုံတက်စုံရောက်ရှိနေကြသည်။ သူက သူ့ရုံးခန်းမှာ ဆင်နွှဲခဲ့သမျှကို ရှင်းပြတော့အားလုံးဟာ မင်းဇော်ကို ဝိုင်းဝန်းချီးကျူးကြသည်။

"မင်းဇော်တော်တယ်ကွာ . . . လုပ်ခဲ့တာအပိုင်ပဲ . ."

"မင်း ဒီအကြံတွေဘယ်ကထွက်လာတာလဲ"

"ဒီခေါင်းကလေ . . ."

"အေး . . . အဲဒီခေါင်းကိုဖြတ်ပြီးရွှေချထားဖို့ ကောင်းတယ်"

"နေပါဦး . . . ဒီနေ့ သီဟဘာလို့မလာတာလဲ . ."

မင်းဇော်က အခုမှ သီဟရောက်မလာတဲ့အကြောင်းမေးပါသည်။ မောင်မောင်အေးက . . .

"သူတို့အိမ်နေရာကဖျက်ပြီး . . . အခုကန်ထရိုက်တိုက်ဆောက်မလို့တဲ့ . ."

"ဟုတ်လား . . . ဒါဆိုသူတို့မိသားစုဘယ်သွားနေမလဲ"

"အနီးအနားမှာဆိုတော့ ငှားနေရမှာပေ့ါ . . . အဲဒါစဘော်ပေးဖို့ ငွေနှစ်သောင်းလောက်လိုလို့တဲ့ . . ဒီကောင်ခေါင်းခဲနေတယ် . . ပိုက်ဆံလိုက်ရှာနေလားမသိပါဘူး . . အဲဒါကြောင့်မလာတာ . . ."

သူတို့အဖွဲ့ထဲတွင် သီဟက ဆင်းရဲသူဖြစ်သည်။ မင်းဇော်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သူငယ်ချင်းတွေအထဲမှာ အချမ်းသာဆုံး။ မင်းဇော်က သီဟအတွက် စိတ်မကောင်းဖြစ်ကာ တွေတွေငေးငေး ငြိမ်သက်သွားလေသည်။



# အခန်း (၅)

ကောင်းကင်ပြာပြာတွင် တိမ်ဖြူဖြူတို့နှင့်လှပနေကြသည်။ နေရောင်ခြည်က ရွှေရောင်လိုဝင်းလက်နေသည်။ တက္ကသိုလ်နယ်မြေတွင် တိုက်ခတ်နေသည့် လေထဲ၌ကံ့ကော်ပန်းတို့၏ မွှေးရနံ့ထုံပျံ့နေတတ်သည်လည်းရှိ၏။

အပူအပင်ကင်းမဲ့စွာ ပညာရှာမှီးနေကြသော အရွယ်မို့ ကံ့ကော်ရှာသူ ကံ့ကော်ရှာသားအားလုံးဟာ ပကတိလွတ်လပ်ကြသည်။ ပျော်ရွှင်ကြသည်။ လူ့ဘဝတွင် နောက်တစ်ကြိမ် ပြန်မမက်နိုင်သော အိပ်မက်များကျောင်းတော်ကြီးကာဘဝဖြစ်သည်။ စိန်ပန်းပင်ကြီး တစ်ပင်အောက်ရှိ ခုံတန်းလျားရှည်မှာ ခက်ခက်တို့လူစု စကားဝိုင်းဖွဲ့နေကြစဉ်၊ ရုတ်တရက် သူတို့အနီးကို သီဟတို့အုပ်စုချဉ်းကပ်လာသဖြင့် အားလုံးရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ တကယ်တော့ သူတို့အုပ်စု (၂)စုဆိုသည် စစ်မကြေငြာပဲ တိုက်ပွဲဖြစ်နေသည့် အတိုက်အခံအုပ်စုတွေ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်ဖက်ကချဉ်းကပ်လာသည့် သီဟတို့အုပ်စုမှာ ရန်လိုလားဟန်မပြု အလံဖြူတင်လာသကဲ့သို့ ငြိမ်းငြိမ်းချမ်းချမ်းရှိသဖြင့် ခက်ခက်က. . .

"ဘာလဲ. . . ဘာကိစ္စရှိလို့လဲ"

ဟု ဟန်ကိုယ့်ဘို့လုပ်ကာ မေးလိုက်ရလေသည်။

သီဟက ပကတိရိုးစင်းသော မျက်နှာဖြင့်. . .

"ဒီလိုပါ. . . ကျွန်တော်လာတောင်းပန်တာပါ. . ကျွန်တော်တို့ အုပ်စုက. . ခင်ဗျားအပေါ် နောက်တာပြောင်တာလွန်သွားတယ်. . ထင်လို့ပါ. . ."

သီဟက တကယ်ပင် ထိုကဲ့သို့ထင်ခဲ့သည်။ သူကနောက်ထားသည့်အထဲတွင် မင်းဇော်ကထပ်ဆင့်လိုက်သောအခါ ခက် ပေါက်ကွဲမည်ဆိုပါကလည်း အပြစ်ဆိုစရာမရှိဟု ထင်ပါသည်။ သူတို့က ယောကျ်ားဟု အမည်ခံထားသော ယောကျ်ားတွေဖြစ်သည်။ ယောကျ်ားတွေက အားနွဲ့သောမိန်းကလေးအပေါ် အနိုင်ကျင့်ရာကျမှာ စိုးသည်။

ခက်က သူတို့အုပ်စုကိုအကဲခတ်လိုက်သည်။ ထိုအုပ်စုထဲတွင် မင်းဇော်ပါလာတာမတွေ့ရတော့ သူ့ဒေါသတွေကိုလျှော့ချလိုက်၏။ သီဟကိစ္စက ပြန်တွေးကြည့်ပါက ခွင့်လွှတ်မည်ဆို ခွင့်လွှတ်နိုင်သေးသည်။ သူ့အိမ်ပြန်ရန် လမ်းစရိတ်မရှိ၍ ထိုသို့ပြုမူခဲ့ခြင်းဖြစ်သည်။ ထိုနေ့က သူ့ပိုက်ဆံအိတ်သာမပျောက်ခဲ့ပါလျှင် ထိုသို့ပြုမည်မဟုတ်။

သို့သော် မင်းဇော်လုပ်ပုံကတော့ ပြန်တွေးကြည့်လေ ဒေါသဖြစ်လေ ဟင်း. . သက်သက်သူ့အတန်းရှေ့မှာ ပေါ်လာပြီး သူ့ကို ရည်ရွယ်ချက်ရှိရှိ အရှက်ခွဲခဲ့ခြင်းဖြစ်သည်။





"ကျွန်တော်တောင်းပန်တာကိုလက်ခံတယ်မဟုတ်လား. ."

"ရှင်က. . . ဘာဖြစ်လို့တောင်းပန်ရတာလဲ. . ."

ခက်က ပြန်မေးခွန်းထုတ်လိုက်၏။

"ခင်ဗျားတို့နဲ့ ခင်မင်ချင်လို့ပါ. . ကျွန်တော်တို့ အုပ်စုကပျော်တတ်တယ်. . ခင်ဗျားတို့ အုပ်စုကလဲ ပျော်တတ်ပုံရတယ်. . ကျွန်တော်တို့ အုပ်စုနှစ်စုပေါင်းမိရင်တော်တော်ပျော်စရာကောင်းမယ်လို့. . ကျွန်တော် ထင်တာပဲ. . ."

လောကတွင် မပျော်ချင်သောသူဟူ၍ ရှိမည်မဟုတ်။ ပျော်တယ်ဆိုတာ စိတ်ညစ်နေတယ်ဆိုတာထက်ပိုကောင်းတာ။ လူတိုင်းသိသည်ပဲ။ ခက်က. .

"ကောင်းပြီလေ. . . ရှင်တို့ကိုလက်ခံတယ်. ."

သီဟအဖွဲ့က ဝမ်းသာအားရ အော်လိုက်၏။ ခက်က. .

"တစ်ခုတော့ရှိတယ်. ."

ဆိုသဖြင့် မြူးတူးသံရပ်တန့်သွားသည်။ သီဟက. .

"ဘာများလဲ"

"ပြန်တွေးကြည့်တော့ ရှင့်အပြုအမူက ကျွန်မအပေါ် ဒီလောက်လဲမထိခိုက်ဘူး. . ခွင့်လွှတ်မယ်ဆိုခွင့်လွှတ်နိုင်တယ်. . . ဒါပေမဲ့ ဟိုမင်းဇော်ဆိုတဲ့ တစ်ယောက်အပေါ်မှာတော့. . ."

မင်းဇော်သူ့အပေါ်စော်ကားခဲ့ပုံတွေ မျက်လုံးထဲတွင် ပြန်လည်မြင်ယောင်လာကာ. . .

"ကျွန်မ. . ဒီလူ့ကို ဘယ်တော့မှခွင့်လွှတ်မှာမဟုတ်ဘူး. . အဲဒါကိုတော့ ရှင်တို့ စွဲစွဲမြဲမြဲမှတ်ထားစေချင်တယ်. ."



www.burmeseclassic.com

www.burmeseclassic.com



ခက်ခက်၏အသံက ရင်ထဲက ပေါက်ကွဲထွက်လာသော အသံ။ သီဟက သူ့သူငယ်ချင်းမင်းဇော်အတွက် စိတ်မကောင်း။ သို့သော် အခုလောလောဆည် မာန်ပြေရန်ပြေဖြစ်နေတာကိုတော့ လက်ခံရပေမည်။

"ကောင်းပါပြီ . . ကဲဒါဆို ခင်ဗျားတို့နဲ့ကျွန်တော်တို့ သူငယ်ချင်းတွေဖြစ်ကြပြီပေါ့နော်"

ဟု သီဟက ပြောလိုက်ရာ ခက်၏ဘော်ဒါတွေက . .

"ရပါတယ် . . ပင်လယ်ငှက် . . ဂိုးတုံးလုံးကောင်ရယ် . . "

မြူးမြူးကြွကြွအသံဖြင့် တုံ့ပြန်လိုက်လေတော့သည်။

* * *



ထို့နောက်တွင်မူ သူတို့အုပ်စုနှစ်ခုကို တပူးပူးတတွဲတွဲအဖြစ် စားသောက်ဆိုင်တန်းမှ စားသောက်ဆိုင်များနှင့် ကျောင်းပတ်ဝန်းကျင်တဝိုက်တွင် မပြတ်မြင်တွေ့လာရသည်။ ကျောင်းတွင် အတန်းချိန်ရှိနေသည်မှအပ သူတို့မခွဲမခွာရှိနေကြသည်။ သူတို့အုပ်စုနှစ်ခုအကြားတွင် ရှိနေသော ခင်မင်ရင်းနှီးမှုကလည်း တစထက်တစ ရင့်သန်လာပေသည်။ အားလုံးပျော်နေကြသည်ဆိုသော်လဲ အပျော်ဆုံးလူကတော့ သီဟသာ ဖြစ်ပေသည်။

သီဟအဖို့တော့ အမြဲလိုလို ခက်ခက်၏ မျက်နှာလေးကို မြင်တွေ့ခွင့်ရနေတာ။ ခက်ခက်အသံကလေးကို ကြားခွင့်ရနေတာ၊ ခက်ခက်၏ ကိုယ်သင်းနံ့ကလေးကို ရှူရှိုက်နေတာ၊ မဟာအခွင့်ထူးကြီးတစ်ရပ်ပင် ဖြစ်သည်။ တစ်ခါတစ်ရံ၌ ကျောင်းကခက်ခက်သည် ကျောင်းမှာသာမက သူ့အိပ်မက်ထဲအထိ ပါလာ၏။ ဒါကိုသူက ကျေနပ်နေမိ၏။ အဘယ်ကြောင့်ဆိုသော် ခက်ခက်ကို သူတစ်ဖက်သတ်ချစ်နေပါသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မိန်းကလေးကိုမှ မချစ်ဖူးသော အချစ်ဖြင့် သူခက်ခက်ကို ချစ်နေပါသည်။ သို့သော် သူ့ရင်ကိုခွဲကာ သူ့အသဲကိုတော့ ပြသခွင့်မရှိသေး။ အကယ်၍ခက်ခက်ကသာ သူ့ကိုငြင်းဆိုခဲ့သော် ယခုလက်ရှိရနေသောအခွင့်အရေးကလေးပင် ဆုံးရှုံးသွားမှာစိုးသောကြောင့် ဖြစ်သည်။ သူကပျော်နေသလောက် မပျော်နိုင်သူတစ်ယောက်ရှိနေသည်။ ထိုသူကား မင်းဇော်ပင်ဖြစ်လေသည်။

အင်းလျားကန်တစ်နေရာတွင် မင်းဇော်က ရေမျက်နှာပြင်ကို ကြည့်ကာ မှိုင်ငေးနေတုန်းသီဟတို့ အုပ်စုရောက်ရှိသွား၏။

"မင်းဇော်. . . မင်းဘာထိုင်လုပ်နေတာလဲ. . ."

"ရေကသိုဏ်းရှုနေတာလား. . ."

"မဟုတ်ဘူး. . အင်းလျားကန်ထဲကရေတွေကို ရေခဲတုံးလုပ်ရောင်းဖို့ ကြံနေတာဖြစ်မယ်"

သို့သော် မင်းဇော်က မရယ်မမောဘဲ ခပ်တည်တည်အမူအယာဖြင့်. . .

"တော်ကြစမ်းပါကွာ. . ငါ့မှာစိတ်ညစ်နေရတဲ့အထဲ. ."

"ဟင်. . ဘာတွေစိတ်ညစ်စရာရှိလို့လဲ"

"မင်းတို့စဉ်းစားကြည့်လေ. . အရင်က ငါတို့သူငယ်ချင်းတစ်သိုက် အတူသွား. . အတူစား. . အခုတော့ မင်းတို့ကငါ့တစ်ယောက်ထဲ ချန်ထားခဲ့တယ်ဆိုတော့. . ."

သီဟက တောင်းပန်လိုက်သည်။

"ငါ. . တောင်းပန်ပါတယ်မင်းဇော်ရယ်. . ငါတို့လဲ မင်းကို ဘယ်ခွဲထားချင်ပါ့မလဲ. . မင်းလဲသိတယ်မဟုတ်လား. . ခက်ခက်က





မင်းကိုသိပ်ဒေါသဖြစ်နေတာ. . သူ့ရှေ့ကို- မင်းကိုခေါ်မလာပါဘူးလို့ ကတိပေးထားရတယ်လေ. . ."

"မင်းတို့ တော်တော်သူငယ်ချင်းမပီသတဲ့ကောင်တွေ. . ."

မင်းဇော်ကပြောင်း၏။ လှဦးက. . .

"ဟုတ်တယ်ကွ. . ငါတို့မင်းဇော်ကို ခက်နဲ့စေ့စပ်ပေးလိုက်ကြရအောင်. . ."

မင်းဇော်က ပြာသွားသည်။

"တစ်ခါတည်း တန်းစေ့စပ်တော့မလို့လား. . ငါ့ဘက်က လူကြီးတွေပါ ခေါ်လာရမလား. . ."

"ဟာ. . ခွေးကောင်. . . ငါတို့က မင်းနဲ့သူ့အကြား ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ပေးမယ်. . ပြောတာ ပိစ်ဟော့. . ."

သီဟက တွေးတွေးဆဆအမူအယာနှင့်

"ခက်ခက်က ဒီကောင့်ကို အစိမ်းလိုက်ဝါးစားချင်လောက်အောင် မုန်းနေတာ. . လွယ်တော့မလွယ်ဘူး. . . အဲဒီအစား မြင့်မိုရ်တောင်ကြီးကိုသာ ရွှေ့လိုက်ချင်တော့တယ်. . ."

မောင်မောင်အေးက. . .

"အပြောမကြီးနဲ့. . . ကဲ. . မြင့်မိုရ်တောင်ပဲ မင်းရွှေ့လိုက်တော့. ."

"မြင့်မိုရ်တောင်ကို တင်တွန်းဖို့ မင်းတွန်းလှည်းရှာပေးလေ"

"ဟော့ကောင်တွေ အပိုတွေ ပြောမနေနဲ့. . ငါ့ရောဂါက တစ်နေ့ထက်တစ်နေ့ ဆိုးလာပြီ. . ."

"ဘာရောဂါလဲ. . လိပ်ခေါင်းလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ခက်ခက်ကို ရင်းနှီးချင်တဲ့ရောဂါကွ. . . ငါမရင်းနှီးလို့မရ တော့ဘူး. . . သူ့ကို သိပ်စိတ်ဝင်စားနေပြီ. . ."

သီဟက ကြားဖြတ်မေးသည်။

"နေပါဦး. . မင်းတို့က ကမ္ဘာ့ရန်မဟုတ်လား. . ဘယ်တုန်းက စိတ်ဝင်စားသွားတာလဲ. . ."

"သူနဲ့ကတောက်ကဆစဖြစ်ကတည်းကပဲ. . သူဒေါသဖြစ်နေ တဲ့ ပုံလေးက ချစ်စရာ. . သူဒေါသဖြစ်နေတဲ့အသံကိုက ချစ်စရာ. . ငါ့မှာ သွားလဲဒီစိတ်. . . စားလဲဒီစိတ်. . ."

မောင်မောင်အေးက. .

"အိပ်လဲ ဒီစိတ်ပဲလား. . ."

"အိပ်နေရင်တော့ ဘဝင်စိတ်ထဲမှာရှိမှာပေါ့ကွ. . . အဘိဓမ္မာ တရားတော်ထဲမှာ ဒီအတိုင်းပါတာ"

"မင်းဇော်ရာ တန်ရာတန်ရာပြော. . တော်တော်ကြာ မိုးကြိုး ပစ်ခံရရင် ငါတို့ပါ စက်ကွင်းမလွတ်ဖြစ်နေမယ်. . ."

မင်းဇော်က. .

"အကြံမရသေးဘူးလား. ."

"အကျိုက ဘာလုပ်ဖို့လဲ ဝက်စာကျွေးဖို့လား. . ."

"ငါနဲ့ ခက်နဲ့ ရင်းနှီးနိုင်မယ့် အကြံကိုပြောတာ. . ."

သီဟက မင်းဇော်ပခုံးကို တစ်ချက်ပုတ်လိုက်ကာ. . .

"ဒီလိုလုပ်ကွာ မင်းဇော်. . ."

"မင်းက ဘာမှမပြောသေးဘူးလေ. . ဘယ်လိုလုပ်ရမှာလဲ"

"ဒီလိုလေ. . မနက်ဖြန် မင်းငါတို့နဲ့ လိုက်ခဲ့. . ငါကမင်းကိုယ် စားခက်ကို တောင်းပန်ပေးမယ်. ."

"မလိုဘူး. . . ငါကိုယ်တိုင်တောင်းပန်မယ်. . . သူကျေနပ် ခွင့်လွှတ်တဲ့အထိ ငါတောင်းပန်မယ်. . ."

မင်းဇော်က ဤအသံကြားရရုံဖြင့် ရွှင်လန်းတက်ကြွနေသည်။

"တစ်ခုတော့ရှိတယ်. . . လူချင်းတွေ့တုန်း ခက်မကျေမနပ် ဖြစ်မယ့် ကိစ္စမျိုး. . အပြောအဆို. . အမူအယာမျိုး မင်းမလုပ်နဲ့. . ."

"လုပ်ပါ့မလားသီဟရာ. . ငါကခင်ချင်နေပါတယ်ဆိုမှ. . ."

"ကောင်းပြီလေ. . . ဒါဆိုတို့ ဒီအတိုင်းလုပ်ကြမယ်. . ."

^ ^ ^



www.burmeseclassic.com

www.burmeseclassic.com

"လာကြပော့. . လာကြ. . ."

သီဟတို့ လူစုရောက်သွားတော့၊ ဆိုင်တွင်ကြိုတင်ရောက်ရှိနေသည့် ခက်ခက်တို့လူစုက ဖိတ်ခေါ်သည်။ သူတို့အုပ်စုသည် စားစရာများကိုမှာယူကာ စားသောက်နေကြဆဲဖြစ်၏။

ယခင်ကဆိုလျှင် သီဟတို့လူစုသည် ရောက်လာသည်နှင့်လွတ်ရာခုံများတွင် တိုးဝှေ့ထိုင်ခြင်း၊ စားပွဲပေါ်မှစားစရာများကို မပြောမဆိုကောက်ယူစားခြင်း၊ မိမိတို့စားသောက်လိုသည်များကို စားပွဲထိုးများအားလှမ်းခေါ်အော်မှာခြင်းများပြုလုပ်နေကြဖြစ်သော်လည်း ယနေ့တွင်မူထူးထူးခြားခြား ကြန္ဒြေရနေရုံမက စားပွဲတွင်ပင် ဝင်ထိုင်ခြင်းမပြုသေးဘဲရှိသဖြင့်ခက်ခက်က. . .

"ထိုင်ကြလေ. . ဘာဖြစ်နေတာလဲ. ."

ဟု ဖိတ်ခေါ်လိုက်၏။

သီဟတို့ပါလာသောအခါ မင်းဇော်ပါလာခဲ့သည်။ မင်းဇော်ကို ရုတ်တရက်မမြင်ရအောင် သူတို့အုပ်စုက ကာကွယ်ထား၏။





မင်းဇော်က သူတို့အုပ်စုနောက်တွင် ပုံးလျှိုးကွယ်လျှိုးရပ်နေ၏။ သီဟကအရဲစွန့်ကာ မှင်သေသေဖြင့်. . .

"ဒီလိုပါခက်. . ဟိုလေ. . မင်းဇော်က ခက်ခက်ကိုတောင်းပန်ချင်လို့တဲ့. . အဲဒါ. . ."

ပြောပြောဆိုဆို သူ့ကိုယ်ကို ဘေးသို့ရှဲဖယ်လိုက်သည်။ ဒီတော့သူ့နောက်တွင်ရပ်နေသော မင်းဇော်က ဘွားကနဲပေါ်လာသည်။ မင်းဇော်ကိုမြင်သည်နှင့် ခက်ခက်၏မျက်နှာက ရုတ်ခြည်းပြောင်းလဲသွား၏။ ငြိမ်သက်နေသော ပင်လယ်ပြင်ရုတ်တရက်မုန်တိုင်းဆင်းလာသကဲ့သို့ပင်။

သူ့မျက်လုံးထဲရော၊ နားထဲတွင်ရော မင်းဇော်ပြောသွားသောစကားက အခုအချိန်ထိမထွက်။

"ဒီမယ်. . မင်းဇော်ဆိုတဲ့ကောင်ကလေ. . မိန်းမတစ်ယောက်ကို ဘယ်တော့မှ ဒူးထောက်မယ့်အကောင်မဟုတ်ဘူးကွ. . ."

ခက်ခက်က ထိုင်ရာမှ ဝုန်းကနဲ ထလိုက်သည်။ မင်းဇော်ကိုခက်ခက်လှမ်းကြည့်လိုက်သောမျက်လုံးတွေက မီးဟုန်းဟုန်းတောက်တော့မည့်ကဲ့သို့ရှိသည်။ ဤနေရာတွင် ခက်ခက်ကနဂါးမလေးတစ်ဦးဖြစ်ပါကမင်းဇော်သည် ဤနေရာတွင်ပင် ပြာကျသွားလောက်ပါပေသည်။

"သီဟ. . ဘယ်လိုလုပ်လိုက်တာလဲ. . သီဟကို ခက်ပြောထားတယ်မဟုတ်လား. . . ဒီလူကို တစ်သက်မကျေဘူး. . ခွင့်မလွှတ်နိုင်ဘူးဆိုတာ. . ဘာသဘောနဲ့ခေါ်လာတာလဲ. . သူ့မျက်နှာလဲ မကြည့်ချင်ဘူး. . သူ့အသံလဲမကြားချင်ဘူး. . ."

စကားဆုံးသည်နှင့်ခက်ခက်က ခြေဆောင့်နင်းကာ ထိုင်နေရာမှ ထွက်သွားသည်။ အားလုံးမှင်သက်မိနေပြီးမှ သူ့အပေါင်းအသင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



က သူ့နောက်က ခပ်သွက်သွက်လိုက်သွားကြ၏။ မောင်မောင်အေးက. .

"သူ. . ဒေါ်သထွက်သွားပြီ. . ."

"ဘယ်ကိုထွက်သွားတာလဲ. . ."

"ဒေါ်ပုံကိုနေမှာပေါ့. . ."

လှဦးတို့ကို သီဟက ဟောက်လိုက်၏။

"နေကြစမ်းပါကွာ. . မင်းတို့ကလဲ. . စိတ်ညစ်နေရတဲ့အထဲ"

မင်းဇော်ကလည်း မျက်နှာငယ်နှင့်။ ခက်ခက်ကသူ့အပေါ် ဒီလောက်အညှိုးအတေးကြီးမယ်မထင်။ တောင်းပန်ရင်တော့ ခွင့်လွှတ်နိုင်မယ်ထင်ခဲ့၏။ သောင်းတင်က. . .

"ခုနပဲ ခက်ခက်အကောင်းကြီးကွာ. . ချက်ခြင်းပြောင်းလဲသွားတာ. . ."

လှဦးက. . .

"ဒါကြောင့် ဟိုသီချင်းက ဒီလိုဆိုထားတာပေါ့ကွာ. . ."

"မင်းပြောမှ ရှင်းတော့တယ်. . ."

"မိန်းမဆိုတာ ဆောင်းလေမညီ၊ အတွင်းသဘောကမတည့်. . ပြောင်းလဲတတ်သည်. . ."

သီဟကတော့ သက်ပြင်းတစ်ချက်ချ၏။

"သူ. . ဒီလောက်တင်းမာလိမ့်မယ်လို့ ငါမထင်ခဲ့မိဘူး. ."



ခက်ခက်တို့က ချိန်းဆိုသည်ဆိုတော့ သီဟကမနေသာဘဲ သွားရသည်။ မနေ့ကဖြစ်ခဲ့တဲ့အမှုအတွက် သူ့ကိုခက်ခက်က ကြိမ်းမောင်း အပြစ်တင်လိမ့်မည်ဟု ထင်နေခဲ့၏။ တကယ်လို့အပြစ်တင်ရင်လဲ သူခံ လိုက်တော့မည်။ သူ့ဘက်က အမှား။ ခက်ခက်က နဂိုကတည်းက စကား ကုန်အောင်ပြောထားခဲ့သည့်မဟုတ်လား. . .။

"ဒီမင်းဇော်ဆိုတဲ့လူကို ခက်ခက်ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး. . .။ ဘယ်တော့မှလဲ ကျေမှာမဟုတ်ဘူး. . အဲဒါကိုတော့ ရှင်စွဲစွဲမြဲမြဲမှတ်ထားစေချင်တယ်. . ."

သီဟက စားပွဲခုံနားရောက်တော့ အပြစ်ရှိသော ကျောင်းသား တစ်ယောက် ဆရာမစားပွဲနံဘေးရောက်နေသလို မတ်တပ်ရပ်နေသည်။ ခက်ခက်က သူ့ကိုတစ်ချက်လှမ်းကြည့်ကာ. .

"ထိုင်လေ"

ခက်ခက်ဘေးတွင် ဝင်ထိုင်လိုက်၏။ ဒီနေ့တော့ ခက်ခက်က လေသံပုံမှန်မဟုတ်သေးသည့်တိုင်အောင် ပြင်းပြင်းထန်ထန်ကြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့။ ဒါကြောင့် သီဟကနေရထိုင်ရတာ အတန်ငယ်သက်သာသွားသည်။ သို့သော် ခက်ခက်၏မျက်ဝန်းထောင့်မှန်တွင် ဒေါသအရိပ်အငွေ့တချို့စွန်းငြိနေဆဲတွေ့လိုက်ရသဖြင့် ရဲရဲတင်းတင်းတော့ မပျော်ရဲသေး။ သူထိုင်ထိုင်ချင်း လူကိုစေ့စေ့ကြည့်ကာ မေးလိုက်သော ခက်ခက်စကားကြောင့် သီဟအနေခက်သွားသည်။

"ဆီတာ ခက်ကိုခင်သလား"

ဒီစကားဟာ သူ့ရင်ကို တိုက်ရိုက်ထိသည်။ ခက်ခက်၏မျက်နှာပေါ်တွင်လဲ သူ့ကိုယုံကြည်ကိုးစားမှု အရိပ်အယောင်တစ်ချို့တွေ့နေရ၏။ သူကြောင်တွေကာ ရုတ်တရက်ပြန်မဖြေမိသဖြင့် ခက်ခက်က. .

"ဘယ်လိုလဲ"

"ခင်တာပေါ့လေ. . ခင်တာပေါ့. . ."

"ဒါဆို ဘာလို့. . ခက်ခက်မကြိုက်တဲ့အပြုအမူလုပ်ရတာလဲ"

ခက်ခက်လေသံက အထက်စီးကဟုမဆိုနိုင်။ ခယတောင်းပန်သံပင်ပါနေသည်ဟု ဆိုနိုင်သည်။ ဆေးပေါ့လိပ်ကို လက်တစ်ဘက်ကကိုင်ကာ မီးညှိလုဆဲဆဲ သီဟကရပ်လိုက်သည်။ ခက်ခက်မကြိုက်တဲ့အပြုအမူဆိုတာ ဘာလဲ. . . ဆေးလိပ်သောက်တာကိုဆိုချင်တာလား။ ခက်ခက်က စိတ်မရှည်သလို. . .

"မင်းဇော်ကို ခေါ်လာတာကိုပြောတာ. . ."

ဒီတော့မှ သူသဘောပေါက်သွားသည်။ ဒီတော့ သီဟကရှင်းပြဖို့ ကြိုးစား၏။

"ဒီလိုပါခက်ရယ်. . . မင်းဇော်နဲ့ကိုယ်နဲ့ကခင်မင်လာတာကြာပြီ. . ကိုယ်တို့အုပ်စုက တတွဲတွဲ. . တို့တွေဒီကိုလာတဲ့အခါ သူ့ကို





ထားခဲ့ရတယ်. . သူနဲ့အပေါင်းအသင်းမလုပ်ဖို့ဆိုတာကလဲ. . ."

သူ့စကားဆုံးအောင်မစောင့်ဘဲ ခက်ခက်က. . .

"ခက်က သူနဲ့မပေါင်းသင်းရဘူးလို့ တားမြစ်နေတာမဟုတ်ပါဘူး. . ခက်ရှေ့ကို သူ့ကိုခေါ်မလာဖို့ပဲ. . ခက်ကလေ ဟန်ဆောင်လဲမပေါင်းတတ်ဘူး. . ပေါင်းပြီးရင်လဲ ဟန်မဆောင်တတ်ဘူး. . ."

အော်. . ခက်စကားအရဆိုလျှင် သူ့ကိုပေါင်းသင်းနေတာတကယ်ကိုအရင်းခံစိတ်နဲ့ပေါင်းသင်းနေတာပေါ့။ သူ့ရင်တွေနွေး၍သွားပါသည်။ ခက်က. .

"သူက ခေါ်လာတော့ ခက်ဘယ်လောက်စိတ်ဆိုးသွားသလဲ. . သိလား. . ."

ဘေးက မျိုးမျိုးတို့က ဝင်ထိန်းသည်။

"ခက်ကလဲဟယ်. . သီဟကိုအားနာစရာ"

"ဟုတ်ပါတယ်. . ဒါကြောင့် သိအောင်ပြောပြနေတာပေါ့. . မင်းဇော်နဲ့ပတ်သက်ရင်တော့ အားနာတာလဲမရှိဘူး. . သနားတာလဲမရှိဘူး. . သူ့ကိုမုန်းတာပဲရှိတယ်. . ."

ခက်ကလှသည်။ ခက်အလှက နူးညံ့သည်။ ခက်စိတ်ဒီလောက်မာကြောမည်ဟု သီဟထင်မထားခဲ့။ မင်းဇော်အပေါ်သဘောထားတင်းမာသလောက် သူ့အပေါ်ကျတော့ ငဲ့ညှာဖော်ရနေပြန်သည်။

ဘယ်လိုတွေးရမလဲခက်ရယ်. . .။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

အခုတော့ 'ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး၊ ဆေးအတွက်ကြောင့် လေး'ဆိုတာမျိုးဖြစ်နေသည်။ သူက မင်းဇော်ကို ခက်ခက်နှင့်ရင်းနှီးအောင် စေ့စပ်ပေးဖို့ကြိုးစား၏။ သို့သော် အခြေအနေက ပို၍တင်းမာသွားသည်။

ထုံးစံအတိုင်း မင်းဇော်သည် အင်းလျားရေပြင်ကိုမျက်နှာမူကာ ရေကသိုဏ်းရှုသလို ငြိမ်သက်စွာရပ်နေ၏။ အင်းလျားရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးကလဲ သူ့ရင်ကို အေးမြအောင် တတ်နိုင်စွမ်းမရှိ။ သူ့နောက်ကျောကိုကြည့်ကာ သီဟလဲစိတ်မကောင်း။

သူ့သူငယ်ချင်းမင်းဇော်သည် အင်မတန်ပျော်တတ်သူဖြစ်သည်။ အမြဲတမ်းပင် ရွှတ်ရွှတ်နောက်နောက် ရယ်ရယ်မောမော နေတတ်သည်။ အခုရက်ပိုင်းအတွင်းမှာတော့ မင်းဇော်သည် မင်းဇော်နှင့်မတူ။ မှိုင်မှိုင်တွေတွေ ငေးငေးငိုင်ငိုင်။ သီဟက နှစ်သိမ့်စကားပြောလိုက်၏။





"ငါလဲ အတတ်နိုင်ဆုံးကြိုးစား ကြည့်တာပဲမင်းဇော်. . မင်းမြင်တဲ့အတိုင်းခက်က လုံးဝလက်မခံနိုင်ဘူးဖြစ်နေတယ်. . မင်းအပေါ်မှာ သူ့သဘောထားက မာကျောလွန်းအားကြီးတယ်လို့ ငါထင်တယ်. ."

မင်းဇော်က သူ့ဘက်လှည့်မကြည့်ဘဲ. . .

"ငါသူ့ကို အပြစ်မတင်ရက်ပါဘူးကွာ. . ငါလုပ်ခဲ့တာလဲ ပြန်တွေးကြည့်တော့ လွန်သွားတယ်ထင်တယ်. . သူကတော့ရှက်လဲရှက် အခံရလဲခက်မှာပေါ့. . အဲဒါတွေအတွက် ငါနောင်တရမိတယ်. ."

မင်းဇော်တစ်ခါမှ ဒီလိုလေးလေးနက်နက်ပြောဆိုတာ မကြားဘူး။ ဤစကားများမှာ သူ့အသည်းနှလုံးမှအမှန်တကယ်ပင် စိမ့်ယိုထွက်လာသော စကားတွေဖြစ်ပေလိမ့်မည်။

"ငါရေရေလည်လည် ခံစားရတယ်ကွာ. . ဒီအတိုင်းဆို သူနဲ့ ငါနဲ့နီးဖို့ကတော့ ရွှေငုံးမင်း အမြီးမျှော်သလို ခရီးတော်နီးရက်နဲ့ဝေးတော့မှာပဲ. . . ငါသူ့ကို သိပ်ချစ်တယ်ကွာ. . ."

ထိုင်နေရာက သူ့အသံတိုးတိတ်တုန်ယင်နေ၏။ သူတကယ် စိတ်ထိခိုက်နေကြောင်း ထင်ရှားသည်။ ဒီစကားတွေကြားတော့ သီဟ အတော်ပင် အနေခက်သွား၏။ အမှန်အတိုင်းဝန်ခံရလျှင် သူကလည်း ခက်ခက်ကို စိတ်ဝင်စားနေခဲ့မိသည်။ သို့သော် သူ့ဒွေးနေဖြင့် မင်းဇော်နှင့်ပြိုင်ဘက်တော့မဖြစ်ချင်ပါ။ မင်းဇော်ဆိုတာက သူ့အချစ်ဆုံးသူငယ်ချင်းမဟုတ်လား. . .။ ပြီးတော့. . .

သူက ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်သည်။

"မင်းဇော်. . . မင်းခက်ကိုတကယ်ချစ်တာလား. . ."

ဒီတစ်ခါတော့ မင်းဇော်က ကျောပေးနေရာမှ သူ့ဘက် လှည့်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ ပြီးတော့ တည်ကြည်သော မျက်နှာဖြင့် . . .

"ငါက ဒီစကားကို နောက်ပြောင်ပြောနေတယ်ထင်လို့လား။ သီဟရယ် အချစ်ဆိုတာ နောက်ပြောင်စရာမှ မဟုတ်တာ. ."

"ငါသိပါပြီ၊ ငါက အတည်ပြုချင်လို့ မေးတာပါ။"

"နေပါဦး ငါကချစ်တယ်ဆိုတော့ သီဟ ဘာတွေလုပ်ပေးနိုင်မှာ မို့လဲ။ မင်းဟာဖူးစာရေးနတ်လား"

သီဟကမချိုပြုံး ပြုံးလိုက်ကာ

"မင်းပြောတဲ့အတိုင်းပဲ ဖူးစာရေးနတ်ပဲခေါ်ခေါ် ၊ မြားနတ်မောင်ပဲခေါ်ခေါ်ပေါ့ကွာ။ မင်းနဲ့ခက်နဲ့အဆင်ပြေအောင်ငါတာဝန်ယူတယ်"

မင်းဇော်မျက်နှာက ထန်းလျက်အိုးထဲ မှောက်လျက်လဲရာမှ ပြန်ထလာသလို ချိုလွန်းစွာ

"မင်းတကယ်ပြောတာလား မင်းလုပ်နိုင်လို့လား"

"သီဟပါကွ မင်းလဲ ငါ့အကြောင်းသိသားနဲ့ တစ်ခုပဲရှိတယ် မင်းကတိပေးရမယ်"

"ဘာကတိလဲ"

"ငါ ခိုင်းတဲ့အတိုင်းလုပ်ပါမယ်လို့"

"ပေးတယ်ကွာ ငါဘာလုပ်ရမလဲပြော"

မင်းဇော်ပုံက တက်ကြွလွန်းလှချေသည်။

သီဟက

"တစ်အချက် မင်းလိုက်နာရမှာက မင်းနဲ့ငါနဲ့ခက်ကို သွားတွေ့ရင် မင်းငါခိုင်းတာပဲလုပ်ရမယ်။ ငါပြောတာပဲလုပ်ရမယ်။ မင်းစိတ်ထဲ





ရှိတာ မလုပ်ရဘူး။"

"အိုကေ. . ငါက ခက်ခက်ခဲခဲမှတ်လို့"

"နှစ်အချက်က ခက်နဲ့ပတ်သက်လို့ ငါခိုင်းတာတွေလုပ်တဲ့ အခါ အားလုံးနားလည်လည်မလည်လည်လုပ်ရမယ်။ မင်းဘာမှ ပြန်မမေးရဘူး။"

"မင်းဟာက ဘာတွေလဲကွ"

ပြောကာ မင်းဇော်က တွေတွေ စဉ်းစားသည်။

"ပေးတယ်ကွာ ငါက ခက်ကိုချစ်နေတာကိုး"

"သုံးအချက်က ငါ့ကိုကျောင်းမှာပဲဖြစ်ဖြစ် ၊ အပြင်လမ်းမှာပဲ ဖြစ်ဖြစ် ခက်ရှိနေရင် မင်းကမခေါ်မပြောရဘူး။ ငါတို့အပြင်မှာပဲ ရှိနေရမယ်"

မင်းဇော်ခေါင်းကုတ်သည်။

"ရှုပ်တော့ရှုပ်တယ်။ ဒါပေမဲ့ လက်ခံတယ်ပဲဆိုပါတော့။ ကဲနောက်တစ်ချက်ကရော မင်းဟာကကုန်ပဲမကုန်တော့ဘူးလား။"

'နံပါတ်လေး ဒါက နောက်ဆုံးအချက်ပါ။ ခက်နဲ့မင်းကို ငါက အခုလို အောင်သွယ်ပေးတယ်ဆိုတာ မင်းဘယ်သူ့ကိုမှ မပြောရဘူး"

"သူငယ်ချင်းတွေကိုလား"

"ဟုတ်တယ် ဟုတ်တယ် ချွင်းချက်မရှိဘူး ဘယ်သူ့ဘယ်သူ့ကိုမှ မပြောရဘူး။ ကုန်ကုန်ပြောမယ်ကွာ မင်းနဲ့ခက်နဲ့ရလို့ သားသမီးတွေရလာရင်တောင် မပြောရဘူး"

မင်းဇော်က စပ်ဖြီးဖြီးမူလမျက်နှာက ပြန်ပေါ်လာသည်။ သူက သီဟကို မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့ ခက်ခက်နဲ့ရ ဟုတ်လား"

"ရ"

"ကလေးတွေမွေးဟုတ်လား"

"မွေး"

"ဘယ်နှစ်ယောက်လဲ"

"နှစ်ဒါဇင်"

သီဟကအရွဲ့တိုက်ကာ ပြောလိုက်ရာ မင်းဇော်က

"ဒီလောက်တော့ မမွေးခိုင်းပါနဲ့ကွာ၊ ခက်ပင်ပန်းနေပါ့မယ်"

"ခွေးကောင် ရတောင်မရသေးဘူး ဒီလောက်ကြင်နာနေရလား"

"ဟား ဟား ဟား ဟား"

မင်းဇော်က အားရပါးရ အော်ဟစ်ရယ်နေသည်။

"ဟေ့ကောင် ဒီလောက်ပျော်မနေနဲ့ ဝမ်းသာလုံးစို့ပြီး အသက်ထွက်သွားဦးမယ်"

"မြန်မာပြည်မှာ ပထမဆုံး အူတက်သေတဲ့မသာပေါ့။ ဒါထက် မင်းတကယ်ပြောနေတာပါနော်။ ငါ့ကိုနောက်နေတာတော့ မဟုတ်ပါဘူး"

"တကယ်ပါကွာ၊ ဒီအချက်တွေကို သဘောတူရင်ပေါ့။ အောင်သွယ်လုပ်ငန်းကြီး မနက်ဖြန်ကစမယ်။ "

မင်းဇော်အူမြူးနေပုံကိုကြည့်ပြီး သီဟပျော်ပါသည်။ သို့သော် သူ့ရင်ထဲမှာတော့မချိ။ မင်းဇော်အတွက် ခက်ဆီသို့ လျှောက်သွားရာ လမ်းကို သူ့အသည်းနှင့်ခင်းပေးသည်ကိုသိပါက မင်းဇော်တစ်ယောက် နင်းလျှောက်သွားပါ့မလား။ အင်းလျားကန်ဘောင်တွင် သူတို့နှစ်ယောက်





တည်းရှိသဖြင့် ဤမျှ လွတ်လွတ်လပ်လပ်ပြောဆိုနိုင်ခြင်းဖြစ်သည်။ သီဟကပျောက်ဆုံးနေသော မင်းဇော်ကိုလိုက်ရှာတော့ အင်းလျားကန်ဘောင်တွင် အဆွေးသမားလုပ်နေသော မင်းဇော်ကို တွေ့လိုက်ရခြင်းဖြစ်သည်။

'ကဲပြောလေ ငါဘာစလုပ်ရမလဲ' မင်းဇော်ကတတက်ကြွကြွ မေးလိုက်၏။

'မင်းက ခက်ခက်ရှိတဲ့အတန်းရှေ့ ခက်ခက်မြင်သာတဲ့ နေရာမှာ သွားရပ်နေရမယ်'

'ဘယ်လောက်ကြာအောင်ရပ်ရမလဲ'

'တစ်နာရီ နှစ်နာရီပေါ့ကွာ၊ တစ်ချိန် နှစ်ချိန်ပေါ့၊ ကြာလေကောင်းလေပဲ'

'ဟာ ကြာလှချည်လားကွာ' မင်းဇော်ကငြီးသည်

"အေးလေ မင်းမလုပ်ချင်ဘူးဆိုလဲ နေပေါ့။ ဒီကိစ္စက ဒီမှာတင် ပြတ်ပြီ။ ငါသက်သာတာပေါ့"

"မလုပ်ပါနဲ့ သီဟရယ်၊ မင်းခိုင်းတဲ့အတိုင်း ငါလုပ်ပါ့မယ်၊ ငါက သူမြင်တဲ့နေရာမှာ မတ်တပ်ရပ်ပြီး ဘာလုပ်ရမှာလဲ။ မျက်စပစ်ပြရမလား။"

"နိုးနိုး ဘာမှလုပ်ရမှာမဟုတ်ဘူး။ စကားလဲမပြောရဘူး။ လက်လဲမပြရဘူး။ ပြုံးတောင်မပြရဘူး"

"ဒါဆို ငါ့အစားကျောက်ရုပ်တစ်ရုပ်သွားထားပါလား" မင်းဇော်က ကွန့်သည်။ သီဟက

"ငါစီမံတာ ငါပြောတဲ့အတိုင်းလုပ်၊ အဲဒါက မင်း[illegible]တာင်း



www.burmeseclassic.com

www.burmeseclassic.com



ကြုပ်ကြုပ်လိုက်နာရမဲ့စည်းကမ်းပဲ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ မင်းကကယ်တင်ရှင်ဖူးစာရေးနတ်ကြီး ဆိုတော့ မင်းပြောတဲ့အတိုင်း ငါလုပ်ရမှာပေါ့။ နောက်နေ့ကျတော့ရော"

"နောက်နေ့ကျရင်လဲ အဲဒီအတိုင်း သွားရပ်နေရမယ်" မင်းဇော် မျက်ခုံးနှစ်ဖက်ပင့်တက်သွားကာ

"နေပါဦး ငါကဘယ်လောက်အထိ အဲဒီလိုသွားရပ်နေရမလဲ"

"လိုအပ်တဲ့ အချိန်ကာလ ရောက်တဲ့အထိပဲ အဲနောက် အစီအစဉ်တစ်ခုပြောင်းတဲ့အထိပေါ့"

"ဟုတ်ပြီ ငါရေးရေးလေးတော့ သဘောပေါက်လာပြီ။ ငါက နေ့တိုင်း သူတို့အတန်းရှေ့ ဒါမှမဟုတ် သူမြင်လောက်တဲ့နေရာ မလှမ်း မကမ်းမှာ သွားရပ်ပြီး ကိုယ်ထင်ပြနေရမယ်ဆိုပါတော့။ ကြာတော့ သူကလေးက ငါ့ရဲ့ဖွဲ့ကို အသိအမှတ်ပြုပြီး သနားမလား။ သနားရာက နေ အချစ်တွေစတင်ပေါက်ဖွားလာမှာပေါ့နော်"

"ငါမသိဘူးလေ"

သီဟက ခပ်တည်တည်ပြောလိုက်တော့ မင်းဇော် မျက်နှာ ရှုံ့မဲ့သွား၏။ သီဟက

"မင်းက ငါပြောတဲ့အတိုင်း ယုံယုံကြည်ကြည်လုပ်ဖို့ပဲလိုတယ် တို့နှလုံးသားစစ်ဆင်ရေးတစ်ခုစမယ်"

"ဘယ်တော့လဲ"

"မနက်ဖြန်ကစပေတော့"

^ ^ ^



"ဟော့ဟော့ မှန်ကြောင် အခုချိန်အထိ ရှိတုန်းပဲ"

စာကုန်းရေးနေတော့ ခက်ခက်ကို ရှေ့မှ သူဇာက တီးတိုး သတင်းပေးလိုက်၏။ ခက်ခက်က မသိမသာ မျက်လုံးလှန်ကာ ခိုး ကြည့် လိုက်သည်။ မင်းဇော်သည် ကော်ရစ်တာ စင်္ကြံရှိ ဘောင်ပေါ်တွင် ထိုင်ကာ ကျောက်ရုပ်ကြီးတစ်ရုပ်လို သူထိုင်ကြည့်နေသည်။ ဒီငနဲ ဘာ လုပ်နေတာလဲ . . ဒါ သူ့သေနင်္ဗျူဟာအသစ်လား။

သူရောက်နေတာ တော်တော်ကြာသည်။ ပထမအချိန်ကတည်း က ဖြစ်သည်။ ဒီတုန်းက မတ်တပ်ရပ်နေသည်။ အခုတော့ နောက် တစ်ချိန်ပြောင်းသွားသည်။ သူမတ်တပ်ရပ်နေရတာ ညောင်းသော ကြောင့်ထင်သည် ဖိနပ်ကို ချွတ်၍ ကော်ရစ်တာဘောင်ပေါ် တက်ထိုင် လိုက်သည်။

"ဒီကောင်ကို ငါသွားရှင်းလိုက်မယ်။ ဒီကောင် ဘာလုပ်နေ တာလဲ၊ သူ့မျက်နှာကို မမြင်ချင်ဘူး"

ထက်ကျဲမည်ပြင်ကာ ခက်ခက်ကိုဘေးက သူငယ်ချင်းတွေက



www.burmeseclassic.com

www.burmeseclassic.com



ဆွဲထား၏ မျိုးမျိုးက. . .

"နေပါစေဟယ် သူ့ဟာသူကြည့်နေတာ ဘာဖြစ်လဲ"

"ကြာရင်သူ မျက်မှန်ပါဝါတိုးလိမ့်မယ်"

"ငါက သူ့ကို မမြင်ချင်တာ"

"ဒါဆို နင်သူ့ကို မကြည့်နဲ့"

"သူက မျက်စေ့ရှေ့ရောက်နေတာလေ"

"နင်လဲ သူ့အကြောင်းသိရဲ့သားနဲ့။ ဒီငနဲက ကြောင်တောင်တောင်ဆိုပေမဲ့၊ စွမ်းတော့စွမ်းသား၊ သူလုပ်တဲ့အကွက်တွေက တကယ့်မာစတာဘရိန်းတစ်ယောက်ပုံပဲ။ သွားစလို့ ကိုယ်ခံနေရဦးမယ်။" ဟုတ်တော့ဟုတ်သည် ခက်ခက်သူနဲ့ နှစ်ကြိမ်ဆုံရာ၊ နှစ်ကြိမ်စလုံး ခံလိုက်ရသည်။ သူသွားစပါလျှင် ပျားအုံတုတ်နဲ့ သွားထိုးသလို ဖြစ်မှာစိုးရသေးသည်။ ဒီတစ်ခါ သူငယ်ချင်းတွေရှေ့မှာ သူထပ်ရှုံးနိမ့်ရလျှင် သိက္ခာကျပေသည်။

"သူ့အတွက် မပူပါနဲ့အေ၊ ဒီကောင်ကို နှိမ်နင်းဖို့ ငါတို့ တာဝန်ထား ငါတို့ကြံမယ်"

သူတို့အထဲတွင် အသွက်လက်ဆုံးဖြစ်သော မျိုးမျိုးက အာမခံလိုက်သည်။ ထိုအခိုက် စကြံ၊တွင် လျှောက်လာသော ကျောင်းသားတစ်သိုက်က ချွတ်ထားသော မင်းဇော်၏ ဖိနပ်ကို ခလုတ်တိုက်လိုက်ရာ၊ မင်းဇော်ဖိနပ်မှာ ဒရွတ်တိုက်၍ ပါသွားသည်။ မင်းဇော်သည် သူ့ဖိနပ်မပျောက်အောင် ထိုင်နေရာမှ ဆင်း၍ လိုက်ကောက်ရသည်ကို မြင်ကာ၊ မျိုးမျိုးတို့တစ်သိုက် ပြုံးကြရယ်ကြရပြန်သည်။

ထိုအချိန်မှာပင် အတန်းလွှတ်လိုက်၏။ စကြံ၊တွင် တခြားအခန်းမှ ထွက်လာသူများနှင့် လူတွေ ပြည့်သွားလေသည်။ ခက်ခက်တို့ ထွက်လာတော့ မင်းဇော်ကို မတွေ့ရတော့ပေ။ မြေလျှိုးမိုးပျံသွားသလို ပျောက်ခြင်းမလှပျောက်၍ သွားလေသည်။ သူ့ဇာက

"ဟယ် ဟိုမှန်ကြောင် မရှိတော့ဘူး။ ဘယ်ရောက်သွားတာလဲမသိဘူး"

"မြေမျိုသွားတာဖြစ်မှာပေါ့"

ခက်ခက်၏ အဖြေကို သဘောကျကာ အားလုံး ရယ်လိုက်ကြလေသည်။







www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ကင်တင်းက စားသောက်ဆိုင်တွင် သီဟတို့ လူစုစုံနေလေပြီ။ ခက်ခက်တို့ ရောက်လာတာတွေ့တော့၊

"ဟာ အတော်ပဲ၊ စားသောက်ပြီး မရှင်းနိုင်လို့ ဒကာမျှော်နေတာ"

သို့သော် မပြုံးမရယ် ခပ်တည်တည်နှင့် ခုံတွင် ဝင်ထိုင်လိုက်တော့ ခက်ခက်ကြောင့်

"ခက်ခက်ဘာဖြစ်လာတာလဲဟင်"

"ဘာဖြစ်ရမှာလဲ ဟိုကောင် မင်းဇော်ပေါ့"

"မင်းဇော်. . ဘာလုပ်ပြန်ပြီလဲ ဟင်၊ ဘာလုပ်လို့လဲ"

ဟု စိုးရိမ်တကြီးအမူအယာဖြင့် မေးလိုက်၏။ ခက်ခက်က

"ဘာမှ မလုပ်ပါဘူး၊ အခန်းရှေ့မှာရပ်ပြီး တစ်ချိန်လုံးထိုင်ကြည့်နေတယ်၊ အသံတိတ်အရသာခံနေတာပေါ့လေ"





"သူ ဘာမှ မလုပ်ဘူးမဟုတ်လား"

"အခုလို လာကြည့်နေတာကို မခံချင်တာ၊ သူ့ကိုမြင်ရင် ခက်ပျော်တာတွေ၊ လွတ်လပ်တာတွေ အားလုံးပျောက်ဆုံးကုန်ရော၊ ဘယ်လို အကုသိုလ်အတုံးအခဲလဲမသိဘူး"

ကျန်သူတွေက သီဟတို့ကိုအားနာသည်။ တကယ်တော့ မင်းဇော်ဆိုတာ သီဟတို့ သူငယ်ချင်းတစ်ဦးပဲ မဟုတ်လား။ သို့သော် ခက်ခက်ကတော့ အားနာရမှန်းမသိ။ သီဟ သူငယ်ချင်းတွေဖြစ်သော မောင်မောင်အေးတို့ လူသိုက်ကလဲ မင်းဇော်လုပ်ပုံကြောင့် အနေရအထိုင်ရခက်နေလေသည်။ မင်းဇော်ကို ကဲ့ရဲ့နေခြင်းမှာ သီဟ၏ အစီအမံကြောင့်မှန်း သူတို့မရိပ်စားမိကြ။ ဤကိစ္စကို ကျန်နှစ်ယောက်က သူတို့ ကတိထားခဲ့ကြသည့်အတိုင်း ဘယ်သူ့ကိုမှ ဖွင့်မပြောကြ။

ခက်ခက်က မကျေမချမ်း ပြောလိုက်ပြန်သည်။

"မနက်ဖြန်ကျရင်တော့ တွေ့မယ်၊ သေသေချာချာသွားမေးပြီးတီးထည့်လိုက်ဦးမယ်"

"မလုပ်နဲ့ ခက်. ."

သီဟက တားမြစ်လိုက်ခြင်းဖြစ်သည်။ ခက်က

"ဘာဖြစ်လို့ မလုပ်ရမှာလဲ၊ ဒီကောင်လုပ်နေတာတွေက သည်းခံနိုင်စရာမရှိဘူး"

သီဟက လေအေးအေးလေးဖြင့် ရှင်းပြသည်။

"မဟုတ်ဘူးလေ၊ ဒီကောင်က အဲဒီတော့မှ တောင်းပန်ရင် ခက်ခက်ဘာလုပ်မလဲ။ မသိလိုက်မသိဖာသာ ဘာမှမပတ်သက်ဘဲ နေလိုက်တာက ပိုကောင်းတယ်။ ဒီမယ် ခက်သိထားရအောင် ဒီကောင့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ကျွန်တော်ပြောပြရဦးမယ်”

ခက်က စိတ်ဝင်စားစွာ နားစွင့်ထားလိုက်သည်။

“ဒီကောင်က ချမ်းသာတော့ မိန်းကလေးတွေ အများကြီးတွဲတယ်၊ ဒီတော့ ဒီကောင်က မိန်းမကျမ်းကျေတယ်ခေါ်ရမယ်။ မိန်းမတစ်ယောက်ကို ဘယ်နေရာမှာ ဘယ်လိုအချိန်မှာ ဘယ်လိုဆက်ဆံရမယ်ဆိုတာ ကောင်းကောင်းသိနေတယ်”

ကျန်တဲ့ သူငယ်ချင်းတွေက အံ့အားသင့်သွားသည်။ သီဟ ဘာတွေလျှောက်ပြောနေသလဲထင်ကာ လှမ်းကြည့်ကြ၏။ သီဟကတော့ ဂရုမပြုဘဲ

“ဒီကောင်က ဘယ်မိန်းကလေးကိုမှ အတည်အတံ့ တွဲတဲ့ကောင် မဟုတ်ဘူး၊ ခက်ကိုလဲ ဒီလိုပဲ သဘောထားမှာ”

ဒါကိုတော့ လှဦးက ငြိမ်မနေ

“ဟေ့ကောင် သီဟ မင်းဇော်က ဒီလိုလူမျိုးမဟုတ်ပါဘူးကွ”

“မင်းက ဘာသိလို့လဲ၊ မင်းတို့က ဒီကောင်နဲ့ မိန်းရောက်မှ တွေ့ကြတာ၊ ငါက ပထမနှစ်ကတည်းက ဒေသကောလိပ်မှာ တွဲခဲ့တဲ့ကောင်၊ ဒီကောင့်အကြောင်း အပ်ကျတာအစ သိတယ်”

ဒီတော့လဲ လှဦး ပါးစပ်ပိတ်သွားသည်။ ခက်နှင့် သူ့အပေါင်းအသင်းတွေကတော့ သီဟစကားကိုပင် စိတ်ဝင်တစားနားစွင့်နေကြ၏။

“အင်းလေ ဒီကောင်ကြည့်ရတာ ခက်အပေါ်မှာတော့ တခြားမိန်းကလေးတွေထက် နည်းနည်းပိုတယ်ထင်တာပဲ”

ကျန်သူငယ်ချင်းတွေက တကယ်ပင် နားမလည်နိုင်အောင်ဖြစ်နေသည်။ တကယ်တော့ သီဟက ဤကဲ့သို့ တစ်ဘက်လူမကောင်း





ကြောင်း၊ အထူးသဖြင့် ကိုယ့်သူငယ်ချင်းမကောင်းကြောင်းကို၊ ယခုလို မစားရဝခမန်း ပြောတတ်သူမဟုတ်။ ဤသို့ပင် မင်းဇော်ကလဲ ပျော်တတ်နောက်တတ်တာကလွဲ၍ လူကောင်းတစ်ယောက်ဖြစ်သည်။ မိန်းကလေးတွေ ထည်လဲတွဲတတ်သူမဟုတ်။

ဘာကြောင့် ဒီကောင် ဒါတွေ ပြောနေရသနည်း။ ခက်ရှေ့မှာ မျက်နှာလို မျက်နှာရ မင်းဇော်မကောင်းကြောင်းပြောနေခြင်းမှာ သီဟ၏ တကယ်ပုံသဏ္ဌာန်အစစ်အမှန်မဟုတ်။ သီဟက ထပ်ဆက်လာသေးသည်။

“ငါက ခက်ရဲ့ ဒေါသကို သိလို့ မပြောတာ”

မျိုးမျိုးက ဝင်ထောက်ခံသည်။

“ဟုတ်တော့ ဟုတ်တယ်၊ တံတားဖြူကန်ဘောင်တုန်းက သူနဲ့ ငါနဲ့ ဆုံတာမှတ်မိတယ်မဟုတ်လား၊ သူက ငါတွေးတောတာတွေကို အကုန်လုံးကိုသိနေတယ်”

သောင်းတင်က

“မဟုတ်ပါဘူးဟယ် အဲနေ့က တို့လဲရှိတယ်၊ သူက အပျော်ရယ်စရာတွေ လျှောက်ပြောင်နေတာပါ”

ခက်ခက်ကတော့ မျိုးမျိုးနှင့် သီဟစကားကို ယုံနေလေပြီ

သီဟက မျက်နှာကို ရှုံ့မဲ့ကာ

“အရင်က ဒီကောင်က နံပါတ်ဖိုးလဲ ချဖူးတယ်၊ အခုမှ ပြတ်သွားတာ”

ဒီစကားကြောင့် မောင်မောင်အေးတို့ မျက်လုံးပြူးသွားကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ တခြားလူတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောတာတော့ ထားတော့၊ ဒီစကားကတော့ တော်တော်တရားလွန်နေလေပြီ။ ကျောင်းသားလောကဆိုတာ မူးယစ်ဆေးဝါးနှင့် လုံးဝကင်းစင်ရမည်။ မူးယစ်ဆေးဝါးသုံးစွဲသူကား အဆိုးတကာ့အဆိုးဆုံး ကျောင်းသားဆိုးသာလျှင် ဖြစ်ချေသည်။

ခက်ခက်ကိုယ်တိုင် အံ့အားသင့်သွားကာ

"တကယ်လား ဒီလူဆိုးတာက တကယ့်ကို ကမ်းကုန်အောင်ပါလား"

ဟု မှတ်ချက်ချလိုက်၏။ သီဟက အဆင်းကို ဘီးတပ်ပေးလိုက်သည့်နှယ် . .

"အဲဒါကြောင့် ခက်ကိုပြောတာပေါ့၊ ဒီကောင်က မြွေပွေးလိုကောင် သွားမပတ်သက်နဲ့၊ မဆက်ဆံနဲ့ အရေမဝင်နဲ့"

ဘေးက နားထောင်နေသော သီဟသူငယ်ချင်းတွေက သီဟပြောပုံကို နားထောင်ကာ စိတ်ပျက်လက်ပျက် ခေါင်းတွေ ရမ်းခါကြသည်။ သူတို့ ရိပ်စားမိကြပြုသည်။ သီဟသည် မင်းဇော်အား ပြိုင်ဘက်တစ်ဦးအနေဖြင့် အခွင့်သာခိုက် ရှုတ်ချနေခြင်းဖြစ်မည်။ သူ့ကို အကဲခတ်ကြည့်ရတာ ခက်ခက်ကို စိတ်ဝင်စားနေပုံရ၏။ တကယ် စိတ်ဝင်စားနေတယ်ဆိုရင်လဲ၊ လွတ်လပ်စွာ တရားမျှတစွာ ယှဉ်ပြိုင်နိုင်ခွင့်ရှိပါ၏။ သူငယ်ချင်းအချင်းချင်း နောက်ကျောကို ဓါးနဲ့ထိုးတဲ့ပုံမျိုးတော့ အချိုးမချိုးသင့်။

"အခုပဲကြည့်လေ၊ သူ့အကြောင်းတွေအားလုံးသိနေတဲ့ ကျွန်တော်က ခက်အနားမှာ ရှိနေတယ်ဆိုတာသိတော့ သူအခုကျွန်တော်တို့ အနားမကပ်တော့ဘူး။ သူက ကျွန်တော်တို့ကို အရေမဝင်တော့ဘူး"





"တော်တော်ဆိုးတဲ့လူပဲနော်၊ ခက်က သူ့ကို လူကောင်းလို့တော့မထင်ခဲ့ပါဘူး၊ ဒါပေမဲ့ ဒီလောက်ဆိုးလိမ့်မယ်လို့ ထင်မထားခဲ့ဘူး"

"ဒီထက်ဆိုးတာတွေတောင်ရှိတယ် ခက် ပြောမကောင်းလို့ ကျွန်တော်မပြောတာ"

"မပြောပါနဲ့တော့ရှင်၊ သူ့အကြောင်း ဒီလောက်ကြားလိုက်ရတာတောင် ရင်တုန်ပန်းတုန်ဖြစ်နေပြီ"

သီဟက သဘောထားကြီးသော လေသံဖြင့်

"ခက်ကတော့ ဟုတ်တာပေါ့လေ။ ကျွန်တော်တို့ကတော့ သူငယ်ချင်းဆိုတော့ အခင်အမင်မပျက်ဘဲ သဘောထားပါတယ်"

"ကိုသီဟကို ယုံလဲယုံတယ်။ လေးလဲလေးစားတယ်၊ အခုလို ကြိုတင်သတိပေးတဲ့ အတွက်လဲ သိပ်ကျေးဇူးတင်တယ်"

လောကကြီး ဘာတွေဖြစ်ကုန်သနည်း။ အဲဒီနေ့က စားသောက်ဆိုင်ကလေး၏ စားပွဲတစ်လုံးမှာ ရယ်သံတွေ ဆိတ်သုဉ်းခဲ့တာကတော့ အမှန်ပင်ဖြစ်သည်။

⁂ ⁂ ⁂



www.burmeseclassic.com

www.burmeseclassic.com

မွန်းတည့်နေက အတော်ပင် ပူနေသည်။ အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်ရှိ ခုံတန်းလျားတွင် ခက်ခက်တို့ လူစု ဆီးထုပ် စားရင်း စကားပြောနေကြခိုက်. .

"ဟော့ . . ဟိုမှာ . ဟိုမှာ"

သူဇာက မေးငေါ့ပြသည်။

"ဘာလဲ. ."

"မှန်ကြောင်လေ"

သူတို့က မျက်မှန်တပ်ထားသော မင်းဇော်ကို မှန်ကြောင်ဟုပင် အမည်ပေးထားကြသည်။ ကြည့်လိုက်တော့ သူတို့နှင့် မဝေးလှသော သစ်ပင်ရိပ်မှာ မတ်တပ်ရပ်ရင်း ခက်ခက်ရှိရာ ငေးကြည့်နေသည်။ ခက်ခက်က ထိုင်ရာမှ ထကာ

"ငါသွားရှင်းလိုက်မယ်"

သို့သော် မျိုးမျိုးက ထားလိုက်တော့

"ငါပြောထားတယ်မဟုတ်လား။ ဒီကိစ္စတို့ တာဝန်ယူပါတယ်လို့





နင်ထိုင်နေ"

"ဖြစ်ပါ့မလားဟယ်၊ ဒီမှန်ကြောင်အစွမ်းဟာ ပေါ့သေးသေး တော့မဟုတ်ဘူး၊ နင်တို့နဲ့ လက်ရည်မညီဘဲ ဖြစ်နေမယ်"

"တို့ဆီမှာ ကြိုတင်ကြံစည်ထားတဲ့ အစီအစဉ်ရှိတယ် နင်ဒီမှာပဲ ကြည့်"

ခက်ခက်က ခေါင်းညိတ်ပြလိုက်သည်။ ဒီတော့ မျိုးမျိုး၊ ပပနှင့် သူဇာတို့ သုံးယောက်က မင်းဇော်ရှိရာ တန်းတန်းမတ်မတ်လျှောက် သွားကြ၏။ မင်းဇော်က ခက်ခက်ကို ငေးမောနေရာက သူ့ဆီ မျိုးမျိုးတို့ လျှောက်လာကြတာမြင်သောအခါ မျက်နှာကိုလွှဲ၍ ခေါင်းကို အပေါ် မော့ကြည့်နေလေသည်။ မျိုးမျိုးက အနားရောက်လာတော့ လက်တို့ကာ

"ဒီမယ်ရှင် ဘာလုပ်နေတာလဲ"

"ဟဲဟဲ. . သစ်ပင်ကို ကြည့်နေတာလေ"

"သစ်ပင်ကို မမြင်ဖူးလို့လား"

"မဟုတ်ပါဘူး၊ တောင်ဘက်ကို ထွက်နေတဲ့ အကိုင်းမှာ သစ်ရွက်ဘယ်နှစ်ရွက်ရှိသလဲ ရေတွက်ကြည့်နေတာပါ"

"ဘယ်နှစ်ရွက်ရှိသလဲ"

"နှစ်သိန်းလေးသောင်း ခြောက်ထောင်ခုနှစ်ရာ ကိုးဆယ့် ရှစ်ရွက်"

"ရှင့်ဟာ တိကျလှချည်လား"

"မယုံရင် ရေကြည့်လေ"

အင်းဒီငနဲက တကယ်ပင်ငဆိုး၊ ဒါကြောင့် ခက်ခက်က သူတို့ကို သတိနဲ့ ဆက်ဆံလို့မှာလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ရှင့်အချိန်တွေ တော်တော်အားနေတယ်ထင်တယ်"

"ဟုတ်တယ်လေ တက္ကသိုလ်ထဲမှာ သစ်ပင်တွေရဲ့ သစ်ရွက်တွေကိုတောင် လိုက်ရေကြည့်နေတယ်ဆိုရင်တော့ တခြားအလုပ်တွေ မရှိလို့ပဲဖြစ်မယ်။ ဒီတော့ ရှင်ကျွန်မတို့ကို ကူညီပါလား"

မင်းဇော် တွေဝေစဉ်းစားနေသည်။ ဒီကောင်မလေးတွေနဲ့ တည့်အောင်ပေါင်းနိုင်ရင် ခက်ခက်ဘေးရောက်မည်။ ခက်ခက်က ဒီကောင်မလေးတွေရဲ့ ဆန္ဒကိုတော့ လွန်ဆန်နိုင်လိမ့်မယ်မထင်၊ သူတွေဝေစဉ်းစားနေခိုက်

"ကဲဘယ်လိုလဲ ကူညီမှာလား"

"ဟာ ကူညီပါ့မယ်၊ ကူညီပါ့မယ်"

"ဒါထက်ရှင်က မင်းဇော်ဆိုတော့ ကြာသပတေးသားပေါ့နော်"

"မဟုတ်ဘူး အင်္ဂါသားပါ"

မျိုးမျိုးက လိမ္မာပါးနပ်စွာ

"ရတယ် ရတယ် ဗေဒင်ဆရာက မှာလိုက်တာက အင်္ဂါသားဖြစ်ဖြစ်၊ ကြာသပတေးသားဖြစ်ဖြစ်ရတဲ့လူ တစ်ယောက်ယောက်တဲ့"

"နေပါဦး ဘယ်ဗေဒင်ဆရာက ပါလာရတာလဲ"

မင်းဇော်က နားမလည်သလို မေးလိုက်သည်။

"ဒီလိုလေ တစ်လောက ကျွန်မက ဗေဒင်သွားမေးတယ်။ အဲဒီတော့ ဗေဒင်ဆရာက ကျွန်မ ကံဇာတာက အဆိုးထဲဝင်နေတယ်။ ခန္ဓာပျက်ကိန်းရှိတယ်တဲ့"

"ဟာ ဆိုးလှချည့်လား၊ ကျွန်တော်က ဘာကူညီရမလဲ ခင်ဗျား ခေါင်းကို ထမ်းပေးရမှာလား"





"အမလေး. . ဖွတ်တဲ့ လွဲပါစေ. ဖယ်ပါစေ. ဗေဒင်ဆရာက ယတြာ တစ်ခုထဲ ပေးလိုက်တယ်။ ယတြာကောင်းရင် မင်းလောင်းတောင် ပျောက်တယ်လို့ဆိုတယ်၊ မဟုတ်လား။ အဲဒီယတြာအတိုင်း ဆောင်ရွက်ရင် ကျွန်မ အဆိုးတွေ လွတ်မယ်တဲ့။ အဲဒီတော့ ရှင်က ကျွန်မ ယတြာချေမယ့် နေရာမှာ အကူအညီပေးစမ်းပါ"

သူဒါမျိုးတစ်ခါမှ မလုပ်ဘူး။ သို့သော် ကူညီပါမည်ဟုဝန်ခံပြီးမှတော့ ငြင်း၍မဖြစ်တော့။ မျိုးမျိုးက ယတြာချေရန် ရေးမှတ်ထားဟန်တူသော စာရွက်အားထုတ်ပေးကာ. . .

"ဒီနေ့ ဘာနေ့လဲ"

"သောကြာနေ့လေ"

"အင်း. . သောကြာနေ့မှာ သစ်ပင်အောက်မှာ ရပ်နေတဲ့လူ တစ်ယောက်တွေ့ရင် အကူအညီတောင်းရမယ်တဲ့. . အဲဒီလူဟာ ကြာသပတေးသားဖြစ်ဖြစ်၊ အင်္ဂါသားဖြစ်ဖြစ် ဖြစ်ရမယ်တဲ့. . ကဲ. . ရှင်နဲ့ တိုက်ဆိုင်လိုက်တာနော် ကွက်တိပဲ. . ."

"ဟုတ်တယ်. . ဒီယတြာဟာ ကျွန်တော့်အတွက် ရည်ရွယ်ရေးထားတဲ့အတိုင်းပဲ. . ."

မျိုးမျိုးတို့က စိတ်ထဲကကြိတ်ပြုံးလိုက်ကြသည်။ တကယ်တော့လဲ ဤယတြာမှာ သူ့ကိုရည်ရွယ်ကာ မျိုးမျိုးတို့ကြိုတင်တိုင်ပင်ရေးထားကြခြင်းဖြစ်သည်။

"ရှင်ကူညီမယ်နော်"

"ကူညီပါ့မယ်"

"ဟုတ်ပြီ. . အခုဒီအချိန်ကစပြီး ယတြာချေတော့မယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဒီကနေပြီး နောက်ကိုလှမ်းဆုတ်လိုက်. . . နောက်ပြန်ဆုတ်ရမှာ နော်. . နောက်ကိုလဲလှည့်မကြည့်ရဘူး. . . ”

အတော်ပင်ခက်ခဲသောအလုပ်ဖြစ်သည်။ နောက်မှာဘာရှိမှန်း မသိ. . ။

“ဟုတ်ပြီ. . ဆုတ်ဆုတ်. . တစ်လှမ်း. . နှစ်လှမ်း. . သုံးလှမ်း”

တကယ်တော့ သူ့နောက်မှာက ညောင်ပင်ကြီးတစ်ပင်ရှိကာ၊ ညောင်မြစ်တွေက အပင်အောက်မြေပြင်မှာ ပြန့်ကားထွက်နေသည်။

“လေးလှမ်း. . . ငါးလှမ်း. . . ”

သူကညောင်မြစ်ကို နောက်ပြန်ခလုတ်တိုက်ကာ မြေပြင်ပေါ် ဖင်ထိုင်ကျသွားသည်။ သူ့မြီးညှောင့်ရိုးမှာ ဘာနဲ့ဆောင့်မိသည်မသိ အောင့်သွား၏။ သူက ချက်ခြင်းပြန်ထမည်ပြုသည်ကို မျိုးမျိုးက တားလိုက်၏။

“မဟုတ်ဘူး၊ မထနဲ့ ဒီအတိုင်းနေရမှာ ပြီးရင် လက်ပြန်နောက်ကိုစမ်းပါ”

“ဘာကိုစမ်းရမှာလဲ”

“တစ်ခုခုကို ထိမိအောင် စမ်းရမှာ”

မင်းဇော်က လက်ကို နောက်ပြန်စမ်းရင်း၊ အပင်အောက်ရှိ ပုရွက်ဆိတ်အနီတွင်းထဲလက်ရောက်သွား၏။ ပုရွက်ဆိတ်တွေက သူ့လက်ကို ဝိုင်းအုံကိုက်ခဲကြသည်။ သူက လက်ကို ပြန်ရုတ်ရင်း

“အမယ်လေး”

“ဘာဖြစ်တာလဲ မြွေကိုက်လိုက်တာလား”

ပပက မေးလိုက်လေသည်။





“ပုရွက်ဆိတ်ကိုက်တာဗျ”

“နေဦး မထနဲ့လေ၊ ရှင်ထလိုက်ရင် ယတြာပျက်သွားမယ်၊ ရှင်လဲကူညီမယ်ဆို၊ ဆက်စမ်းဆက်စမ်း၊ ဘာတွေ့သလဲ”

သူက ဆက်သာစမ်းနေရသည်။ ရင်တမမ၊ မတော်တဆ ခွေးချေးပုံသာ စမ်းမိလေသော် အနေခက်ပေမည်။ သို့သော် ကံအားလျော်စွာ သူက သစ်ကိုင်းတုတ်တုတ်ကြီးတစ်ခုစမ်းမိ၏။ ရှေ့ကကြည့်နေသော မျိုးမျိုးက

“အဲဒီစမ်းပါတာကြီးယူပြီး ရှင်ထတော့”

သူထိုင်ရာမှ ထလိုက်သည်။ သူ့လက်တွင် ယောက်ျားတစ်ယောက်၏ လက်ဖျံလောက်အလုံးရှိကာ သုံးပေနီးပါး ရှည်လျားသော သစ်ကိုင်းကြီးတစ်ကိုင်းပါလာ၏။ မျိုးမျိုးက

“ဟုတ်ပြီ. . ဟုတ်ပြီ အဲဒီလက်ထဲမှာ ပါလာတဲ့ သစ်ကိုင်းကြီးကို နှစ်ပိုင်းချိုးပြီး တစ်ပိုင်းကို လွယ်အိတ်ထဲထည့် တစ်ပိုင်းကို လက်ကကိုင်”

“နေပါဦး ဒီသစ်ကိုင်းကို ထက်ပိုင်းဖြစ်အောင် ချိုးရအောင် ကျုပ်ကို ပန်းပဲမောင်တင့်တယ်များမှတ်နေသလား”

မင်းဇော်က စိတ်ပျက်လက်ပျက်ငြီးသည်။

“ရှင် မချိုးနိုင်ဘူးပေါ့”

“မချိုးနိုင်ဘူး”

“ဒါဆိုရင်လဲရပါတယ်၊ ချိုးတဲ့အစား သစ်ကိုင်းကို အသက်အောင့်ပြီး သုံးချက်ကိုက်ရမယ်တဲ့”

“ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လားဗျာ"

"ဒီမှာလေ ဒီမှာ ဗေဒင်ဆရာပေးလိုက်တာကတော့ အဲဒီအတိုင်းပဲ၊ ရှင်မကိုက်ဘူးလား"

ပေရေနေသော သစ်ကိုင်းကို ကြည့်ကာ မင်းဇော်က

"မြေကြီးပေါ်ကျနေတဲ့ သစ်ကိုင်းကြီးကို ဒီအတိုင်းကိုက်ရမှာလား၊ ညစ်ပတ်လိုက်တာ"

"ဒီနားမှာ ဆေးစရာရေမှမရှိတာ၊ ရှင်ကလဲရှင်၊ စတိကလေး၊ ဖြစ်ဖြစ်ကိုက်လိုက်ပေါ့"

"စတိနော်စတိ"

"အသက်အောင့်ပြီးကိုက်နော်"

မင်းဇော်က သစ်ကိုင်းကို တစ်ချက်ကိုက်လိုက်သည်။

ထွီ. . တနဲ တံတွေးထွေးကာ "ညစ်ပတ်လိုက်တာ ကဲခင်ဗျားတို့ ယတြာပြီးပြီမဟုတ်လား"

"အင်း ပြီးကာနီးပါပြီ"

"ပြီးကာ နီးပါပြီဆိုတော့၊ မပြီးသေးတဲ့ သဘောပေါ့"

"ဟုတ်ကဲ့ အဲဒီသစ်ကိုင်းကြီးကို ကိုင်ပြီး ကြာသပတေးနာမ်ဒါမှမဟုတ် အင်္ဂါနာမ်ပါတဲ့ စားသောက်ဆိုင်ကို သွားရမယ်တဲ့။ တံတားဖြူကန်ဘောင်ပေါ်ပဲသွားကြတာပေါ့။ ရှင်က အဲဒီသစ်ကိုင်းကြီးကိုင်ပြီး ကျွန်မတို့နောက်ကလိုက်ခဲ့ရမယ်"

"ရှုပြီ ဒါပဲမဟုတ်လား"

ကိုယ်စပါတဲ့ဇာတ်ကို ဆုံးအောင်ကရတော့မည်ဟု မင်းဇော်က သဘောထားလိုက်သည်။





"နေဦး အဲဒီကိုသွားတဲ့အခါ ရှင်လိုက်နာရမယ့် စည်းကမ်းရှိသေးတယ်။ လမ်းမှာ ဘယ်သူနဲ့မှ စကားမပြောရဘူးတဲ့။ အသိတွေ့ရင်လဲ နှုတ်မဆက်ရဘူး၊ ဝစီပိတ်ကျင့်ရမှာ၊ ရှုပ်ပါတယ်ရှင် ပြုံးတောင်မပြုံးနဲ့"

"အဲသလို မလိုက်နာရင်ရော"

"မလိုက်နာရင် ယတြာပျက်ရော၊ တစ်ကနေ ပြန်စရမှာ"

မင်းဇော် ကိုယ့်နဖူးကို လက်ထဲက သစ်ကိုင်းနဲ့သာ ရိုက်လိုက်ချင်တော့သည်။ အသားနာမှာကြောက်လို့သာ။

မျိုးမျိုးတို့သုံးယောက်က ရှေ့ကသွားသည်။ သူက နောက်ကနေသစ်ကိုင်းကြီးမြှောက်ကိုင်ကာ လိုက်ရသည်။ သူက ဘေးဘီကို မကြည့်ဘဲ ခေါင်းငိုက်စိုက်ချကာ လျှောက်ခဲ့ပါသော်လည်း. . .

ဘေးမှ မြင်ရသည့် သူ့အသိကျောင်းသားတွေက လမ်းတစ်လျှောက်လုံးကာ နှုတ်ဆက်ကြသည်။

"ဟေ့. . မင်းဇော် ဘာဖြစ်လာတာလဲ"

သူ့ကိုအမျိုးမျိုးနှုတ်ဆက်ကြပေမယ့် သူက ဘေးဘီကို လှည့်လဲ မကြည့်၊ နှုတ်လဲမဆက်ဘဲ ရှေ့ကိုသာ ကြည့်ပြီး ဆက်လျှောက်လာခဲ့သည်။ ဘေးမှ ငနဲတွေ ဝိုင်းအော်ကြ၏။

"ဟေ့ကောင် မင်းဘာတွေ ဘဝင်မြင့်နေတာလဲ တို့နှုတ်ဆက်တာတောင် ပြန်မနှုတ်ဆက်ဘူး"

နောက်မှ ဒီကောင်တွေ ကျေနပ်အောင် တောင်းပန်ရင်း ရှင်းပြရတော့မည်။ အခုတော့ နှုတ်ပိတ်ကာ မျိုးမျိုးတို့ နောက်ကလိုက်သွားရသည်။ မတော်တဆ ယတြာပျက်သွားလျှင် သူတစ်က ပြန်စရမည်



www.burmeseclassic.com

www.burmeseclassic.com



လွှယ်။

သူဆိုင်ထဲဝင်လာတော့ ဆိုင်ထဲကလူတွေက ပြုံးစိစိဝိုင်းကြည့်ကြ၏။ မျိုးမျိုးက. . .

"အင်း ဒီဆိုင်မှာ စားချင်တာမှာစားပါ။ ကြာသပတေးသားသို့မဟုတ် အင်္ဂါသားက ပိုက်ဆံရှင်းပေးပါစေတဲ့။ ရှင် ရှင်းပေးရမှာနော်"

"ရှင်းပါမယ့်ဗျာ. ရှင်းပါမယ်"

"ဒီလောက်ပူပန်မနေပါနဲ့ ကျွန်မတို့က စတိပဲစားမှာပါ"

စတိတဲ့ မှာလိုက်ကြတာက မုန့်တီသုံးပွဲ၊ ကြံရည်သုံးခွက်ပြီးတော့ အာလူးကြော်သုံးပွဲ

စားပွဲထိုးက မင်းဇော်ကိုမေးသည်။

"ဆရာ ဘာစားမလဲ"

"ငါ့ကို ရေတစ်ခွက်ပဲပေးပါ"

ကျန်သုံးယောက် အားရပါးရစားနေတာကိုပဲ ငေးကြည့်ရင်း. .

"ဒါ စတိဟုတ်လား၊ အင်း. . ဘုရား. ဘုရား. ဘုရား"

"အောင်ပြီ . အောင်ပြီ. အောင်ပြီ"

သူစကားဆုံးသည်နှင့် မျိုးမျိုးက အားရပါးရထအော်လိုက်သည်။ မင်းဇော်က အလန့်တကြား

"နေပါဦး ဘာဖြစ်တာလဲ"

"ဟိုဒင်းလေ ဗေဒင်ဆရာက ပြောလိုက်တယ်"

"ရှင့်ပါးစပ်က ဘုရား ဘုရား သုံးခါအော်ရင် ယတြာ အောင်ပြီအညှံ့ကလွတ်ကင်းပြီတဲ့"

သူတို့က စားသောက်ပြီးသည်နှင့် ထိုင်ရာမှ ထကာ





"ကဲကျေးဇူးပဲ ယတြာလဲအောင်ပြီ ကျွန်မတို့သွားတော့မယ်၊ ရှင်ရှင်းလိုက်နော်"

"ဟုတ်ကဲ့. ဟုတ်ကဲ့ ဒါထက် ဒီသစ်ကိုင်းကြီးကရော ဘာလုပ်ရမလဲ"

မျိုးမျိုးက ထွက်သွားကာနီး၊ နောက်လှည့်ကြည့်ကာ နောက်ဆုံးပြောခဲ့သည်။

"ရှင့်အိမ်သာယူသွားပြီး ထင်းသာစိုက်လိုက်ပေတော့"

^ ^ ^



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

“ခံလိုက်ရပြီကွာ. ခံလိုက်ရပြီ”

သီဟက အစအဆုံးနားထောင်ပြီး အော်လိုက်သည်။ သူနဲ့ မင်းဇော် အင်းလျားကန်စောင်းမှာ နှစ်ယောက်တည်းတွေ့ဆုံနေကြခြင်း ဖြစ်သည်။

“မင်း ရေရေလည်လည်ခံလိုက်ရတာပဲ၊ မင်းဇော် ဒီနေရာမှာ မင်းရဲ့ ကြံရည်ဖန်ရည်တွေ ဘယ်ရောက်ကုန်ပြီလဲ၊ ဘယ်ခွေးစားသွားသလဲ”

သီဟက တကယ်ပင် မခံချင်သော လေသံဖြင့် တဖျစ်တောက်တောက်ပြောနေသည်။ မင်းဇော်က

“ငါလဲ ဒီလောက်မညံ့ပါဘူးကွာ၊ ယတြာဆို သူတို့ပြောပြီး လုပ်ခိုင်းနေကတည်းက ဒီအကွက်ဆင်နေတယ်ဆိုတာ ငါသိတာပေါ့”

“ဒါဆို ဘာလို့ မင်းက သူတို့ခိုင်းတာတွေ လုပ်ခဲ့ရတာလဲ”





“ဒါကတော့ .”

မင်းဇော်က ခဏတုံ့ဆိုင်းဆိုင်းလုပ်နေပြီးမှ

“ငါက အဲသလို ပြန်လုပ်လိုက်ရင် ခက်စိတ်ဆိုးမှာ စိုးလို့”

သေလိုက်ပါတော့ မင်းဇော်ရယ်ဟုသာ သူအော်ပစ်လိုက်သည်။ မင်းဇော်က သူ့ပုံစံအတိုင်း အတီးအတဲ အူကြောင်ကြောင်အမူအယာဖြင့်

“မင်းပဲ ငါ့ကိုမှာထားတယ်လေ ခက်နဲ့ပတ်သက်လာရင် ဘာမှ ပြန်မလုပ်နဲ့ ဘာမှ ပြန်မပြောနဲ့ဆို”

သီဟက ခေါင်းကိုရမ်းခါလိုက်ကာ

“ဟုတ်ပြီ တို့ နောက်တစ်ဆင့်တက်မယ်”

“နက်ဖြန်ကျရင် မင်းခက်ကို စကားတွေပြောတော့”

“ငါ. . ခက်ကို စကားပြောရမယ် ဟုတ်လား၊ ဝမ်းသာလိုက်တာ . သီဟရယ်၊ ဝမ်းသာလိုက်တာ”

မင်းဇော် အတော်ပင်အူမြူးသွားသည်။

“ငါလေ ခက်ကို ပြောချင်တဲ့ စကားတွေ ရင်ထဲမှာ သိမ်းထားခဲ့ရတာ ကြာပြီ။ အားလုံးအိတ်သွန်ဖာမှောက်ပြောပစ်လိုက်မယ်။ ခက်ကို ဘယ်လောက်ချစ်တယ်ဆိုတဲ့ အကြောင်း၊ ဘယ်လောက် တွယ်တာမြတ်နိုးတယ်ဆိုတဲ့အကြောင်း ဘယ်လောက်. . .”

“ဟေ့ကောင် တော်တော့”

သီဟဟန့်တားလိုက်သဖြင့် မင်းဇော်အရှိန်ပျက်သွားကာ ဘာလဲဟူသော အမူအရာဖြင့် ကြည့်လိုက်၏။ သီဟက

“မင်း ခက်ကို ပြောရမှာက မင်းရင်ထဲက စကားတွေမဟုတ်ဘူး၊ ငါသင်ပေးတဲ့စကားပဲ ပြောရမှာ”



www.burmeseclassic.com

www.burmeseclassic.com



"သီဟရယ် ရည်းစားစကားလောက်တော့လဲ ငါ့ဖာသာ ပြောတတ်ပါတယ်။ မင်းသင်ပေးမှ မဟုတ်ပါဘူး"

"မဟုတ်ဘူး ဟော့ကောင် မင်းပြောရမှာက ရည်းစားစကား မဟုတ်ဘူး။ ခက်ကို ချစ်လှချည်ရဲ့ ကြိုက်လှချည့်ရဲ့ဆိုတဲ့ စကားတွေ မဟုတ်ဘူး"

သီဟ စကားကြောင့် မျက်မှန်အောက်က မင်းဇော်မျက်လုံး များ ပြူးကျယ်သွား၏။

"ဒါဆိုရင် ဘာကို ပြောရမှာလဲ"

"ခက်ရယ် စိန်ကဲ ကျောက်ကဲခတ်ရတာလွယ်တယ်၊ လူကဲ ခတ်ရတာခက်တယ်။ သူများပြောစကားတွေ မယုံပါနဲ့ အဲဒါပဲပြောရမှာ"

မင်းဇော်က ဖီလင်အောက်သွားသည်။

"မင်းစကားကြီးက ဘယ်လိုဟာကြီးလဲသီဟ၊ တစ်မျိုးကြီး ပါလား၊ ငါက ဘာအဓိပ္ပါယ်နဲ့ ဒီစကားပြောရမှာလဲ"

"ဘာအဓိပ္ပါယ်ဆိုတာ မင်းသိဖို့ မလိုဘူး။ ငါပြောခိုင်းတဲ့ စကားကို မင်းက အိုက်တင်အပြည့်နဲ့ ခံစားချက်နဲ့ ပြောရမှာ ကဲ နမူနာ ပြောကြည့်စမ်း"

မင်းဇော်စိတ်ညစ်သွားသည်။ ဘာမှ သဘောမပေါက်၊ သို့သော် ဒီနေရာမှာက ဇာတ်ဆရာက သီဟဖြစ်သည်။ ဒီတော့ ဇာတ်ဆရာအလို ကျ ဆိုရကရပေဦးမည်။

^ ^ ^



တံတားဖြူကန်ဘောင်ပေါ်တွင် ကျောင်းအားချိန်ဆို အပန်း ဖြေအနားယူနေကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ပြည့်နှက်နေ၏။ ခက်ခက်နှင့် အပေါင်းအသင်းများက ရေခဲမုန့်ဆိုင်တွင် ရေခဲမုန့်ဝယ်ကာ ရေခဲမုန့်ခွက်ကလေးတွေ ကိုယ်စီကိုင်ကာ လျှောက်လာတုန်း .

မျက်နှာခြင်းဆိုင်လျှောက်လာသော မင်းဇော်နှင့် ရင်ဆိုင်တိုး သွားသည်။ ပြုံးပျော်ရွှင်နေသော ခက်ခက်မျက်နှာက တစ်မုဟုတ်ခြင်း တင်းမာသွား၏။ ပြီးတော့ သူ့ရှေ့တွင် ရပ်သော မင်းဇော်ကို ဒေါသ မျက်လုံးတွေနှင့် ကြည့်လိုက်သည်။ မင်းဇော်ကတော့ ဘာမှန်းမသိဘဲ သီဟသင်ပေးထားသည့် စကားတွေပြောချလိုက်၏။

"စိန်ကဲကျောက်ကဲခတ်ရတာလွယ်ပါတယ် ခက်ရယ်"

"ဟာ ဘာတွေလာပြောပြန်ပြီလဲ၊ ဘာတွေလာပြောတာလဲ၊ ရှင်အရိုက်ခံချင်လို့လား ရှယ်လား၊ ရှီးရှီးလား"

ခက်ခက်စကားကြောင့် နဂိုကပင် ရှိန်နေသော မင်းဇော်မှာ စကားလုံးတွေ ပျောက်ရှ၍ သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေပါဦးဗျာ ပြောစရာစကားတောင် ဘယ်ရောက်သွားပြီလဲ မသိဘူး၊ ဒုက္ခပဲ"

ဟုခေါင်းကုတ်ကာ စဉ်းစားနေရသည်။ ခက်ခက်က

"ရှင် အခုချက်ချင်း ကျွန်မအရှေ့က ထွက်သွား၊ အခုထွက်မသွားဘူးလား"

မင်းဇော်ကတော့ ရိုက်မယ့်သာ ရိုက်တော့၊ သီဟပြောခိုင်းလိုက်သောစကားကို ပြောရတော့မည်။ သီဟက ဒီစကားပြောပြီးလျှင် သူနဲ့ခက်နဲ့ နီးတော့မည်ဟု ဆိုထားသည် မဟုတ်လား။

"စိန်ကဲကျောက်ကဲခတ်ရတာလွယ်ပါတယ်ခက်ရယ် လူကဲခတ်ရတာခက်တယ်၊ ဒါကြောင့် သူများပြောတိုင်းမယုံနဲ့"

တော်ပါသေးသည်။ ပြောချင်တဲ့စကားကို ချောချောမောမောပြောပြီးသည်နှင့် မင်းဇော်က ခက်ခက်တို့ရှေ့မှ ခပ်မြန်မြန်ထွက်ခွာလာခဲ့သည်။ ခက်ခက်တို့အုပ်စု ပွစိပွစိပြောကျန်ခဲ့၏။

"ဘာတွေ ပြောသွားတာလဲ"

"ကြောင်တောင်တောင်နဲ့"

"တို့ကျောင်းမှာ ဒီမှန်ကြောင်လို အူတူတူငနဲတွေရှိနေတာ ကျောင်းသိက္ခာကျတယ်"

"ဒီတစ်ခါ ငါ့ရှေ့မှာ လာရပ်ရင်တော့ ငါနဲ့တွေ့မယ်"



"မင်းကောင်းကောင်းလုပ်နိုင်ခဲ့တာပဲ မင်းဇော်"

အဓိပတိလမ်းအတိုင်းနှစ်ယောက်သားလျှောက်လာရင်း သီဟကပြောလိုက်ခြင်းဖြစ်သည်။ မင်းဇော်က စပ်ဖြဲဖြဲမျက်နှာဖြင့်

"မင်းပြောခိုင်းလို့သာ ပြောရတယ်၊ ငါ့မှာ အူကြောင်ကြောင်နဲ့"

"ဒါဆို ရှေ့တစ်ဆင့်တက်မယ်"

"ငါနဲ့ ခက်နဲ့ နီးတော့မယ်ပေါ့"

အားတက်သရော မင်းဇော်က ပြောသည်။

"အေး ငါပြောတဲ့အတိုင်းသာလုပ်၊ မလွဲမသွေနီးရမယ်"

"ပြော . . ပြော ငါဘာလုပ်ရမလဲ"

သီဟက ထုံးစံအတိုင်း ဆေးပေါ့လိပ်ကို တစ်ဖွာရှိုက်လိုက်ကာ

"ဒီလို မနက်ဖြန် ငါနဲ့ ခက်နဲ့ အတူတွဲလျှောက်လာမယ်၊ မင်းက မျက်နှာခြင်းဆိုင်က လျှောက်လာ တို့နှစ်ယောက်တွဲလာတာလဲမြင်ရော မင်းက တစ်ချက်ကြည့်ပြီးတော့ မျက်နှာလွှဲပြီး ပြန်လှည့်ထွက်သွား"

မင်းဇော်က ခေါင်းကုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ အဲဒါက ဘာတွေလဲ သီဟ"

သီဟကပြုံးကာ

"ငါ့စီမံကိန်း နှလုံးသားစစ်ဆင်ရေးရဲ့ သေနင်္ဂဗျူဟာတစ်ခုပဲ ဆိုပါတော့"

"မင်းတို့လျှောက်လာတာ ငါကကြည့်၊ လှည့်ထွက်သွား ဟုတ်လား"

"ဟုတ်တယ် မနက်ဖြန်နေ့လည် (၂)နာရီလောက် အီကိုထွက်ပေါက်မှာရှိနေပါစေ၊ ဟော့ကောင် အချိန်နဲ့ နေရာလွဲလို့မရဘူးနော်"

မင်းဇော်က စိတ်ရှုပ်ဟန်ဖြင့်

"မင်းဟာတွေက တစ်မျိုးပါလား၊ သူများအောင်သွယ်တာတွေနဲ့လဲ မတူပါလား"

"ဒါက အောင်သွယ်နည်းအသစ်လေ၊ မော်ဒန်အောင်သွယ်နည်းလေ၊ ဘာလဲ လုပ်မှာလား"

"အင်းလေ . . ဝက်ဖြစ်နေမှတော့ နတ်သူဒ္ဒါကြောက်လို့ မရဘူး . . လုပ်ရတော့မှာပေါ့"

"တစ်ခုရှိသေးတယ်နော်၊ တို့အခုလုပ်နေတာ မင်းနဲ့ ငါတို့ နှစ်ယောက်တည်းသိပါစေ၊ ဘယ်သူမှ မသိစေနဲ့၊ တို့သူငယ်ချင်းတွေ တောင် မသိစေနဲ့"

"ကောင်းပါပြီ ဘယ်သူ့ကိုမှ ပြန်မပြောဘူးလို့ မင်းမှာထားတာ ငါမမေ့ဘူး ခွေးကောင်ရ"

"အေး ပြောထားဦးပေါ့၊ နောက်မှ ကျေးဇူးရှင်ကြီးဆိုထိုင်ကန်တော့မှာ မြင်ယောင်နေသေးတယ်"





သူငယ်ချင်းနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရယ်မောလိုက်ကြလေသည်။

သီဟတို့အဖွဲ့နှင့် ခက်ခက်တို့အဖွဲ့ စားသောက်ဆိုင်မှာ ပွဲကျနေလေသည်။ သောင်းတင်က

"အဲဒီပြဇာတ်ထဲမှာလေ အရိုင်းက တကယ် ရယ်ရတယ်"

သူပြောရုံရှိသေး အားလုံးဟာ ခွက်ထိုးခွက်လန်ရယ်ကြသဖြင့်

"နေကြဦးလေ . . ငါက အဲဒီရယ်စရာကို မပြောရသေးဘူးလေ"

သူပြောလေ ကျန်တဲ့သူတွေက သူ့ကိုကြည့်ကာ ရယ်လေဖြစ်နေသည်။ သူတို့ ကျောင်းသူကျောင်းသားတွေဘဝက ဒီလိုပဲ လွတ်လပ်ပျော်ရွှင်စရာဖြစ်သည်။ စာသင်တာကလွဲ၍ အပူအပင်လည်းကင်းသည်။ စားကြသောက်ကြ၊ စကားပြောကြ၊ ပျော်ရွှင်ကြ။

အကြံအစည်ရှိသော သီဟက သူ့လက်ပတ်နာရီကို ကြည့်ကာ

"နှစ်နာရီထိုးတော့မယ် . . ခက်မပြန်သေးဘူးလား"

ဒီလိုနေ့မျိုးတွင် ခက်က နှစ်နာရီထိုးလျှင် ပြန်လေ့ရှိ၏။ ကျန်လူတွေက ဘာသာရပ်အလိုက် ပရက်တီကယ်အချိန်ရှိသဖြင့် ကျန်ခဲ့လေသည်။ ခက်က

"နင်တို့ ပရက်တီကယ်က နောက်ကျမယ်ဆိုတော့ ငါမစောင့်တော့ဘူး၊ ပြန်မယ်"

"ခက် ကျွန်တော် ကားဂိတ်လိုက်ပို့မယ်နော်"

ကျန်လူတွေက ဝိုင်းကြည့်ကြသည်။ သီဟက

"ကျွန်တော်လဲ အားနေလို့ပါ၊ လမ်းလျှောက်ရင်း ခက်စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောဖော် ရတာပေါ့"

"ကောင်းသားပဲ"

သူတို့နှစ်ယောက်အတွဲကိုကြည့်ကာ ကျန်လူတွေက လှောင်ကြသည်။

"ဟာ. . ဟာ ဘယ်တုန်းက ဒီလိုဖြစ်ကုန်တာလဲ"

"ဟုတ်ပ တို့လဲ မသိလိုက်ပါလား"

သီဟက ရှက်ကိုးရှက်ကန်းဖြစ်နေသော ခက်ခက်ကို ကြည့်ကာ

"ငါက အားနေလို့ ခက်ကို လိုက်ပို့တာပါကွာ"

"အေးလေ တို့ကရော ဘာပြောနေလို့လဲ"

"အိုးမလုံ အုံမပွင့်နဲ့လေ"

အားလုံးကို ကျောခိုင်းကာ သူတို့ထွက်လာခဲ့ကြသည့်တိုင်အောင် အနောက်ဘက်တွင် တစ်ယောက်တစ်ပေါက်ထင်မြင်ချက်ပေးကာ ကျန်ခဲ့ကြသည်။ အတူတူ လျှောက်လာရင်း သီဟက ခက်ခက်မျက်နှာကို အကဲခတ်ကြည့်သည်။ ခက်ခက်၏ အပြုံးကို ရှက်ပြုံးဟု ဆိုနိုင်သော်လည်း ရှက်ပြုံးနောက်ကွယ်တွင် ပီတိပြုံးတစ်ခုက ပုန်းကွယ်နေတာ သိသာထင်ရှားသည်။ သူကသာ ဖွင့်ဟချစ်ရေးဆိုခဲ့လျှင် ခက်ခက်၏ အနေအထားက ငြင်းဆန်မည့်ပုံမရှိ။ သို့သော်. . .

ဒီလိုတွေးလိုက်သောအခါ သူ့ရင်ထဲအသည်းထဲထိအောင် နာကျင်လာ၏။

"ကိုသီဟ ဘာလို့ ဒီနေ့ခက်ကိုလိုက်ပို့တာလဲ"

"အင်းဘယ်လိုပြောရမလဲ၊ ရင်ထဲကနေ ပို့ချင်တဲ့စိတ်ဖြစ်နေလို့၊ ဘာလဲ ခက်က ကျွန်တော်လိုက်ပို့တာ မကြိုက်လို့လား"





"မဟုတ်ပါဘူး၊ အရင်နေ့တွေက မပို့ဘဲ ဒီနေ့မှ လိုက်ပို့တော့ ထူးထူးဆန်းဆန်းမို့ပါ. . "

"ခက်ကသာ လိုလားမယ်ဆို ကိုယ်က နေ့တိုင်းလိုက်ပို့ချင်ပါတယ်"

ခက်က ပြုံး၍သာနေသည်။ ခက်က ပါးနပ်လိမ္မာသော မိန်းကလေးတစ်ယောက်။ ဒီတော့ သီဟရင်ထဲမှာ ဘာတွေရှိနေသည်ကို ကောင်းကောင်းရိပ်စားမိသည်။ တကယ်တော့ သီဟသည် ရိုးသားတည်ကြည်ကာ ခင်မင်စရာကောင်းသော ယောကျ်ားပီသသည့် လူငယ်တစ်ဦးသာဖြစ်သည်။

သီဟကို ကြည့်လိုက်တော့ သီဟက သူ့နဖူးကို သူ့လက်ဖြင့် စမ်းနေတာ တွေ့ရသဖြင့်

"သီဟ ဘာဖြစ်လို့လဲ"

"ကိုယ်တွေပူနေသလားလို့"

"ဟုတ်လား၊ ရုတ်တရက် ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော့်လက်တွေ စမ်းကြည့်စမ်းပါ၊ အေးစက်နေသလားလို့"

သူ့လက်နှစ်ဘက်ကို ခက်ခက်ဆီပေး၏။ ခက်ခက်က သူ့လက်နှစ်ဖက်နှင့် သီဟလက်နှစ်ဖက်ကို စမ်းသပ်သည်။ အေးတော့ အေးသည်။ သီဟပြောသလို အေးစက်နေတာမျိုးတော့မဟုတ်

"ဘယ်လိုလဲ"

"အေးစက်တော့မနေပါဘူး၊ အေးတော့အေးနေတယ်"

"ရှင်တကယ်ဖျားချင်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



ခက်ခက်က သီဟနဖူးကို စမ်းကြည့်သည်။ နဖူးက နွေးနေသည်။ ခက်ခက်က

"ကိုယ်ပူတယ်လို့တော့ မခေါ်နိုင်ပါဘူး၊ လူဆိုတာ ဒီလောက်တော့ ကိုယ်ငွေ့လေးရှိနေမှာပေါ့"

သီဟချိန်းဆိုထားသော အချိန် ချိန်းဆိုထားသော နေရာသို့ လျှောက်လာသော မင်းဇော်မှာ ရုတ်တရက်တွေ့လိုက်ရသော မြင်ကွင်းကြောင့် ခြေလှမ်းတွေ တုံ့ဆိုင်းသွားသည်။ ခက်ခက်က သီဟကို ကြင်နာနေလိုက်တာ။ လက်ဖျားကလေးတွေကို ဆုပ်ကိုင်လို့၊ ပြီးတော့ နဖူးကို လက်ကလေးနှင့်စမ်းလို့၊ ပြုံးရွှင်ကြည်နူးနေလိုက်တာ။

သူ့အသည်းနှလုံးကို ကျွဲတစ်ကောင်ဝင်ခတ်သလို ခံစားလိုက်ရသည်။ သူ့မျက်နှာက ချက်ခြင်းပင် ဟန်မဆောင်နိုင်အောင် မှိုင်းညှိုး၍ သွားသည်။ သူ့ကို ခက်ခက်ကလည်း မြင်လိုက်၏။ ခက်ခက်ကြည့် နေစဉ်မှာပင်

မင်းဇော်က မျက်နှာလွှဲကာ ချာကနဲ နောက်ပြန်လှည့်ထွက်လာခဲ့လေသည်။ ခက်ခက်က ထိုအပြုအမူကို ကြည့်ကာ ဒေါပွသွားပြန်သည်။

"ဟိုမှာ ဟိုအကောင် မင်းဇော်မဟုတ်လား၊ သူကဘာအချိုးချိုးတာလဲ၊ လူကိုမြင်တာနဲ့ ပြန်လှည့်ထွက်သွားတယ်"

"ထားလိုက်စမ်းပါခက်ရယ်၊ ဒီကောင်က ဒီလိုပဲ ကြောင်တောင်တောင်ကောင်ပါ။ အရေးလုပ်မနေပါနဲ့"

ခက်ခက်ကို လှည်းတန်းကားဂိတ်ရောက်အောင် သီဟလိုက်ပို့၏။ ခက်ခက်ကားပေါ်တက်သွားတော့မှ သူကျောင်းဘက်ပြန်လျှောက်လာသည်။ ပရက်တီကယ်ဖြေရအောင် ထွက်လာသော မျိုးမျိုးတို့ တစ်သိုက်





နှင့် လမ်းမှာတွေ့၏။ တစ်ယောက်တစ်ပေါက်ပြောကြပြန်သည်။

"သီဟ နင်ဘာအချိုးချိုးနေတာလဲ"

"ငါ. . ဘာလုပ်လို့လဲ"

"အံမယ် နင်အကြောင်းမရှိ အကြောင်းရှာပြီး ခက်ရဲ့ အနားကပ်နေတာ တို့မသိဘူးမှတ်လို့လား"

"ကပ်တယ်ဟယ်ကပ်တယ်ဘာဖြစ်လဲ၊ ငါ့ရည်းစားနား ငါကပ်တာ"

သီဟစကားကြောင့် မျိုးမျိုးတို့ တစ်သိုက် မျက်လုံးပြူးသွားသည်။

"ဘာ ဘာပြောတယ် ငါ့ရည်းစားဟုတ်လား"

"နင်နဲ့ ခက်နဲ့ ချစ်သူတွေ ဖြစ်နေကြပြီလား"

"ဟုတ်ရဲ့လား ပြောစမ်းပါအုန်း"

သီဟက ကြောင်တောင်တောင်လုပ်ကာ

"ဒုက္ခပဲ နင်တို့ကို မခံချင်တာနဲ့ ငါ့ပါးစပ်က လွှတ်ကနဲ ထွက်သွားတာ၊ ခက်သိရင် စိတ်ဆိုးတော့မှာပဲ ဒုက္ခပဲ"

"ခက်က သိတာနဲ့ ဘာလို့စိတ်ဆိုးရမှာလဲ၊ တို့က တခြားသူတွေလဲမဟုတ်ဘဲနဲ့"

ပပက ပြောသည်။ သီဟက မှင်သေသေမျက်နှာဖြင့်

"ဒီလိုလေ နင်တို့ကို သူ့ဖာသာ အချိန်ကျရင် ပြောမယ်တဲ့ ငါ့ကို မပြောနဲ့လို့ မှာထားတာ၊ အခုနင်တို့ကြောင့် ရှုပ်ကုန်တော့မှာပဲ။ ငါတစ်ခု တောင်းပန်ချင်တယ်။ ဒီကိစ္စခက်ကို သွားမမေးနဲ့နော်။ ကတိပေးကြပေးတယ်မဟုတ်လား"

"ပေးတယ် ပေးတယ်"

"အမယ်လေး အဖြစ်သဲနေလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး အဖြစ်သဲချင်ရင် နင်တို့ ရည်းစားတစ်ယောက်စီရှာကြ၊ အပျိုကြီးလုပ်မနေနဲ့။ နင်တို့ မရှာနိုင်ရင် ငါရှာပေးမယ်"

ပူညံပူညံပြောကာ မျိုးမျိုးတို့တစ်သိုက်စာသင်ခန်းများဆီ လျှောက်သွားကြသည်။ သီဟက ပခုံးတစ်ချက်တွန့်လိုက်၏။ သူပစ်လိုက်သော မြှားက ပစ်ကွင်းကို တိုက်ရိုက်ထိမှန်သွားတာ သေချာပါသည်။ ရိုက်ခတ်လာမယ့် အကျိုးတရားတွေကို သူရင်ကော့ခံနိုင်ဖို့ပဲ သူ့ဘက်က ပြင်ဆင်ထားသည်။ တကယ်တော့ သူရှုံးမယ်ဆိုတာ သိသော စစ်ပွဲကို တိုက်ခိုက်ခဲ့သူသာ ဖြစ်လေသည်။



# အခန်း (၉)

သစ်ပင်တစ်ပင်အောက်ခုံတန်းလျားမှာ ဟာသလုံးချင်းစာအုပ်တစ်အုပ်ကိုဖတ်ကာ မင်းဇော်တစ်ကိုယ်တည်း ရယ်မောနေသည်။ ဤနေရာတွင် သူတို့နှစ်ယောက် တွေ့ဆုံရန် ချိန်းထားခြင်းဖြစ်သည်။ သီဟက ရောက်လာလျှင် လာခြင်းပင်

"မနေ့က မင်းလုပ်သွားတဲ့အမူအရာကတော့ တကယ်ပိုင်တယ်ကွာ၊ အကယ်ဒမီရွှေခ်ပဲဟေ့"

"ထူးထူးခြားခြား အိုက်တင်လုပ်စရာမလိုပါဘူး၊ မင်းတို့နှစ်ယောက်ကို ချစ်သူတွေလိုမြင်ရတော့ ငါ့ရင်ထဲမှာ ရှတ်တရက်တော့ အောင့်သွားတာပေါ့၊ ဒါထက်မင်းတို့က ငါထင်သလို မဟုတ်ပါဘူးနော်"

မင်းဇော် မယုံသင်္ကာသလိုမေးသည်။

"မဟုတ်ပါဘူးကွာ၊ မင်းနဲ့ ခက် အဆင်ပြေအောင် ငါဆောင်ရွက်ပေးနေတာကို မင်းသိသားပဲ။ ငါ့ကို စိတ်ချယုံကြည်ထားစမ်းပါ။"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ. . ဟုတ်ပြီ နောက်ဘာဆက်လုပ်ရမလဲ"

ဟုစိတ်ဝင်တစားမေး၏။ သီဟက

"သေသေချာချာ နားထောင်၊ အခု အရေးကြီးဆုံးအပိုင်း ရောက်လာပြီ၊ တစ်စက်ကလေးမှ လွဲလို့မရဘူး"

"ဟုတ်ပြီ ပြောလေ ငါနားထောင်နေပါတယ်"

"မနက်ဖြန်ကျရင် မင်းကို ခက်ကခေါ်လိမ့်မယ်"

"ဘာ. ."

ဒါက သူမျှော်လင့်မထားသော စကားဖြစ်သည်။

"ခက်က ငါ့ကို ဘာကြောင့် ခေါ်ရမှာလဲ သူက ငါ့ကို အစိမ်းလိုက် ဝါးစားချင်လောက်အောင် မုန်းနေတာလဲ မင်းအသိပဲ"

"ငါပြောတာကိုယုံ၊ မနက်ဖြန်မင်းကို ခက်ကခေါ်ကို ခေါ်လိမ့်မယ်"

"ဘာကြောင့်လဲ"

"အဲဒါကို မင်းသိဖို့မလိုဘူး၊ ခေါ်ရင်လိုက်သွား၊ ဟိုရောက်လို့ ခက်ကမင်းကို သီဟတစ်ယောက်ဘာတွေ ပြောထားလဲလို့မေးရင်"

"သီဟ တစ်ယောက် ဘာတွေပြောသေးသလဲဟုတ်လား"

မင်းဇော်ကောင်းကောင်းနားမလည် သီဟက

"ဟုတ်တယ် အဲသလိုမေးရင် သီဟက ခက်နဲ့ သူနဲ့ ချစ်သူတွေ ဖြစ်နေကြတယ်လို့ ပြောတယ်လို့သာ ပြောလိုက်"

"သီဟ. ."

မင်းဇော်က အသံမာမာနှင့် ခေါ်လိုက်သည်။ မတင်းမာ စဖူး သူ့မျက်နှာကလဲ တင်းမာနေ၏။ မင်းဇော်ဒေါသထွက်တာ သီဟ





မြင်ဖူးပြီ။

"သီဟ မင်းက ငါ့ကိုအောင်သွယ်ပေးနေတာလား၊ ငါက မင်းကို အောင်သွယ်ပေးနေတာလား၊ မင်းအကွက်တွေကို ငါနားမလည်တော့ဘူး"

"မင်းနားလည်စရာမလိုသေးဘူး မင်းဇော်"

"တော်တော့. . " မင်းဇော်က အော်လိုက်သည်။

"ဟိုလိုနေ. ဟိုဟာလုပ် ဟိုစကားပြော. မင်းခိုင်းတာတွေမှန် သမျှ အကုန်လျှောက်လုပ်နေရအောင် ငါကသောက်ရူးမဟုတ်ဘူးသီဟ"

မင်းဇော်ပေါက်ကွဲတာ သေချာသည်။ ဒီလောက်ပြောလာတော့ သီဟမခံနိုင်။ တကယ်တော့ မင်းဇော်ကောင်းစားဖို့ သူက သူ့အချစ်၊ သူ့အသည်းနှလုံးကို စတေးခံကာ ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ဒါကို ဒီကောင်က သဘောမပေါက် ခက်တာက ဒီကောင် သဘော ပေါက်အောင် သူကလဲ ဖွင့်ထုတ်ရှင်းပြနိုင်ဖို့ အခွင့်အရေးမပေး။

"မင်းဇော် မင်းငါ့စေတနာကို မစော်ကားနဲ့"

ဒီလောက်ပဲ မချိတင်ကဲ ပြန်ပြောမိသည်။ သူ့မျက်လုံးထဲတွင် မျက်ရည်စတွေ ဝိုင်း၍လာသည်။ မင်းဇော်က

"ကဲ ဒါဆို မင်းရှင်းပြ ငါက ဘာကြောင့် ဒီစကားတွေ ပြောရမှာလဲ ရည်ရွယ်ချက်ကကော ဘာလဲ၊ အဲဒီနောက်ကွယ်မှာ ဘာတွေ ရှိသလဲ ပြော"

"မပြောနိုင်ဘူးကွာ"

သီဟက ငြင်းလိုက်သည်။ ဒါကတော့ တကယ်မပြောဖြစ် ပြောလိုက်သည်ရှိသော် မင်းဇော်ခံနိုင်မှာ မဟုတ်။ သူပြောသည့် အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်မှာမဟုတ်။ ဒါဆို သူ့အစီအစဉ်လဲပျက်ပြီ၊ မင်းဇော်က လေပျော့ကလေးနှင့် တောင်းပန်ပြန်သည်။

"သီဟ မင်းငါ့ကို တစ်ခုခုတော့ ပြောကွာ"

"မပြောနိုင်ဘူး၊ မင်းဇော် မင်းအခုလို ဘာမှ မသိဘဲ နေတာအကောင်းဆုံးပဲ၊ ဒါတွေက မင်းအတွက် အခုချိန်မှာ ပဟေဠိတွေဖြစ်နေပေမယ့် အချိန်တန်ရင် ရှင်းသွားလိမ့်မယ်"

"ငါ ဘာမှ မသိတာ အကောင်းဆုံးလို့ ခုဏကမင်း ပြောလိုက်သလား"

"ဟုတ်တယ် မင်းဘာမှ မသိတာ အကောင်းဆုံး၊ ငါလိုချင်တဲ့မင်းသူနဲ့ ဆက်ဆံတဲ့နေရာမှာ ဘာမှ မသိပါဘူးလို့ ဖော်ပြနေတဲ့ မင်းရဲ့မျက်လုံးတွေပဲ"

"ငါတော့ တကယ်နားမလည်တော့ဘူး"

"မျက်လုံးတွေဟာ အသည်းနှလုံးရဲ့ ပြတင်းပေါက်တွေလေ၊ ဒါမှမဟုတ် စိတ်ရဲ့ ပြတင်းပေါက်ပေါ့။ ခက်က အင်မတန်ပါးနပ်တဲ့သူ၊ မင်းစကားပြောနေတဲ့အခါ မင်းရဲ့မျက်လုံးတွေကို ကြည့်ပြီး အကဲခတ်မှာပဲ မင်းရဲ့ မျက်လုံးတွေထဲမှာ မင်းဘာမှ မသိပါဘူးဆိုတဲ့ အရိပ်အရောင်တွေ သူတွေ့သွားဖို့လိုတယ်"

"ငါက ဒီစကားတွေကို ဟန်ဆောင်ပြောရမှာပေါ့ ဟုတ်လား"

"မင်းငါ့လောက် ဟန်ဆောင်မကောင်းပါဘူးကွာ"

ဒီစကားတွေကိုတော့ သီဟက သူ့တစ်ကိုယ်တည်းကြားရုံ၊ တိုးတိုးကလေး ပြောလိုက်ခြင်းဖြစ်သည်။

မင်းဇော်က ငြိမ်သက်စွာ နေသည်။ သူ သီဟနှင့် တွဲလာ





တာကြာပြီ။ ဒေသကောလိပ်တွင် ပထမနှစ်စတက်ကတည်းက ဖြစ်၏။ ဒီကောင်က သူပျက်စီးရာ ပျက်စီးကြောင်းကိစ္စကိုတော့ စီစဉ်ပေးမည်မထင်။

"ငါ့ကိုယုံပါ မင်းဇော်ရယ်"

သူက တောင်းပန်သည့်အသံနှင့်ဆိုတော့ မင်းဇော်စိတ်ပျော့သွားကာ ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီလေ မင်းပြောတဲ့အတိုင်း ငါပြောမယ်"

"ဟုတ်ပြီ တကယ်လို့ ခက်က မင်းကိုခေါ်ပြီး ငါက မင်းကိုဘာပြောခဲ့သလဲလို့မေးရင်"

သီဟက မင်းဇော်ကို တစ်ချက်ကြည့်လိုက်သည် မင်းဇော်က

"သီဟက သူနဲ့ ခက်နဲ့ ချစ်သူတွေဖြစ်နေကြပါပြီလို့ပြောတယ်"

သီဟက လက်ဖျောက်တီးလိုက်သည်။

"အိုက်တင်ကောင်းတယ်။ ငါလိုချင်တာက အဲဒီမျက်လုံးတွေပဲ၊ ဘာမှမသိတဲ့ ရိုးစင်းတဲ့ သိုးတစ်ကောင်ရဲ့ မျက်လုံးမျိုး။ မနက်ဖြန် မင်းတာဝန်ကို မင်းကျေပါစေနော် မင်းဇော်"

မင်းဇော်က ခေါင်းညိတ်ကာ ဝန်ခံလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အစပထမကြားစတော့ ခက်ခက်က ပေါ့ပေါ့တန်တန်ပင် သဘောထားသည်။ စားသောက်ဆိုင်တွင် သူတို့လူစုနှင့် မောင်မောင်အေး တို့လူစု ထိုင်ကာ စားသောက်နေကြရင်း ပပက

"ခက် နင်နဲ့ သီဟနဲ့ ချစ်သူတွေဖြစ်နေပြီဆို"

ခက်ခက်က ပြုံးစစဖြင့် . .

"ဘယ်သူပြောတာလဲ၊ နင်ဘယ်ကတစ်ဆင့်ကြားလာတာလဲ"

"တစ်ဆင့်ကြားလာတာမဟုတ်ဘူး၊ ငါကိုယ်တိုင်နားနဲ့ ဆတ် ဆတ်ကြားခဲ့ရတာ"

"ဘယ်သူပြောတာလဲ"

"လူတစ်ယောက်ကပြောတာ"

"သူများအတင်းပြောတာကို နင်တို့ ယုံမနေနဲ့"

"အတင်းမဟုတ်ဘူး ခက်ရဲ့ သတင်းသတင်း"

သူငယ်ချင်းတွေက ဒီလောက် အတည်ပေါက်ကြီးပြောနေပြီ ဆိုတော့ ခက်ခက်မနေသာတော့။





"ပြောတဲ့သူက ဘယ်သူလဲ"

"သီဟ ကိုယ်တိုင်ပဲ"

"သူ့ သူငယ်ချင်းတွေကို သူအရွဲ့တိုက်ပြောနေတာ နင်တို့ ကြားခဲ့တာမဟုတ်လား"

အခုအချိန်ထိ ပြောင်ပြောင်ကြီးကွယ်နေသည့် ခက်ခက်ကို သူငယ်ချင်း တစ်သိုက်က လုံးဝမကြည်ချင်တော့။

"မဟုတ်ဘူး ငါတို့တစ်သိုက်ကို သီဟကိုယ်တိုင်က ပြောခဲ့တာ"

ခက်ခက် နားမလည်နိုင်အောင်ဖြစ်သွားသည်။ သီဟက ဘာကြောင့် ဒီလိုပြောရတာလဲ။ သူငယ်ချင်းတွေက

"ငါတို့လဲ တစ်နေ့ ဒီလိုဖြစ်မယ်ဆိုတာသိပြီးသားပါ။ ဒါပေမဲ့ ငါတို့ကို အခုလို ဖုံးကွယ်ထားတာတော့ ဝမ်းနည်းတယ်"

"အေးလေ တို့ကို ဖွင့်ပြောရင် တို့ကလဲ ကန့်ကွက်မှာ မဟုတ် ပါဘူး။ ဝန်ခံလိုက်စမ်းပါ"

"မဟုတ်ဘူး တစ်ခုခုတော့ လွဲနေပြီ"

ခက်ခက်ဝေခွဲမရဖြစ်နေသည်။ တကယ်တမ်းတော့ သီဟက ရိုးရိုးသားသား သူကိုယ်တိုင်မပြောခဲ့ရင် သူငြင်းဆန်ဖို့ ခက်တာအမှန်။ အခုဘာကြောင့် ကွယ်ရာမှာ သွားပုပ်လေလွင့်ပြောရသနည်း။ ဒါကိုတော့ နည်းနည်းလေးမှ မကျေနပ်။

မျိုးမျိုးတို့က ခက်ခက်၏ မျက်နှာရိပ်မျက်နှာကဲကို သိသည်။ ခက်ခက်၏ မျက်နှာပြင်က မှန်တိုင်းထန်တော့မည့်အသွင်

"မဟုတ်ဘူး. . မဟုတ်ဘူး. လုံးဝမဟုတ်ဘူး"

ခက်ခက်က အော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့က ငါ့ကိုတောင်မယုံတော့ဘူးလား။ ငါပြောတာကို တောင် မယုံတော့ဘူးလား။ ဘာတွေဖြစ်ကုန်တာလဲဟာ တောက်."

ခက်ခက်က ဒေါသဖြင့် တောက်တစ်ချက်ခေါက်လိုက်သည်။ ဒီတော့လည်း အားလုံးဖြုံသွား၏။ သူဇာက မရွံ့မရဲဖြင့်

"အဲလိုဆို နင်တို့ ချစ်နေကြတယ်ဆိုတာ မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး"

"ပြောရက်လိုက်တာဟယ်။ သီဟပါးစပ်က ထွက်တယ် ဆိုတော့ တို့လဲ ယုံလိုက်ကြတာပေါ့"

"ပြီးတော့ သီဟကပြောသေးတယ်၊ ဒီကိစ္စကို ဘယ်သူမှ မသိပါစေနဲ့တဲ့။ ခက်ကို ပြန်မမေးကြပါနဲ့ဆိုပြီး တို့ကို ပိတ်ပင်သွားသေး တယ်"

"ငါ့ကိုပြန်မေးရင် သူပြဿနာတက်မယ်ဆိုတဲ့ အသိလေးတော့ ရှိသေးတယ်ပေါ့။ ဒါပေမဲ့ မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာကို ကွယ်ရာမှာ စော်ကားမော်ကားပြောရဲ ပြုရဲတယ်ဆိုတော့ ဒီလူဟာ လူမဟုတ်တော့ဘူး"

ခက်ခက်တကယ်ပင်ကြေကွဲနေပါသည်။ သူ့ရင်ထဲက အသည်း နှလုံးတစ်စစီကြွေကျကုန်သလိုပင်။ ဘေးတွင် မောင်မောင်အေးတို့ လူစု ရှိသော်လဲ ခက်ခက်ဒေါသကို မတားဆီးသာ။ ကိုယ့်လူကျူးလွန်ခဲ့တဲ့ အပြစ် ကလည်းကြီးလှသည်။

"တောက်. . ပိပိရိရိလိမ်ခဲ့တာပဲ။ အိုက်တင်ကောင်းလိုက်တာ။ ငါကတော့ သူ့ကိုတကယ်ယုံကြည်လေးစားမိတာ၊ အခုလို ဖွတ်ထွက်လာ လို့ စောစာစီးစီးတောင်ပို့မှန်းသိလိုက်ရတယ်ဆိုပဲ ငါ့အတွက် အမြတ်လို့





သဘောထားတယ်"

ခက်ခက်က ပြန်တွေးလိုက်တော့ အတိတ်ကဖြစ်ခဲ့တာတွေက တစ်ရေးရေးပေါ်၍လာသည်။

ပထမတော့ သူ့ကိုချဉ်းကပ်ဖို့ ပိုက်ဆံအိတ်ပျောက်ချင်ယောင် ဆောင်ပုံ

နောက်တော့ တောင်းပန်သလိုပြုကာ ချဉ်းကပ်ခဲ့ပုံ. . .

ပြီးတော့ သူမုန်းနေသည်ဆိုသော မင်းဇော်အကြောင်း မကောင်း ပြောခဲ့ပုံ။

ပြီးတော့ တစ်ရက်တွင် မင်းဇော်သူ့ရှေ့ရောက်လာပြီး ပြော သွားသောစကားကို ကြားယောင်လာသည်။

"စိန်ကဲ ကျောက်ကဲ ခတ်ရတာလွယ်တယ်။ လူကဲခတ်ရတာထက် လွယ်တယ်။ လူကဲခတ်ရတာခက်တယ် ခက်ရယ်။ သူများပြောစကား တွေမယုံပါနဲ့။"

မင်းဇော်က သူ့ကို လာရောက်သတိပေးတာဖြစ်သည်။ သီဟ အလိမ်အညာစကားဆိုခဲ့တာကို မင်းဇော်သိပုံရ၏။ မင်းဇော်အကြောင်း ပြောခဲ့တာ ရစရာမရှိ။

မင်းဇော်က ကောင်မလေးတွေကို ထည်လဲတွဲခဲ့ပုံ။

အဲသလိုတွဲပြီး ကောင်မလေးတွေကို ဖျက်ဆီးကာ ထားခဲ့ပုံ။ ပြီးတော့ ဘိန်းဖြူတောင်သုံးဖူးသည်ဟု ဆိုသည်။ တစ်ခုပဲရှိမည်။ မင်းဇော်ကို ခေါ်မေးလိုက်လျှင် ဒီကိစ္စရှင်းသွားမည်။ မင်းဇော်က အမှန် အတိုင်းပြောသော် သီဟစကား မှန်၊ မမှန် သိပေမည်။ ထို့ကြောင့်

"ငါ့ကို မင်းဇော်ခေါ်ပေးပါ ပပ"



www.burmeseclassic.com

www.burmeseclassic.com



ဘေးကလူတွေက အံ့အားသင့်၍သွားသည်။ ဒီလောကကြီး တွင် ခက်ခက်အမုန်းဆုံးလူက မင်းဇော်ဟု သိထားကြသည်။ မင်းဇော် မျက်နှာကို အခါခါပင် မမြင်ချင်ပါဟုဆိုသူ ခက်ခက်က မင်းဇော်ကို ခေါ်ပေးပါဟု ဆိုတော့။

မျိုးမျိုးက မယုံသင်္ကာဖြင့်

"ဘယ်မင်းဇော်ကို ပြောတာလဲ"

"ဘယ်မင်းဇော်ရှိလို့လဲ၊ ငါပြောတာ ဟိုမှန်ကြောင်လေ၊ ခေါ်ပေးကြစမ်းပါ။ ငါ့ကို မြန်မြန်ခေါ်ပေးကြစမ်းပါ"

"ကဲဟယ် မောင်မောင်အေးတို့ ကြားတယ်မဟုတ်လား၊ မင်းဇော်ကို သွားခေါ်လာခဲ့စမ်းပါ"

မောင်မောင်အေးတို့ ထွက်သွားသည်။ မကြာမီ မင်းဇော်သည် မောင်မောင်အေးတို့နောက်မှ ကန့်လန့်ကန့်လန့်ဖြင့် ပါလာသည်။ မောင်မောင်အေးတို့က သူ့ဆီ ရောက်လာကာ။

"မင်းကို ခက်က တွေ့ချင်လို့ ခေါ်နေတယ်။ အခုလိုက်ခဲ့ရမယ်"

ဆိုတော့ သူလန့်သွား၏။ သီဟပြောတာ မှန်တော့မှန်၏။ မင်းကို မနက်ဖြန်ကျရင် ခက်က ခေါ်လိမ့်မယ်ဆိုတာ သို့သော်. .

ခက်ရှေ့ရောက်သောအခါ ကြောင်ရှေ့ရောက်နေသည့် ကြွက်လို မင်းဇော်အနေ ကျုံ့နေသည်။ ပတ်ဝန်းကျင်ကိုလည်းကြည့်ပါဦး။ ခက်တို့အုပ်စုရော မောင်မောင်အေးတို့အုပ်စုရော အစုံအလင်။ အဲ. . သီဟ တစ်ကောင်တော့မရှိ။ ဘာကြောင့်ပျောက်နေသည်မသိ။

သူ့ရှေ့မှာ ခက်က ခါးထောက်ရပ်နေ၏။ ခက်မျက်နှာက နာမည်နှင့်လိုက်အောင် ခက်ထန်နေ၏။ ထိုဒါသတွေက သူ့အပေါ် ပုံကျလာလေ





မလားမသိ။ သူကပင်စတင်ကာ

"ကျွန်တော့်ကို ခေါ်တယ်ဆိုလို့"

"ဟုတ်တယ်"

ခက်အသံက မာမာ၊ ခက်ရဲ့ စကားက ပြတ်ပြတ်

"ကျွန်တော် ကျွန်တော် ခက်အပေါ် ဘာများအမှား ကျူးလွန်ခဲ့မိလို့လဲ"

သူက မရွံ့မရဲနဲ့ မေးလိုက်တော့

"ဒီမယ် ရှင့်ကို ကျွန်မ မေးစရာရှိလို့ ခေါ်လိုက်တာ၊ ကျွန်မ မေးတာကိုပဲဖြေ တခြားစကားတွေ အပိုမပြောနဲ့"

တရားခံတွေ့နေသော တရားသူကြီးရဲ့ လေပေါက်မျိုး။

"ဟုတ်. . ဟုတ်. . ဟုတ်ကဲ့"

သူ ကပျာကသီ ခေါင်းညိတ်ပြလိုက်သည်။

"ရှင် မိန်းမတွေကို ဖျက်ဆီးခဲ့ဖူးလား"

"ဗျာ"

မင်းဇော်လန့်ဖျပ်သွားသည်။ ကြောက်စရာကောင်းလှသော စွပ်စွဲချက်။ သူမထင်ထားသော မေးခွန်း။ ဘာကြောင့် ဒီလိုမေးခွန်း မေးရတာလဲ။

"ကဲ ဖြေလေ ရှင်မိန်းမတွေကို ဖျက်ဆီးခဲ့ဖူးလား"

"မဆီမဆိုင်ဗျာ. . . ဘဝမှာ ရည်းစားတောင်မထားဖူးဘူး။ အစိမ်းသက်သက်ကလေးပါ. ."

သူ့အဖြေကြောင့် ဘေးကအုပ်စုက ပြုံးစိစိဖြစ်သွားသည်။ သို့သော် မင်းဇော်သည် ခက်မျက်နှာကြောင့် ပွင့်ပွင့်လင်းလင်း ရယ်မော



www.burmeseclassic.com

www.burmeseclassic.com



ရဲဟန်မတူ။

"ရှင် အပိုစကားတွေမပြောနဲ့။ ကျွန်မနောက်မေးခွန်းတစ်ခု မေးမယ်။ ရှင်နံပါတ်ဖိုးသုံးစွဲဖူးလား"

"ဗျာ. . . ဘယ်သူကပြောတာလဲ"

မင်းဇော်က အောချ၍ သွားသည်။

"ကျွန်မကို ပြန်မမေးနဲ့လို့ပြောထားတယ်နော် မေးတာပဲဖြေ"

"မဟုတ်တာဗျာ. . . ကျွန်တော် ဆေးလိပ်တောင်သောက်တဲ့ ကောင်မဟုတ်ဘူး"

ဒီမေးခွန်းတွေမေးနေရင်း ခက်ခက်က မင်းဇော်မျက်နှာကို အဆက်မပြတ်အကဲခတ်ကြည့်နေသည်။ မင်းဇော်ပုံက လိမ်ညာပြောနေပုံ ဟန်ဆောင်ပြောနေပုံမရ။ တကယ်ပင် ရိုးရိုးသားသား အရှိကိုအရှိတိုင်း ပြောနေသည့်ပုံစံကဟုတ်သည်။ သူဆေးလိပ်သောက်တာလဲမမြင်ဖူး ဘူး။ ဆေးလိပ်ပင်မသောက်သူက နံပါတ်ဖိုးရှူသူဘယ်နည်းနဲ့မှ မဖြစ် နိုင်ပါ။

မင်းဇော်ကတော့ အခုထက်ထိ ကောင်းကောင်းသဘောမ ပေါက်။ ဘာကြောင့် ခက်ကသူ့ကိုခေါ်ကာ ပုလိပ်စစ်စစ်နေရသနည်း။

"ကဲ နောက်ဆုံးမေးခွန်းပဲ ရှင်အမှန်အတိုင်းဖြေရမယ်နော်။ သီဟက ရှင့်ကို ကျွန်မအကြောင်းဘာတွေပြောထားသလဲ"

မင်းဇော်တစ်ချက်တွေဝေသွားသည်။ သီဟဆိုတဲ့အကောင် ဗေဒင်ဟောစားရင်အောင်မြင်မည်။ အခုသူပြောတဲ့အတိုင်း ခက်က မေးနေသည်။ သို့သော် သူဖြေခိုင်းလိုက်သည့်အတိုင်း ဖြေသင့်မဖြေသင့်။





ခက်ခက်က တွေဝေနေသော သူ့ကိုကြည့်ကာ။

"ပြောလေ သီဟက ကျွန်မတို့အကြောင်းဘာတွေပြောထား သလဲ"

"သူက. . . သူနဲ့ခက်နဲ့ချစ်သူတွေဖြစ်သွားပြီလို့ ပြောပါတယ်"

မင်းဇော်က သီဟသင်ပေးထားတဲ့အတိုင်းပြောလိုက်သည်။ ခက်ခက်က ဒေါသဖြင့် နှုတ်ခမ်းတစ်ဖက်ကို ဖိကိုက်လိုက်၏ သူ့ မျက်လုံး အိမ်တွင် မျက်ရည်စုဝေးလာသည်။ ဒေါသကြောင့် ထွက်သော မျက်ရည် တွေသာ ဖြစ်သည်။

"မိုက်ရိုင်းလိုက်တာ၊ မိုက်ရိုင်းလိုက်တာ . . .

သက်သက်အလှည့်စားခံရတာပဲ. . . "

"ဘာတွေဖြစ်နေကြတာလဲဗျာ. . ကျွန်တော်လဲ တကယ်မသိရ ပါလား. . "

မင်းဇော်က မေးလိုက်တော့မှ ခက်ခက်က

"ရှင်ဟာ မိန်းမတွေကို ဖျက်ဆီးတဲ့သူတဲ့၊ ကျွန်မကို ဖျက်စီး ဖို့ကြံစည်နေတာတဲ့။ နံပါတ်ဖိုးလဲ စွဲဖူးတယ်တဲ့. . . "

"အဲဒါ. . . အဲဒါ ဘယ်သူပြောတာလဲ. . . "

"သီဟပြောတာလေ"

မင်းဇော်က လက်မခံ။

"မဖြစ်နိုင်ဘူး။ သီဟပြောမှာမဟုတ်ဘူး။ သီဟက ဒီလိုကောင် မျိုးမဟုတ်ဘူး. . "

ခက်ခက်က မဲ့ပြုံးပြုံးလိုက်ကာ

"ရှင်ငြင်းမနေနဲ့၊ သူက ဟောဒီလူတွေအားလုံးရဲ့ ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့တာ. . .”

“မဖြစ်နိုင်ဘူးဗျာ. . . . မဖြစ်နိုင်ဘူး”

မင်းဇော်က ဒေါသဖြင့် အော်လိုက်သည်။ ခက်ခက်က

“သိပ်အော်မနေနဲ့၊ ကျွန်မလဲ လွန်ခဲ့တဲ့ နာရီဝက်လောက်က ရှင့်လိုအော်ခဲ့တာပဲ။ တကယ်တော့ ရှင်နဲ့ကျွန်မနဲ့ ကဘာ၁တူတွေပါ။ လူယုံသတ်တာခံရတာ။”

မင်းဇော် လေးလံသော ပင့်သက်ကိုသာ မှုတ်ထုတ်လိုက်သည်။ ပတ်ဝန်းကျင်က သူငယ်ချင်းတွေကလဲ၊ မျက်နှာမကောင်းစွာ ငေးကြည့်နေကြသည်။

“ရိုးသားခြင်းအယောင်ဆောင်ထားတဲ့ ခင်မင်မှုက ရှင်နဲ့ ကျွန်မကို သတ်သွားပြီ။ သီဟ သီဟ တော်တော်ယုတ်မာတဲ့သူပဲ. . . တွေ့ကြသေးတာပေါ့”

ကြေကွဲခြင်း၊ အရှက်ရခြင်း၊ ဒေါသဖြစ်ခြင်းနာကျည်းခြင်း စသည့် မတူညီသော ဝေဒနာတွေက ရောထွေးယှက်တင်၍ နေလေသည်။ ယခုအချိန်၌ အချစ်ဆိုတာရဲ့ အဓိပ္ပါယ်ကို ဖွင့်ဆိုရမည်ဆိုလျှင် နာကျင်ရခြင်းဟုပင် ဖွင့်ဆိုရတော့မည် ထင်ပါသည်။

သီဟထံကို မျိုးမျိုးက စာတစ်စောင်ပေး၏။ သူ့ကို ချိန်းဆိုသောစာ အခုမှတော့ ရှောင်လွှဲမနေသာတော့။ တကယ်တော့ သူက ဒီယုန်မြင်၍ ဒီချုံထွင်ခဲ့ခြင်းပင်။ သူစီစဉ်ခဲ့သည့်အတိုင်း ဖြစ်ခဲ့သဖြင့် တကယ်ဆိုရင် ဝမ်းသာရပေမည်။ ဘာကြောင့် ဝမ်းမသာနိုင်ရသနည်း။ ဒီကစားပွဲမှာ သူ့အသည်းနှလုံးကို လောင်းကြေးထပ်ခဲ့ရသောကြောင့်သာဖြစ်ပေမည်။





တံတားဖြူအင်းလျားကန်ဘောင်ပေါ်တွင် စုဝေးနေသော သူတို့အုပ်စုကို သီဟက ခပ်လှမ်းလှမ်းကပင် လှမ်းမြင်နေရ၏။ ထိုအုပ်စုနှင့် အနည်းငယ်ကွာလှမ်းသော နေရာမှာတော့ ခက်ခက်နှင့်မင်းဇော်တို့ မျက်နှာခြင်းဆိုင်ရပ်၍ နေလေသည်။ သီဟက လေးကန်သောခြေလှမ်းများဖြင့် လျှောက်လှမ်းသွားကာ မင်းဇော်ဘေးက ယှဉ်ကာရပ်လိုက်သည်။ အခုတော့ သူတို့နှစ်ယောက်က ဘေးခြင်းယှဉ်လျက်၊ သူတို့ရှေ့ခြေတစ်လှမ်းအကွာမှာတော့ ခက်ခက်။ ခပ်လှမ်းလှမ်းမှ နှစ်ဘက်အပေါင်းအသင်းတွေက အခြေအနေကို ရင်တမမ စောင့်ကြည့်နေကြသည်။

“သီဟ . . .”

ဒေါသသံဖြင့် ခက်ခက်က ခေါ်သည်။ သီဟက ဇက်ခေါင်းကို ရောက်ကတည်းက ငုံ့၍ထားသည်။ ယခုအချိန်အထိ ပြန်ပေါ်မလာ။ ခက်ခက်က ထပ်အော်သည်။

“သီဟ. . . သီဟ. . မျက်နှာမော့ကြည့်စမ်း”

ဒီတော့မှ သီဟမျက်နှာက တဖြည်းဖြည်းမော့လာ၏။ ဝမ်းနည်းကြေကွဲမှုအပြည့်ဖြင့်။ ခက်ခက်က သီဟမျက်နှာကိုကြည့်ကာ

“အင်း. . . မျက်နှာကတော့ လူမျက်နှာပါပဲ။ ဒါပေမယ့် နင့်အသည်းနှလုံးက မြေခွေးတစ်ကောင်ရဲ့အသည်းနှလုံး၊ နင့်စိတ်က တိရစ္ဆာန်စိတ်. . .”

ခက်ခက်၏ စကားလုံးတွေကပြင်းထန်လွန်းလှသည်။ ဘေးမှကြားရသူတွေပင် သီဟအတွက် အားနာမိကြ၏။ သို့သော် ခက်ခက်ဆိုတာက ပျော့ရင်ဖယောင်း၊ မာလျှင်သံချောင်း။

သီဟကတော့ အများရှေ့တွင် အခုလိုအပြောဆိုခံနေရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရှက်ခြင်း၊ ကြေကွဲခြင်းတွေကို စုစည်းခံစားရသည်။ ဖြစ်နိုင်မည်ဆို ခက်ရှေ့တွင်ရပ်၍ မနေချင်ပေ။ သူ့ခြေထောက်အောက်က မြေကြီးက နှစ်ခြမ်းကွဲကာ၊ သူ့တစ်ကိုယ်လုံးကို ကျသွားမယ်ဆိုရင်တောင် ဝမ်းသာအားရခံလိုက်ချင်ပါသေးသည်။ အခုတော့ . . .

"ငါက နင့်ကို ရိုးရိုးသားသားနဲ့ အထင်ကြီးလေးစားခဲ့တယ်။ အခုတော့ အလကားပဲ၊ သဲထဲရေသွန်ပဲ၊ နင့်လိုလူယုတ်မာကို ယုံကြည်ခဲ့တာအတွက် ငါ့ကိုယ်ငါရှက်တယ်။"

သီဟက တစ်ခွန်းမှမတုံ့ပြန်။ ဤအကြောင်းက ခွန်းတုံ့ပြန်ရမဲ့အခြေအနေမဟုတ်။

မင်းဇော်က

"သီဟ မင်းဘာတွေလျှောက်လုပ်နေတာလဲ။ မင်းပြောခိုင်းတဲ့အတိုင်း ငါကပြောလိုက်တယ်လေ။ အခုဘာတွေဖြစ်နေတာလဲ ပြောစမ်းပါဦး. . ."

နားမလည်သလို မေးလိုက်သော်လည်း ခက်ခက်က မင်းဇော်ဘက်လှည့်ကာ -

"ရှင် ဘာမှ ပြောမနေနဲ့ မင်းဇော်နဲ့ရှင့်ကို ဒီနေရာမှာ ခေါ်ထားတယ်ဆိုတာ၊ သက်သေအတွက်သက်သက်ပဲ။ ရှင်တို့မှာ ရှင်းစရာကိစ္စတွေရှိရင် နောက်ကျမှ ရှင်တို့ချင်းရှင်းကြ"

ခက်ခက်၏ပြင်းထန်သော တစ်ချက်လွှတ်အမိန့်ကြောင့် မင်းဇော် နှုတ်ပိတ်သွားသည်။ သီဟကတော့ အခုအထိ မတုန်မလှုပ် ကျောက်ရုပ်လိုရပ်နေဆဲ။

"သီဟ စကား ပြောစမ်းပါဦး. . ."





ခက်ခက်က အော်လိုက်သည်။

"နင့်မှာ ယုတ်မာတဲ့သဘောမပါတဲ့ ရိုးရိုးသားသားစကားရယ်လို့ တစ်လုံးမှပြောဖို့မရှိဘူး မဟုတ်လား"

မင်းဇော်ပင် လန့်သွားသည်။ သူက သီဟနေရာမှာ ရပ်နေကာ ဒီလိုအပြောခံနေရမည်ဆိုလျှင် မတ်တပ်ကနေဘုန်းဘုန်းလဲ သွားနိုင်သည်။ သီဟအတွက်တော့ ခက်ခက်စကားတစ်လုံးမှာ သူ့အသည်းနှလုံးကို စိုက်ဝင်နေသော အဆိပ်လူးမြားတစ်လက်ဖြစ်လေသည်။

"နင့်ကို ဒီနေ့လာဖို့ခေါ်လိုက်တာက နင့်ပါးကိုရိုက်မလို့ပဲ။ ဒါပေမဲ့ နင်ကယုတ်မာကောက်ကျစ်လွန်းတော့၊ နင့်ပါးက ငါ့လက်ဝါးနဲ့ တောင်မတန်ဘူး။ ကဲ. . နင် ငါ့ရှေ့က အခုချက်ချင်းထွက်သွားတော့. . "

ဤစကားမှာ သီဟအတွက်တော့ အကြီးအကျယ်ဝမ်းမြောက်ဖွယ်ပင်ဖြစ်သည်။ သူထိုင်နေရာက ခပ်သွက်သွက်ထွက်လာခဲ့သည်။ အားလုံးက သူ့ကိုအထင်သေးရှုံ့ချသော မျက်လုံးတွေနှင့်ဝိုင်းကြည့်နေလေမလား။

အင်းလျားကန်တဝိုက်တွင် ညနေနေရောင်က ရွှေရောင်ဝင်းပဆဲဖြစ်၏။ သီဟအဖို့တော့ ကမ္ဘာလောကကြီးတစ်ခုလုံးမှာ မှောင်အတိကျ၍နေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

တက္ကသိုလ်သည် လူငယ်တို့၏ ဆုံစည်းစုဝေးရာနယ်မြေ ဖြစ်သည်။ လူငယ်တို့ သဘာဝသူတို့သည် အဆင့်မြင့်ပညာကို ရှာမှီးကြရင်းပင်၊ ပျော်ကြရွှင်ကြသည်။ ရယ်ကြမောကြသည်။ နှလုံးသားနှင့်မကင်းသောငယ်ရွယ်သူတို့ပီပီသူတို့သည် ချစ်ကြသည်။ မုန်းကြသည်။ ကြေကွဲပူဆွေးကြသည်။ ကြည်နူးမြူးပျော်ကြသည်။

တက္ကသိုလ်၏သက်တမ်းတစ်လျှောက်တွင် အချစ်ပုံပြင်များစွာ ပေါက်ဖွားရှင်သန်ခဲ့သည်။ အမိတက္ကသိုလ်၏ သစ်ပုတ်ပင်ကြီးကတော့ သူ၏ မြင့်မားလှသောအရပ်ဖြင့် ဖြစ်ပျက်သမျှ အချစ်ဇာတ်လမ်းများကို ကွန်ရွေ့ရရင့်မိုးကြည့်ကာ သံဝေဂယူချင်ယူနေပေမည်။ တက္ကသိုလ်ကျောင်းတော်သူကျောင်းတော်သားများ၏ ချစ်၍ပြုံးပျော်သော အသံနှင့်ဝေးကွာ၍ ပူဆွေးရသောအသံတို့ကို ဘွဲ့နှင်းသဘင်ခန်းမကြီးသည်၊ အစဉ်အဆက်ကြားနာကာ ရင့်ကျက်ချင်ရင့်ကျက်နေနိုင်ပေမည်။





သို့သော် . . .

ငယ်ရွယ်သောကာယကံရှင်တို့အဖို့မူ . .

ဤရက်အတွင်း သီဟသည် သူငယ်ချင်းတွေကို တမင်ရှောင်ရှားနေသည်။ သူတစ်ခါမှ မချစ်ဘူးခဲ့။ တစ်ခါမှလည်းအသည်းမကွဲတတ်ဘူးခဲ့။ အခုတော့ ဤဝေဒနာကို အပြင်းအထန်ခံစားနေရသည်။ မှန်တဲ့အတိုင်းဝန်ခံရလျှင် သူကိုယ်တိုင်က ခက်ခက်ကို ချစ်နေပါသည်။ သို့သော် သူငယ်ချင်းဖြစ်သူ မင်းဇော်က အကူအညီတောင်းခံလာသောအခါ. . .

ဘာပဲဖြစ်ဖြစ် သူစီစဉ်ထားသောအကွက်ထဲ ဝင်လာခဲ့သည်။ ခက်ခက်က သူ့ကိုအမုန်းကြီးမုန်း၍သွားလေပြီ။ နာကျည်းခံပြင်းသွားလေပြီ။ ဒီအတွက် သူ့ရင်ထဲကသာ ခက်ခက်ကို တောင်းပန်ရပေတော့မည်။ ခက်ခက်ကိုထိခိုက်စေလိုသော စေတနာမရှိသူ့ကိုယ်စား ခက်ခက်အနားကိုရောက်ရှိနေသော မင်းဇော်က ခက်ခက်ကို ဝေဒနာသက်သာအောင်နှစ်သိမ့်မှု ပေးနိုင်လိမ့်မည်ဟုသာ ယူဆရတော့သည်။

မင်းဇော်ကတော့လဲ တစ်မျိုး။ သူကဤဇာတ်လမ်းထဲတွင် သီဟက ခိုင်းသလိုသာကခဲ့ရသည်။ ဘာကောင်မှန်းမသိ။ သူသိတာတစ်ခုတော့ရှိသည်။ သူခက်ခက်ကို ချစ်သည်။ ခက်ခက်အချစ်ကို လိုချင်သည်။ ယခုအခြေအနေက အရင်ကထက်အခွင့်အလမ်းသာလာသည်။ သူ့မျက်နှာကို ယခင်ကမမြင်ချင်လောက်အောင် မုန်းနေပါသည်ဆိုသော ခက်ခက်က အခုတော့သူ့ကို အသာတကြည်ဆက်ဆံနေသည်၊ ဒါက သူ့အတွက်တိုးတက်မှု။ သို့သော် သူ့ရင်ထဲမှာတော့ ကောင်းကောင်းမပျော်ပိုက်။ အထူးသဖြင့် သီဟတစ်ကောင်အတွက် ကြေကွဲနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းလျားကန်ဘောင်ပေါ်တွင် ခက်ခက်ပြောဆိုသမျှ မတုန်မလှုပ်ကျောက်ရုပ်တစ်ရုပ်လိုခေါင်းငုံ့ခံနေသော သီဟကို သနားလည်းသနားသည်။ ခက်ခက်က နှင်ထုတ်လိုက်သဖြင့် လေးလံသော ခြေလှမ်းများဖြင့် ကျောခိုင်းထွက်ခွာသွားသော သီဟပုံသဏ္ဍာန်ကိုလည်း မျက်စိထဲ အခုအချိန်ထိတိုင်အောင်မထွက်။

ခက်ခက်ကျတော့လဲ တစ်မျိုး။ သူရင်နာတာက သူယုံကြည်သော သီဟကလှည့်စားတာခံလိုက်ရခြင်းကိုပဲ ဖြစ်သည်။ ခက်ခက် လူတွေကို ကြောက်သွားမိသည်။ အရင်က သူ့ကိုယ်သူ လူကဲခတ်မညံ့လွန်းဟု ထင်သည်။ သို့သော် သီဟနှင့်ပတ်သက်မှ သူအကဲခတ်တာ တကယ်တက် စင်လွဲသွားကြောင်း သင်ခန်းစာရတော့သည်။ သူက ရိုးသားသူဟု ထင်ခဲ့သော သီဟက ကောက်ကျစ်ယုတ်မာသူဖြစ်ပြီး သူကဆိုးသွမ်းသူဟု ထင်ထားသော မင်းဇော်က ပကတိရိုးသားသူဖြစ်နေလေသည်။ ဘာပဲဖြစ်ဖြစ် ဒီဂယက်က ယခုထက်တိုင်သူ့ရင်ကို ရိုက်ခတ်နေဆဲဖြစ်ရာ၊ ခက်ခက်အနေဖြင့်နဂိုလိုပြန်လည်နေထိုင်နိုင်ရန် အချိန်ယူရဦးမည်မှာ သေချာလှသည်။

ခက်ခက်တို့အုပ်စုရှိရာကို မင်းဇော်ရောက်လာတော့ ခက်ခက်က ကြိုဆိုသည်။

"ထိုင်လေ. . . ကိုမင်းဇော် ဘာသောက်မလဲ"

မင်းဇော်က စပ်ဖြဲဖြဲအမူအယာဖြင့် ဝင်ထိုင်ကာ. . .

"စားကြပါ. . . ကြိုက်တာမှာစားကြပါ။ ဒီနေ့ကျွန်တော် စားသမျှအကုန်ရှင်းပါမယ်. . ."

"အို. . ဘာအတွက် ရှင်းမှာလဲ. . ."

မျိုးမျိုးကမေးတော့. .





"မွေးနေ့လေ. . မွေးနေ့အတွက်ကျွေးတာပါ"

"ဟင်. . . ဟိုတလောကပဲ ရှင့်မွေးနေ့ကျပြီးပြီမဟုတ်လား။ အင်္ဂါသားဆို. . ဒီနေ့ကသောကြာနေ့ကြီး. . ."

"ဒီနေ့က ဟိုလေ ကျွန်တော်မွေးနေ့မဟုတ်ပါဘူး။ ကျွန်တော့် အဘွားမွေးနေ့ပါ. . ."

"အဘွားမွေးနေ့. . ဟုတ်လား"

"ဟုတ်တယ်. . . စားကြပါ. ."

ခက်ခက်ကပြုံးကြည့်နေသည်။ အရင်ကမူ မင်းဇော်ကို လုံးဝကြည့်မရ။ အခုတော့လဲ မင်းဇော်ကြည့်ရတာမဆိုး။ ပျော်ပျော်နေတတ်သူဖြစ်တာသိသာသည်။ သူနှင့်ပြဿနာဖြစ်ရတာက အနောက်လွန်ရာကစခြင်းဖြစ်သည်။ သူ့သဘောကိုသိနေတော့လဲ ပေါင်းရသင်းရတာမဆိုးပါဘူး။ အထူးသဖြင့် သူငယ်ချင်းအရင်းခေါက်ခေါက်ကြီး၏ နောက်ကျောကိုဓားနဲ့အထိုးခံရတဲ့အတွက် ညှာတာစာနာပါသည်။

"ရှင်ဘာတွေ စဉ်းစားနေတာလဲ. . ."

ရုတ်တရက်တွေဝေနေသော မင်းဇော်ကိုကြည့်ကာ ခက်ခက်က မေးလိုက်၏။

"သီဟကို သတိရလို့ပါ. . ဒီကောင်ကလဲပျော်တတ်တာပဲ. . ဒီဝိုင်းမှာ သူရှိနေရင်ကောင်းမယ်. ."

"တော်တော့. . . ကိုမင်းဇော်။ ကျွန်မရှေ့မှာ ဒီလူအကြောင်း မပြောနဲ့။ နာမည်ကြားရတာနဲ့တောင် ရင်ထဲမှာနာတယ်. . ."

တကယ်ပင် ခက်ခက်က သီဟအပေါ် နာကျည်းနေပုံရသည်။

"ကျွန်မက ရှင့်ကိုမုန်းနေတယ်ဆိုတဲ့အချက်ကို အခွင့်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ယူပြီး အမြတ်ထုတ်သွားတာပဲ. . ."

မင်းဇော်က လက်မခံချင်။

"သီဟက အရင်က ဒီလိုမဟုတ်ဘူးခင်ဗျာ။ ဘာကြောင့် ဒီလို ပြောင်းလဲသွားရသလဲမသိဘူး။"

ဒါက သူ အခုအချိန်ထိ သဘောမပေါက်သေးသောအချက် . . . မျိုးမျိုးက ကြားကဝင်ကာ. . ."

"ဘာမှ မသိစရာမလိုဘူး။ ခက်က နင့်ကိုမုန်းနေတယ်ဆိုတော့ သူက နင့်မကောင်းကြောင်းတွေပြောပြီး ခက်ကိုချဉ်းကပ်တယ်။ ပြီးတော့ အပိုင်ကြံတာပေါ့။"

"ကျွန်တော်ကတော့ အခုချိန်အထိ မယုံကြည်ချင်သေးဘူးဗျာ. ."

ခက်ခက်ကတော့ မင်းဇော်က သဘောကောင်းလွန်းသည်ဟု ထင်သည်။ သူ့အပေါ် မကောင်းကြံမကောင်းပြောသူမှန်းသိလျက်နှင့် သီဟအပေါ် အပြစ်မမြင်ရက်တာက မင်းဇော်၏ ကောင်းကွက်တစ်ကွက် ဖြစ်ပေလိမ့်မည်။

"ဒီလူ့အကြောင်းတွေပြောမနေနဲ့တော့ရှင်။ ပါးစပ်သနပါတယ်။ တကယ်ရည်ရည်လည်လည် အောက်တန်းကျတဲ့လူပဲ။ တွေးမိရင် အသဲနာတယ်။"

"ကျွန်တော်ကတော့ ခက်ကိုဘယ်တော့မှ မညာဘူး"

ခက်ခက် က မင်းဇော်ကိုပြုံးကြည့်ကာ

"ရှင်ရိုးတာကို သိပါတယ်။ ခက်ကို သူငယ်ချင်းတစ်ယောက်လို ဆက်ဆံပါ။"

မင်းဇော်အဖို့တော့ ကြီးမားသောဆုလာဘ်ကြီးပင်ဖြစ်သည်။





ခက်နှင့် ဒီတစ်သက်ရင်းနှီးနေတာကိုပင် သူ့အဖို့တော့ ကျေနပ်မဆုံး နိုင်အောင်ဖြစ်ရသည်။

မင်းဇော်ကတော့ အချိန်ရတိုင်း ခက်ခက်တို့ဆီရောက်နေတတ်သည်။ ရှေးလူကြီးများပြောသည့် တရုတ်ပြည်ခွေးလမ်းပေါက်နေသလို။ သူကဒီလောက်နှင့်တော့ ရပ်တန့်မနေနိုင်။ သူ့ရဲ့အဓိကရည်မှန်းချက်က ခက်ခက်ရဲ့ မေတ္တာကိုရဖို့။

ခက်ခက်ကို ချစ်ခွင့်ပန်ဖို့အချိန်ကို သူစောင့်စားနေခဲ့သည်။ ခက်ခက်ဘေးမှာ သူ့ သူငယ်ချင်းတွေမပြတ်တော့၊ ဘယ်လိုမှ ချစ်စကား ပြောခွင့်မသာ။ ဒီနေ့တော့ အခြေအနေတစ်ခု ဖန်တီးလာ၏။

ခက်သူငယ်ချင်းတွေက မြို့ထဲထွက်ကာ ရုပ်ရှင်ကြည့်ကြမည်။ ခက်ကညနေပိုင်းတွင် ပရက်တီကယ်ရှိသဖြင့် သူတို့နှင့်မလိုက်နိုင်။ ကျောင်းတွင် တစ်ယောက်တည်းကျန်ခဲ့သည်။ ဒါက မင်းဇော်အဖို့တော့ ရတောင့်ရခဲအခွင့်အရေးတစ်ခု။ သူက ခက်ခက်ဘေးမှာ ပရက်တီကယ် ဖြေမည့်အချိန်အထိ အတူနေကာ အဖော်ပြုပေးဖို့ တာဝန်ယူလိုက်သည်။ သူတို့နှစ်ယောက်ကျောင်းဝန်းထဲရှိ သစ်ပင်တစ်ပင်အောက်မှ ခုံတန်းလျားတွင် အတူတူထိုင်ကြ၏။

မင်းဇော်အဖို့တော့ ရင်ထဲမှာ ကုလားဘုရားလှည့်နေသကဲ့သို့ တဒိန်းဒိန်းမြည်၍ နေလေသည်။ ခက်ခက်တို့အနားရောက်နေသော်လဲ ခက်ခက်နှင့်ဒီလိုနှစ်ယောက်တည်းဆုံဖို့ကအရင်က အခွင့်မသာခဲ့ပါချေ။ ခက်ခက်က သူ့ကို စွဲမက်စရာကောင်းသော အပြုံးနှင့်ကြည့်ကာ -

"ကျွန်မနဲ့အခုလိုအဖော်ပြုပေးတာ ကျေးဇူးတင်ပါတယ်"

ဟု ပြောတော့ မင်းဇော်က ပျာပျာသလဲ



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာပဲ ခက်ရယ်။ တကယ်ဆို ကျွန်တော်ကသာ ကျေးဇူးတင်ရမှာပါ"

'ရှင်. . . ပြောင်းပြန်ကြီးပါလား။ ရှင်ကလဲစောင့်ပေးရသေးတယ်။ ရှင်ကဘာလို့ ကျေးဇူးတင်ရမှာလဲ. .'

"ဒီလိုလေ ကျွန်တော်က ခက်ရဲ့အနားမှာ နေချင်တယ်။ အခု ခက်က အနားမှာ နေခွင့်ပေးတယ်မဟုတ်လား။"

ခက်ခက်ကပြုံးကာ ခေါင်းညိတ်လိုက်၏။ မင်းဇော်က အားတက်လာကာ

"ခက်. . မျှော်လင့်ချက်ဆိုတာ လူ့ဘဝ အဓိပ္ပာယ်ရဲ့ တစ်စိတ်တစ်ဒေသကိုပြည့်စုံစေတယ်ဆိုတာယုံသလား. ." ဟု မေးလိုက်၏။ ခက်ခက်က

"အင်း သိပ်တော့ မရှင်းဘူး"

ဆိုတော့ မင်းဇော်က

"ဒီလိုလေ. . လောကမှာ မျှော်လင့်ခြင်းလေးမျိုးရှိတယ်တဲ့။ ပထမမျှော်လင့်ခြင်းက ကိလေသာ။ ကိလေသာဆိုတာ ချစ်ခင်တပ်မက်ခြင်းပေါ့။ လူဆိုတာကိုယ့်ချစ်တဲ့သူ ကိုယ့်မိသားစုလေးနဲ့ အတူ နေချင်ကြတယ်။ ဒုတိယမျှော်လင့်ခြင်းဟာ အတ္တတဲ့။ ပြည့်စုံချင်တာပေါ့။ ချမ်းချမ်းသာသာနေချင်ကြတာကို ပြောတာ။ ချမ်းသာပြီးသား လူကလဲ ချမ်းသာသည်ထက် ချမ်းသာချင်ကြတယ်။"

ခက်ခက်က စိတ်ပါဝင်စားနားစွင့်ထားလိုက်သည်။ မင်းဇော်ပြောတဲ့စကားတွေနားထောင်လို့ကောင်းတာကတော့ အမှန်ပင်ဖြစ်သည်။ မင်းဇော်က -





"တတိယမျှော်လင့်ခြင်းကတော့ ဓမ္မပဲ။ လူတွေက တရားသဘြင့်သို့မဟုတ် တရားမျှတစွာနေထိုင်ဖို့ကိုလဲ မျှော်လင့်ကြတယ်။ နောက်တစ်ခုကတော့ မဂ္ဂက လွတ်လွတ်လပ်လပ်နေချင်ကြတာ။ အချုပ်အနှောင်အပေါင်းက လွတ်မြောက်ချင်တာ။"

ခက်ကို စကားပြောနေစဉ် ခုံတန်းလျားပေါ်၌ထိုင်ရင်း သူ့ခြေထောက်တွေကို အောက်ကို တွဲလောင်းချထား၏။ သူက အရပ်ရှည်တော့ သူ့ခြေထောက်တွေက မြေကြီးကို ထိနေသည်။ ကံဆိုးတာက သူ့ဖိနပ်ချွတ်ကာ ခြေတင်ထားရာ အရပ်ကား ပုရွက်ဆိတ်အနီတွင်းဖြစ်နေခြင်းဖြစ်သည်။ သူကစကားပြောလို့ကောင်းဆဲ ပုရွက်ဆိတ်အနီတွေက သူ့ခြေထောက်ကို အားရပါးရ ကိုက်ခဲကြလေသည်။

သူက ခြေထောက်ကို ကပျာကသီခုံပေါ် တင်လိုက်ကာ ခြေထောက်တွင်ပါလာသော ပုရွက်ဆိတ်တွေကို လက်နဲ့သပ်ချ၏။ တစ်ဘက်က စကားပြောတာကိုလဲ မပျက်အောင် ဂရုစိုက်ရသေးသည်။ ခက်ခက်က-

"အင်း. . . အခုလို ကျမ်းကိုးကျမ်းကားနဲ့ ပြောတော့လဲ ယုံရမလိုပဲ"

"ယုံပါခက်. . ယုံပါ။ ကျွန်တော်က ပထမမျှော်လင့်ချက်သမားဆိုတာခက်သိစေချင်တယ်။ ကျွန်တော့်မျှော်လင့်ချက်က ကျွန်တော့်ချစ်သူ၊ ကျွန်တော့်မိသားစုကလေးနဲ့ အေးအေးလူလူအတူတူနေချင်တာ"

ခက်ခက်က ပြုံးကာ ခေါင်းညိတ်ရင်း. . .

"သဘောပေါက်ပြီ သဘောပေါက်ပြီ"

ဟုပြောလိုက်၏။

"အင်း. . ကျမ်းကိုးကျမ်းကားတွေနဲ့ ပြောနေလို့ ဘာများလဲလို့



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ရှင်ကကျွန်မကို ရည်းစားစကားပြောနေတာကိုး. . "

"ဟုတ်တယ်. . . ဟုတ်တယ် အဲဒီအတိုင်းပဲ"

မင်းဇော်က စပ်ဖြဲဖြဲနှင့် ဝန်ခံလိုက်၏။ အရင်က ဤကိစ္စကို အတော်ပင် ခက်ခဲလိမ့်မည်ဟု ထင်ထားခဲ့၏။ သူချစ်စကားပြောလိုက်လျှင် ခက်ခက်က အတိတ်က အကြောင်းတွေပြန်တွေးကာ သူ့ကို ကောလိမ့်မည်ထင်ထားခဲ့သည်။ အခုတော့ ခက်ခက်က အေးအေးလူလူ သက်တောင့်သက်သာပင်။

"တစ်နေ့ ရှင်ဒီလို ပြောလာလိမ့်မယ်လို့ ခက်က ထင်မှတ်ထားပြီးသားပါ"

ဟုတ်ပါသည်။ ရွှေစွန်ညိုဝဲမှတော့ မလေးကိုလိုချင်လို့ဆိုတာ သဘောပေါက်ပါသည်။ မင်းဇော်က အားတက်ကာ

"ဒါဆို . . . ကျွန်တော်. . . "

"နေဦး ကိုမင်းဇော် ရှင်လဲ သိတာပဲ။ ကျွန်မလူတစ်ယောက်ကို ယုံစားခဲ့ပါတယ်။ အဲဒါကြောင့်ပဲ ရည်ရည်လည်လည်ခံလိုက်ရတယ်။ အဲဒီတော့ ကျွန်မ ဝန်ခံရရင်တော့ သွေးပျက်နေတယ်။ အခုအချိန်မှာတော့ ဘယ်သူ့ကိုမှ မယုံကြည်ရဲသေးဘူး"

"ကျွန်တော့်ကိုရောလားဗျာ. . . "

မင်းဇော်က စိတ်ပျက်အားလျှော့သောလေသံဖြင့် မေးလိုက်၏။ ခက်ခက်က -

"အကုန်လုံးကိုပဲ ရှင့်ကိုလဲ ရုတ်တရက်ယုံကြည်နိုင်ဖို့ ခဲယဉ်းနေတာခွင့်လွှတ်ပါ။ ခက်စဉ်းစားပါမယ်။"

ချထားသောခြေထောက်တွေကို မင်းဇော်ပြန်တင်လိုက်ပြန်





သည်။ ခြေထောက်တွင် ကိုက်ခဲနေသော ပုရွက်ဆိတ်တွေကို လက်နှစ်ဖက်ဖြင့် ပွတ်ခြေရင်း. .

"ပုရွက်ဆိတ်ကလည်းကိုက်တယ်ဗျာ. . . အော် ခက်စဉ်းစားပါ။ ခက်ကြိုက်သလောက်စဉ်းစားပါ။ ကျွန်တော်စိတ်ရှည်ရှည်နဲ့ စောင့်စားနိုင်ပါတယ်"

ခက်က သူ့ပုံစံကိုကြည့်ကာ စိတ်ထဲက ကြိတ်ရယ်မိ၏။ ရည်းစားစကားပြောရင်း ပုရွက်ဆိတ်အကိုက်ခံနေရပုံက မြင်သူရယ်ချင်စရာဖြစ်သည်။

"ခက်. . . ခက် ကျွန်တော် မျှော်လင့်ချက်ရှိသွားပြီပေါ့နော်"

"အင်း. . . ဒါပေမယ့် ရှင့်ဘက်က ယုံကြည်လောက်တဲ့ အချက်ကို ပြသဖို့လဲ လိုသေးတယ်. . "

"ရတယ်. . . ရတယ်. . . ခက်စောင့်ကြည့်ပါ။ ခက်ကျွန်တော့်ကို စိတ်မပျက်စေရပါဘူး. . . "

ခက်ခက်က ပြုံးကာ ခေါင်းညိတ်ပြလိုက်၏။ ဒီမင်းဇော်ဆိုတဲ့ လူမဆိုးဟု သူ့စိတ်ထဲမှာ တစ်စထက်တစ်စ ထင်မြင်လာလေသည်။

^ ^ ^



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

"အခုတော့ အရင်တုန်းကနဲ့မတူ။"

အဲဒီသီချင်းကိုပဲ ဆိုငြီးရတော့မလား။ အရင်ကနဲ့မတူတာတော့ အမှန်။ အရင်ကဆိုလျှင် သူတို့လက်ဘက်ရည်ဆိုင်စားပွဲဝိုင်းသည် နောက်ပြောင်ရယ်မောသံတွေနှင့် ညံစီနေကြသည်။ သူတို့အလုပ်က ပျော်ပျော်နေသေခဲတယ်ဟု ခံယူထားကြသူတွေ ဖြစ်သည်။ သီဟရော မင်းဇော်ပါ ဤဝိုင်းကို ရောက်မလာကြတာ အတော်ကြာသွားပါလေပြီ။ ဝိုင်းတွင် လှဦး၊ သောင်းတင်နှင့် မောင်မောင်အေးတို့ သုံးယောက်က ငေါင်စင်းစင်းထိုင်နေကြ၏။

"သီဟကို မတွေ့တာကြာပြီ"

"မင်းဇော်ကိုရော တွေ့လို့လား"

"မင်းဇော်ကတော့ ထုံးစံအတိုင်း မဖုရားလေးခက်ထံပါး အခစားဝင်နေမှာပေါ့"





"အေး သီဟတစ်ကောင်ကတော့ တချောင်ချောင်မှာ သွားအေးနေလိမ့်မယ်"

"ဒီကောင်က ဘာလို့ဒီလိုလုပ်ရတာလဲကွာ"

"ဒီဇာတ်လမ်းကို ငါတော့ သဘောမပေါက်ဘူး. ."

သူတို့တစ်ယောက်တစ်ပေါက်ပြောဆိုနေကြခြင်းဖြစ်သည်။

"ဘာသဘောမပေါက်တာလဲ. ."

လှဦးက မေးတော့ သောင်းတင်က

"မင်းတို့ စဉ်းစားကြည့်လေ၊ ခက်ခက်ကို သီဟကြိုက်သဘောကျနေတာ မင်းတို့မရိပ်စားမိကြဘူးလား"

"ရိပ်မိပါတယ်။ တို့ကဒီလောက် လူကဲခတ်မညံ့ပါဘူး။ ခက်ခက်ကြည့်ရတာလဲ။ သီဟကို ပြန်သဘောကျနေသလိုပဲ"

"သေချာတာပေါ့"

မောင်မောင်အေးက ထောက်ခံလိုက်သည်။

"သူတို့ချင်းချစ်ကြကွာ၊ တို့ မျှော်လင့်ထားတာကလဲ အဲဒီအတိုင်းပဲ။ ပျော်ရွှင်စွာ ဇာတ်သိမ်းခြင်းပဲ။ အခုတော့. . ."

သူတို့က သီဟအတွက် စိတ်မကောင်းဖြစ်နေကြသည်။

"တလောက ခက်ခက် ပြောလိုက်တာ နှစ်ပြားမှ မတန်ဘူးကွာ၊ ကိုယ်တန်ဘိုးထားတဲ့သူက ဒီလိုအပြောခံရတယ်ဆိုတော့ သူလဲ တော်တော်ခံစားရလိမ့်မယ်"

"သီဟက ဘာကြောင့် ဒီလိုလုပ်တာလဲ. ."

လှဦးက မေးပြန်သည်။ ဆက်၍ . . .

"မင်းတို့ စဉ်းစားကြည့်၊ သီဟက ဒီလိုစည်းမဲ့ကမ်းမဲ့စကား



www.burmeseclassic.com

www.burmeseclassic.com



အပြောကောင်းတဲ့ကောင်မဟုတ်ဘူး။ ဗလောင်းဗလဲ မှုသားစကား မပြောတတ်တာလဲ၊ မင်းတို့အသိပဲ"

မောင်မောင်အေးက. . .

"ရှင်းနေတာပဲကွ၊ ဒီကောင်က နောက်ဆုတ်ပေးလိုက်တာ"

"ဘယ်လို"

"သူက မင်းဇော်ကို သိပ်ချစ်တယ်။ မင်းဇော်က ခက်ခက်ကို ချစ်တယ်ပြောလာတော့၊ သူ့ရင်ထဲက အချစ်စိတ်ကို မြှုသိပ်ပြီး မင်းဇော် အတွက် ဖန်တီးပေးလိုက်တာပဲ. ."

ဒါကို သောင်းတင်က လက်မခံချင်။

"သူငယ်ချင်းပဲ ဘယ်လောက်ချစ်ချစ်ကွ၊ ငါ့သဘောကတော့ ဒီလိုလုပ်စရာမလိုဘူးထင်တယ်"

မောင်မောင်အေးက

"ငါ စဉ်းစားမိတာတစ်ခုတော့ ရှိတယ်။ သီဟက မင်းဇော်ကို ကျေးဇူးဆပ်လိုက်တာပဲ ဖြစ်တယ်။"

"ကျေးဇူးဆပ်တာ ဟုတ်လား"

"ဟုတ်တယ်လေ။ တလောက သူတို့ အိမ်စဘော်တင်ဖို့ ငွေလို နေတယ်ဆိုတုန်းက မင်းဇော်က ထုတ်ပေးခဲ့တာ ငါသိတယ်။ အဲဒါ အတွက် ကျေးဇူးပြန်ဆပ်တာနေမှာပေါ့"

"ကျေးဇူးဆပ်စရာ တခြားနည်းတွေ အများကြီးရှိပါတယ်ကွာ၊ ဒီကောင်က ကိုယ့်အသည်းနှလုံးကို စတေးခံပြီး ကျေးဇူးဆပ်ရတယ်လို့ ပြီးတော့ မင်းဇော်ကလဲ ကျေးဇူးအတင်ခံချင်လို့ပေးတာမဟုတ်ပါဘူး။ သူ ဒီလိုပဲ ကူညီတတ်တာ မင်းတို့အသိပဲ"





"ဟုတ်တော့ ဟုတ်ပါတယ်။ သီဟကို ကျေးဇူးသိတတ်တာပဲ ခေါ်ရမှာပေါ့။ တို့တောင် အဲဒါမသိခင်က ဒီကောင့်အပေါ် အထင်မှားခဲ့ ပါသေးတယ်"

လှဦးက . . .

"နောက်တစ်ချက်ရှိသေးတယ်။ မင်းဇော်ကလဲ ဒီလို သီဟက ရင်နဲ့ရင်း မျက်ရည်နဲ့ရင်းပေးတဲ့ ကျေးဇူးဆပ်တာမျိုးကို လက်မခံသင့် ဘူး"

"ဒါကတော့ သူကလဲ ခက်ကို ချစ်နေတာကိုးကွ။ ပုထုဇဉ်လေ။ ပုထုဇဉ် ဒီတော့ ဘယ်စွန့်နိုင်ပါ့မလဲ"

"အေးကွာ ငါတော့ ဒီလို ခြောက်ကပ်ကပ် တိတ်တိတ်ဆိတ်ဆိတ် ကြီးနေနေရတာ ငြီးငွေ့လာပြီ"

မောင်မောင်အေးက ငြီးငြူလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

သစ်ပင်အောက်တွင် ရပ်ကာ လက်ပိုက်ရင်း မင်းဇော်သည် ကောင်းကင်ကို မော့ကြည့်နေလေသည်။ ခက်ခက်က မင်းဇော်ရှိရာ လျှောက်လာရင်းပြုံးလိုက်သည်။ တစ်ခါက ဤကဲ့သို့ သစ်ပင်အောက်တွင် ရပ်နေသော မင်းဇော်ကို မျိုးမျိုးတို့က ယတြာချေရန်ဟု အကြောင်းပြကာ သစ်ကိုင်းကြီးအကိုင်ခိုင်း၍ခေါ်သွားပုံကို ပြန်တွေးမိသောကြောင့် ဖြစ်သည်။ မင်းဇော်ကား တစ်ခါတလေ ခပ်တုံးတုံးနဲ့ အကောင် ဖြစ်ချေသည်။

ခြေသံကြားသဖြင့် မင်းဇော်က လှည့်ကြည့်ကာ. .

"ခက် ရောက်လာပြီလား"

"ဟုတ်တယ်လေ။ ကိုမင်းဇော်က ပြောစရာရှိတယ်ဆိုလို့။ ပြောစရာရှိရင် လက်ဘက်ရည်ဆိုင်မှာ ပြောလို့ရရဲ့သားနဲ့။ ဘာလို့ ဒီကို သီးသန့်ချိန်းရတာလဲ. . ."

ဟု ခက်ခက်က မေးလိုက်လေသည်။ မင်းဇော်က

"နှစ်ယောက်ထဲ သိသင့်တယ်ထင်တဲ့စကားမို့ပါ။ ဟို. . .ဟို





ရည်းစားစကားလဲ မဟုတ်ပါဘူး. ."

ခက်ခက်က မျက်စောင်းထိုးကြည့်လိုက်သဖြင့် မင်းဇော်က ပျာပျာသလဲ တားလိုက်သည်။ နှစ်ယောက်တည်းပဲ ပြောချင်တယ်။ ရည်းစားစကားမဟုတ်ရင်ဘာလဲ။

"ကဲ ပြောလေ"

ဟု ခက်ခက်က ခွင့်ပေးလိုက်တော့ . . .

"တကယ်ဆို ပြောစရာရှိတယ်ဆိုတာထက် ဝန်ခံစရာရှိတယ်ဆိုတဲ့ စကားက ပိုမှန်မယ်ထင်ပါတယ်"

ခက်ခက် မျက်လုံးလေးတွေဝိုင်းသွားသည်။ မင်းဇော်စကားက စိတ်ဝင်စားစရာကောင်းသည်။ မင်းဇော်ရဲ့ မျက်နှာကလဲ ခါတိုင်းလို စပ်ဖြီးဖြီးမဟုတ်၊ တကယ့်ကို အလေးအနက် ပြောဆိုနေသလို တည်တည်တံ့တံ့။

"ခက်က ကျွန်တော့်မျှော်လင့်ချက်တွေကို ရှင်သန်စေခဲ့တယ်။ ကျွန်တော့်ကို စဉ်းစားမယ်လို့ ပြောခဲ့တယ်။ အဲဒီတော့ ကျွန်တော့်ဘက်ကလဲ ပြင်ဆင်ရတော့တယ်။ ခက်ခက် ကျွန်တော့်ကို လက်ခံတဲ့နေရာမှာ ပကတိရိုးသားသန့်စင်ဖို့ လိုတယ်။ ကျွန်တော် ပျော်စရာရှိရင်လဲ လွတ်လွတ်လပ်လပ်ပျော်ချင်တယ်။ ရင်တထိတ်ထိတ်နဲ့မပျော်ချင်ဘူး။ လိမ်တဲ့လူဟာ နှစ်ခါနာတယ်ဆိုတဲ့ စကားရှိတယ်။ ကျွန်တော် အဲသလို အဖြစ်မခံနိုင်ဘူး။ အထူးသဖြင့် ခက်နဲ့ပတ်သက်တဲ့နေရာမှာ ပိုပြီးအဖြစ်မခံနိုင်ဘူး. ."

ခက်ခက်က မျက်မှောင်ကြုတ်လိုက်သည်။

"ရှင် ဘာတွေပြောနေတယ်ဆိုတာ ခုချိန်ထိ ကျွန်မသဘော



www.burmeseclassic.com

www.burmeseclassic.com



မပေါက်သေးဘူး။ ဒါပေမယ့် အရေးကြီးတယ်လို့တော့ စိတ်ထဲက ထင် တယ်။ ကျွန်မ သဘောပေါက်အောင် ရှင်းရှင်းပြောပါဦး"

ရှင်းရှင်းလင်းလင်း သဘောပေါက်သွားပါက ခက်က သူ့ကို လက်ခံနိုင်ပါဦးမည်လော။ ဒါကတော့ ကံကြမ္မာရဲ့ အဆုံးအဖြတ်ပင်။ သူကတော့ မပြောမဖြစ်ပြောရပေတော့မည်။

"ဒီလိုပါ ခက်၊ ကျွန်တော်ခက်ကိုချစ်နေမိတယ်။ ခက်ကလဲ ကျွန်တော့်ကို မျက်နှာမကြည့်ချင်လောက်အောင် မုန်းနေတယ်။ အဲဒီတော့ ကျွန်တော်ဘာလုပ်ရမှန်းမသိဘဲ သီဟကို အကူအညီတောင်းခဲ့မိတယ်။ ဒီကောင်ကလဲ မင်းကို ငါခက်နဲ့ နီးစပ်အောင် ကူညီမယ်လို့ ကတိပေးခဲ့တယ်။"

ခက်ခက်က ပထမစိတ်မဝင်စားလှသော်လည်း၊ အခုတော့ စိတ်ဝင်စားစပြုလာသည်။ ဒါကြောင့် မင်းဇော်ပြောနေတာတွေကို ဂရုတစိုက်နားစွင့်နေမိသည်။

"ဒီကောင်က ကျွန်တော့်မှာ မရှိတဲ့အပြစ်တွေကို ခက်ယုံအောင် လုပ်ကြံပြောခဲ့တာ။ ဒါမှခက်က ကျွန်တော်ဟာ ဖြူစင်ရိုးသားတဲ့သူဆိုပြီး လက်ခံချင်လာအောင်ပေါ့။ သူ့ကိုသူ တမင်အမုန်းခံပြီး အနစ်နာခံပြီး . . ."

ခက်ခက်က သီဟပြောခဲ့တာတွေကို ပြန်ကြားယောင်လာသည်။ ဒီကောင်က မိန်းကလေးတွေကို ထည်လဲတွဲခဲ့တာ၊ ဘယ်သူ့ကိုမှ အတည်ကြံတာမဟုတ်ဘူး။ ပြီးတော့ ဒီကောင်က နံပါတ်ဖိုးလဲ သုံးတယ်။ အော် ဒါတွေဟာ ယုတ္တိယုတ္တာရှိရှိ လိမ်လည်ပြောခဲ့တာတွေကိုး။

"ပြီးတော့ သူသင်ပေးတဲ့အတိုင်း ကျွန်တော်လုပ်ရတယ်။ ခက်တို့





အတန်းရှေ့သွားရပ်နေဆို ကျွန်တော်သွားရပ်နေရတယ်။ ခက်ဆီသွားပြီး စိန်ကဲကျောက်ကဲခတ်ရတာလွယ်တယ်။ လူကဲခတ်ရတာ မလွယ်ဘူးလို့ သွားပြောဆိုရင် ကျွန်တော်ခက်ဆီမှာ ပြောရတယ်။ အဲဒီစကားတွေ ဘာကြောင့်ပြောရတယ် ဘာကြောင့်လုပ်ရတယ်ဆိုတာ ကျွန်တော်မသိဘူး။ သူ့ကို မေးပိုင်ခွင့်လဲမရှိဘူး။ သူလဲ ရှင်းမပြဘူး. ."

ခက်ခက်က တော်တော်ကြီးစိတ်ပျက်သွားသော အမူအယာဖြင့် ခေါင်းကိုယမ်းခါလိုက်သည်။ ပြီးတော့ သက်ပြင်းရှည်ကြီးအား ချမိ၏။ သူအံ့အားလည်း တော်တော်သင့်နေမိသည်။ မင်းဇော်ကတော့ ခရားရေလွှတ် ပြောတုန်း. . .

"ခက်နဲ့ သူနဲ့လျှောက်လာတာမြင်ပြီး ကျွန်တော်က နောက်ပြန်လှည့်သွားရမယ်ဆိုတာရော. . ."

အဲဒီကို အပေါက်ဝတွင် ကြုံခဲ့တာမှတ်မိလာသည်။ ဒီလိုအစီအစဉ်ရှိလို့ သူကအဲဒီနေ့က ခက်ကို အတင်းလိုက်ပို့ခဲ့တာဆိုတာ ပေါ်လွင်လာ၏။

"နောက်ဆုံးဗျာ ခက်က မင်းကို ခေါ်တွေ့လိမ့်မယ်၊ အဲသလိုတွေ့ရင် သီဟက သူနဲ့ခက်နဲ့က ချစ်သူတွေပါလို့ပြောတယ် ပြောဖို့မှာခဲ့တာပဲ။ အဲသလိုနဲ့ ခက်နဲ့ ကျွန်တော် . . ."

"မင်းဇော်ဘာတွေလဲ ဘာစကားတွေလဲ"

"သူကပြောတော့ အဲဒါ မော်ဒန်အောင်သွယ်နည်းလို့ပြောတာပဲ။ သူက ခက်ဘေးမှာနေနေရတယ်။ ခက်ကိုလဲချစ်နေတယ်၊ ကျွန်တော် အကူအညီတောင်းလို့ နေရာချင်းလဲလိုက်တာပါပဲ။ ခက်ကျွန်တော့်ကို ယုံလာအောင် သူ့ကိုယ်သူ လူယုတ်မာအဖြစ် ဖန်တီးလိုက်တာပါပဲ."



www.burmeseclassic.com

www.burmeseclassic.com



"လူလည်ကျလိုက်တာရှင်"

ခက်အသံက ဝမ်းနည်းကြေကွဲသံ ရောယှက်နေသည်။

"ရှင်တို့က ကျွန်မကို အခုချစ်လာအောင် အခုမုန်းလာအောင် အမျိုးမျိုးအရှုးလုပ်ခဲ့ကြတာပေါ့"

ဒီစကားကိုတော့ မင်းဇော်က ပျာပျာသလဲငြင်းသည်။

"မဟုတ်ပါဘူး ခက်။ ဒီလိုမဟုတ်ပါဘူး၊ တကယ်တော့ ခက်ကို ကျွန်တော်တို့ နှစ်ယောက်စလုံးက ချစ်ခဲ့ကြတာပါ"

"ဒီမယ် မင်းဇော် ကျွန်မကလဲ ခံစားချက်ရှိတဲ့သူပါ။ ရှင်တို့ ကြိုးဆွဲရာကို ရှင်တို့အလိုကျလိုက်ကတဲ့ ရုပ်သေးရုပ်မဟုတ်ပါဘူး"

အခုတော့ ခက်ခက်သည် တစိမ့်စိမ့်ဒေါသထွက်၍ လာသည်။

"တကယ်တော့ ကျွန်တော်က ခက်ဘေးကို ဘုမသိဘမသိ ရောက်လာရတဲ့ အကောင်ပါ"

"ဒါတွေကို ဘာကြောင့် ရှင်အခုမှ လာပြောနေရတာလဲ"

"မကြာခင်ကမှ သီဟက အကြောင်းစုံဖွင့်ပြောခဲ့လို့ပါ။ ဒီလို သိသွားတော့ အဖြစ်မှန်ကို ကျွန်တော်ဖုံးမထားချင်ဘူး။ ခက်ကို ဘယ်တော့မှ ကျွန်တော်မညာဘူးလို့ ကျွန်တော်ပြောခဲ့တယ်မဟုတ်လား။ ဒီလို ဖွင့်ပြောနေရလို့ ကျွန်တော်ဝမ်းသာနေတယ်ထင်လို့လား"

တကယ်တော့ မင်းဇော်အသံကလည်း ဆို့နင့်ကြေကွဲနေသည်။ ဒီလိုဖွင့်ပြောလိုက်တဲ့အတွက် ခက်နဲ့ သူ့အကြားရှိ အဆင်ပြေနေတဲ့ အခြေအနေကလေးက ပေါက်ကွဲပျက်စီးသွားနိုင်သည်။ ဒါကို သူဘယ် လောက်တန်ဖိုးထားတယ်ဆိုတာ ခက်သိမည်မထင်။

"ကျွန်တော် ခက်ကိုချစ်တယ်။ ဒါပေမယ့် အချစ်မှာ လိပ်ပြာသန့်





ချင်တယ်။ ဒီမရိုးမသားမှုတွေကို ဘာကြောင့် ထုတ်ဖော်ဝန်ခံနေတာပဲ။ ကျွန်တော် နှစ်ခါအဆုံးရှုံးမခံချင်ဘူး ခက်။ ကျွန်တော့်ကို နားလည်ခွင့် လွှတ်ပေးပါ ခက်ရယ်။ ကျွန်တော့်မှာ အပြစ်ရှိတယ်ဆိုရင် အချစ် ကြောင့်ဖြစ်လာရတဲ့အပြစ်လို့ သဘောပေါက်စေချင်ပါတယ်"

ခက်ခက်က ခပ်ယဲ့ယဲ့ပြုံးသည်။ အပြုံးက အားမရှိ

"အင်း အခုတော့ ဇာတ်ရည်လည်ပါပြီ။ ဇာတ်လမ်းက အဲသလိုကိုး။ ဘာပဲဖြစ်ဖြစ်လေ၊ ရှင်တို့ နှစ်ယောက်ပူးပေါင်းကြံစည်ပြီး ကျွန်မကို လှည့်စားခဲ့ကြတာပဲ။ ကျွန်မကို ဒုက္ခပေးခဲ့ကြတာပဲ"

"အဲသလို မဟုတ်ပါဘူး ခက်"

"အခုမှတော့ ဘာမှ ဆင်ခြေပေးမနေနဲ့တော့၊ ဒီကိစ္စကို ရှင်တို့နဲ့ ကျွန်မ ပြတ်ပြတ်သားသား ရှင်းမှပဲဖြစ်တော့မယ်။ ဒီတော့ မနက်ဖြန် ရှင်တို့နှစ်ယောက် ကျွန်မချိန်းတဲ့နေရာကို အတူတူလာခဲ့ကြ"

ခက်ခက်က သူ့စကားဆုံးသည်နှင့်အပါးကထွက်ခွာသွားသည်။ တစ်ကိုယ်တည်းစိတ်ပျက်လက်ပျက်ဖြစ်ကျန်ခဲ့တာက မင်းဇော်သာ ဖြစ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အခုတော့ သူငယ်ချင်းနှစ်ယောက်တွေ့ကာ အပြန်အလှန် အပြစ်ဖို့နေကြသည်။ မင်းဇော်က

"အခုတော့ ဘယ်လိုလုပ်မလဲ. . . ဖွတ်မရ ဓားမ ဆုံးဖြစ်တော့မှာပဲ. . . မင်းတော်တော်မိုက်တဲ့ကောင်ပဲ. . မင်းဇော်. . . မင်းဘာလို့ သွားပြောခဲ့ရတာလဲ. . ."

"ငါမင်းကို ရှင်းပြပြီးပြီလေ. . . ငါမလိမ်ချင်ဘူးလို့. . . အထူးသဖြင့် ငါချစ်တဲ့ ခက်လိုလူမျိုးကို မလိမ်ချင်ဘူး"

"မင်းက ခက်အချစ်ကို လိုချင်တာလား. . သူတော်ကောင်းဖြစ်ချင်တာလား"

သီဟက စကားနာထိုးလိုက်သည်။ မင်းဇော်က

"မင်းကရော ခက်ကိုချစ်တာလား၊ သူငယ်ချင်းအတွက် အနစ်နာခံလိုက်တယ်ဆိုတဲ့ နာမည်ကောင်းကိုလိုချင်တာလား"

"ဒါကတော့ မင်းကသူ့ကို သိပ်ချစ်နေတယ်ဆိုလို့ ငါက အကူအညီပေးတာလေ"





"တော်တော့ သီဟ"

မင်းဇော်က နေရာမှ လှည့်ပြောလိုက်သည်။

"ငါက မင်းလဲ ခက်ကိုချစ်တယ်ဆိုတာ ငါမသိလို့ ဒီစကားတွေပြောလိုက်တာ၊ မင်းသူ့ကိုချစ်နေတယ်ဆိုတာသိရင် ငါက ရှေ့ကို ဖွတ်တိုးပါ့မလား"

"ဒါက သူငယ်ချင်းအပေါ်ထားတဲ့ ငါ့ရဲ့ စေတနာလေ"

"လာပြန်ပြီ သည်စကား၊ ဟေ့ကောင် ငါက အချစ်သူတောင်းစားမဟုတ်ဘူး၊ ငါက ခက်ရဲ့အချစ်ကို လိုချင်တယ် သေလုမတတ်လိုချင်ပါတယ်၊ ဒါပေမယ့် အဲဒီအချစ်က သူများက စွန့်ကြဲလိုက်ရတဲ့ အချစ်မျိုးတော့ မဖြစ်စေချင်ဘူး။ မင်းလဲ ငါ့စိတ်ဓါတ်ကို သိတာပဲ သီဟ၊ မင်းနဲ့ ခက်နဲ့ အဆင်ပြေတယ်ဆိုရင်လည်း ငါက ဝမ်းသာနေမယ့် အကောင်ပါ"

"ဆောရီးကွာ သူငယ်ချင်း"

သီဟက မင်းဇော်ပခုံးကို ဖက်လိုက်သည်၊ ပြီးတော့. . .

"အခုချိန်မှာ ဒါတွေက အရေးမကြီးဘူး မနက်ဖြန် ခက်ခေါ်တဲ့ ဆီကို သွားသင့် မသွားသင့်. ."

"ဟာ. . ဘာဖြစ်လို့မသွားရမှာလဲ ငါတို့က ယောကျ်ားတွေ ဘယ်လိုပဲဖြစ်ဖြစ် ငါတို့အပြုအမူက ခက်အပေါ် အပြစ်တစ်ခုကျူးလွန်ထားရာ ကျနေတယ်။ ဒီတော့ ခက်ပေးတဲ့ အပြစ်ကို သွားပြီး ရဲရဲဝံ့ဝံ့ ခံယူရမယ်"

"ငါကတော့ မလွယ်ဘူးလို့ထင်တယ်၊ ခက်ရဲ့ ဒေါသကို မင်းလည်း ကြုံဖူးတာပဲ"

"ပါးရိုက်ခံရုံအပြင် ပိုမရှိပါဘူးကွာ"


www.burmeseclassic.com

www.burmeseclassic.com



မင်းဇော်က စပ်ဖြီးဖြီးပြောလိုက်သည်၊ ဆက်၍

"အဲဒီနေ့က ခက်ရဲ့ပုံစံကို မင်းမြင်စေချင်တယ်၊ သူတော်တော် စိတ်ထိခိုက် ခံစားနေရပုံပေါ်နေတယ်"

"တို့က သူ သည်လိုခံစားရအောင် မရည်ရွယ်ခဲ့ပါဘူး"

"အေး. . ဒါပေမယ့် ဖြစ်သွားခဲ့တယ်လေ၊ ဒါကြောင့် သူဘယ်လို အပြစ်မျိုးပဲပေးပေး တို့ခံယူဖို့ သင့်တယ်"

မင်းဇော် စကားက အမှန်ပင်ဖြစ်သည်ဟု သီဟက လက်ခံ လိုက်လေသည်။



အခုတော့ သူတို့နှစ်ယောက်လုံးက ခက်ပေးသမျှ အပြစ်ဒဏ်ကို ခံယူရန်အသင့်ရှိနေကြလေပြီ၊ တက္ကသိုလ်ပရဝဏ်အတွင်းရှိ လူရှင်းသောတစ်နေရာ။ သစ်ရွက်တွေက နွေမဟုတ်ဘဲ ကြွေနေလေသည်။

နေကပူသည်၊ သို့သော် သူတို့ သုံးယောက်၏ ဘဝက ပို၍ ပူလောင်နေသလိုပင်၊ ခက်ခက်အရှေ့မှာ မင်းဇော်နှင့် သီဟက ခေါင်းငုံ့ကာ ရပ်နေကြသည်။ ခက်က

"ကဲ ရှင်တို့ လုပ်ချင်တာတွေ လုပ်ခဲ့ကြပြီးတော့ အခုမှ ဘာစကားမှ ပြောစရာမရှိကြတော့ဘူးလား. . ၊ ရှင်တို့ ပါးစပ်တွေက အလိမ်အညာစကားတွေပဲ ထွက်တတ်တာလား"

"ခက်. . ခက်ကို လိမ်တာမဟုတ်ပါဘူး"

မင်းဇော်ကပြောလိုက်သည်။ ခက်ခက်က

"လိမ်တာညာတာမဟုတ်ဘူးဆိုရင် ယောကျ်ားမာယာလား၊ ရှင်တို့ တော်တော်ကြောက်ဖို့ကောင်းတာပဲ"

ဒီတစ်ခါတော့ သီဟကဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခက် အပြစ်ရှိတယ်လို့ ယူဆရင် ကျွန်တော့်ကို အပြစ်ပေးပါ၊ တရားခံက ကျွန်တော်ပါ ခက်အသိပဲ၊ ဒါတွေက မင်းဇော်နဲ့ဘာမှ မဆိုင်ပါဘူး"

သို့သော်. . မင်းဇော်က . . .

"သီဟ ဒီလိုမပြောနဲ့လေ ဘာလို့ ငါနဲ့မဆိုင်ရမှာလဲ သည်ကိစ္စတွေအားလုံးက ငါ့ကြောင့်ဖြစ်ခဲ့ရတာ မဟုတ်လား၊ မင်း. . ခက်ကို မုသားစကားပြောခဲ့ရတယ်ဆိုတာလည်း ငါ့ကြောင့်ပဲ၊ မင်းက ငါ့ကို ကူညီချင်လို့ ဒီအပြစ်တွေ ကျူးလွန်ခဲ့တာ၊ ခက် . . တကယ့်တရားခံက ကျွန်တော်ပါ"

ခက်ခက်က နှစ်ယောက်လုံးကို ကြည့်ကာ ဟောက်လိုက်၏။

"ရှင်တို့ အရှုပ်ထုပ်ကြီးက အခုချိန်ထိ ရှင်းလို့ မပြီးသေးဘူးလား"

"အမှန်ပြောတာပါ ခက်၊ အပြစ်ရှိတာက ကျွန်တော်ပါ"

"မဟုတ်ဘူး အပြစ်ရှိတာက. . ကျွန်တော်ပါ"

"ရှင်တို့ နှစ်ယောက်လုံး အပြစ်ရှိတယ်"

"ဖြန်း. . . ဖြန်း. . . "

ခက်ခက်က စကားဆုံးသည်နှင့်

နှစ်ယောက်လုံး၏ ပါးကို တစ်ချက်စီ ရိုက်လိုက်၏။

သူတို့ နှစ်ယောက်လုံး ကြောင်၍သွားကြသည်။

ခက်က ကျေနပ်သည်ဆိုရင် ဒီလိုပါးရိုက်တာကို အထွန့် တက်စရာမရှိပါချေ ခက်ခက်က သူတို့ကို တစ်လှည့်စီကြည့်ကာ. .

"ရှင်တို့ နှစ်ယောက်လုံးကို ပါးရိုက်တာတူပေမယ့် ရိုက်ရတဲ့ ခံစားချက်နဲ့ စေတနာက မတူဘူး"





ခက်ခက်ရဲ့ စကားက ဆန်းဆန်းပြားပြားရှိလှသည်၊ ခက်ခက်ကို နားမလည်နိုင်သလို သူတို့ ကြည့်လိုက်ကြ၏။

ခက်ခက်က . .

"တစ်ယောက်ကို ရိုက်တာက မုန်းလို့၊ တစ်ယောက်ကို ရိုက်တာက အဲဒါရဲ့ ဆန့်ကျင်ဘက်"

"ဗျာ"

နှစ်ယောက်စလုံး အာမေဋိတ်သံထွက်သွားသည်။

"ဒီကိစ္စက မပြီးသေးဘူး၊ အဲဒီပုစ္ဆာကို ရှင်တို့ စဉ်းစားကြ၊ အဖြေရရင် သန်ဘက်ခါ ကန်ဘောင်ပေါ်လာပြီး အဖြေပေး"

မင်းဇော်နှင့် သီဟတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ခက်ခက်က

"အမုန်းကြောင့် ရိုက်တာကို ချစ်လို့ရိုက်တယ်ထင်ပြီး လာရင် အဲဒီလူ ထပ်အရိုက်ခံရမယ်။ မုန်းလို့ရိုက်တယ်လို့ထင်ပြီး မလာတဲ့လူကတော့ နောက်လဲ တစ်သက်လုံး လာစရာမလိုတော့ဘူး"

သူ့စကားဆုံးသည်နှင့် ခက်က သူတို့ရှေ့မှ ချာကနဲ လှည့်ထွက်သွားလေသည်။ ခက်ကျောခိုင်းသွားရာအရပ်မှာသာ သူတို့နှစ်ယောက် မတုန်မလှုပ် ကျောက်ရုပ်ဖြစ်ကျန်ခဲ့၏။ သစ်ရွက်တို့က ပိုလို့ပဲ ကြွေ၍ကျလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

"မင်းဘယ်လိုထင်သလဲ"

မင်းဇော်မေးလိုက်သည်။ သူတို့နှစ်ဦးချိန်းဆိုထားရာ နေရာကို ရောက်နေကာ၊ ခက်ခက်အလာကို စောင့်ကြိုနေကြသည်။ သီဟက

"ဘာကို ဘယ်လိုထင်ရမှာလဲ"

"ခက်ခက်က ဘယ်သူ့ကို ရွေးမယ်ထင်သလဲလို့မေးတာ"

"ငါက သူ့စိတ်ထဲဝင်ကြည့်နိုင်တာမှ မဟုတ်တာကွာ၊ ဘယ်ထင်တတ်မလဲ"

"ငါတော့ ထင်တတ်တယ်"

မင်းဇော်က ပြောလိုက်ခြင်းဖြစ်သည်၊ ဆက်၍

"ငါကတော့ ခက်က မင်းကိုရွေးလိမ့်မယ်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့၊ မင်းနဲ့ ခက်နဲ့က နဂိုကတည်းက အဆင်ပြေချင်သလို ဖြစ်နေတာ၊ ငါက ကြားဝင်လိုက်လို့ ဒီလိုပြဿနာတွေဖြစ်လာတာ





မဟုတ်လား၊ ခက်ရဲ့စိတ်က မင်းဆီမှာပဲရှိတယ်"

"မင်းမေ့သွားပြီလား၊ အခု လောလောဆယ်မှာတော့ ငါက သူ့ကို လှည့်စားလို့ဆိုပြီး သူက ငါ့ကို နာကျည်းမုန်းတီးနေတာလေ။ ဒီကိစ္စကို မင်းကသာ ရှင်းမပြလိုက်ရင် ခက်နဲ့ မင်းနဲ့ ချစ်သူတွေ ဖြစ်နေလောက်ပြီ"

"အိုကွာ ရှုပ်ပါတယ်၊ တွေးမနေနဲ့၊ ခက်ဆုံးဖြတ်တာပဲ နာခံကြတာကောင်းတယ်။ ဒါထက် သီဟ မင်းရေကူးတတ်လား"

မင်းဇော်က အင်းလျားရေပြင်ကိုကြည့်ကာ မေးသည်။ သီဟက ဒီကောင်ကြောင်ပြန်ပြီဟု တွေး၏။ သေရေးရှင်ရေးလောက် အရေးကြီးတဲ့ ပြဿနာကို ဆွေးနွေးနေခိုက် ဘယ်က ရေကူးတတ်၊ မတတ် ပြဿနာက ဝင်ရောက်လာရသနည်း။ ထို့ကြောင့်

"ဟာကွာ မင်းကလဲ မဆီမဆိုင်. ."

"မဟုတ်ဘူးလေ လိုရမယ်ရ မေးတာ"

"အေး လောကကြီးမှာ လူတွေဟာ အဲဒီ လိုရမယ်ရဆိုတဲ့ ကိစ္စတွေနဲ့ အလုပ်ရှုပ်နေကြတာပဲ၊ တကယ်တမ်းကျတော့လဲ အဲဒါတွေက လိုချင်မှ လိုတာ"

မင်းဇော်က ကန်ဘောင်ရိုးမှ ရေထဲကို ငုံ့ကြည့်သည်။ ဟုတ်တော့ဟုတ်သည်။ တံတားဖြူကန်ဘောင် ရေစပ်မှာတော်တော်ပင်နက်သည်။ ရေမကူးတတ်သူတစ်ဦးလိမ့်ကျသွားပါက ကောင်းကောင်း ရေနစ်သေနိုင်သည်။ မင်းဇော်က တွေးတွေးဆဆအမူအယာဖြင့်. . .

"ဒီလိုလေ. . ခက်ဆိုတာက တော်တော်ခက်ခက်ခဲခဲ လုပ်တတ်တဲ့ကောင်မလေး. . .။ ဒီတော့ သူကခက်ခက်ခဲခဲအဖြေပေးတဲ့ အနေနဲ့ မင်းကိုရေထဲတွန်းချပြီး ငါ့ကိုဆယ်နိုင်းချင်ဆယ်နိုင်းမယ်. . . ငါက



www.burmeseclassic.com

www.burmeseclassic.com



ရေမကူးတတ်ဘူး. . . ဒါကြောင့် မင်းကူးတတ်လားမေးထားတာ. . အဲဒါကိုရေထဲတွန်းချပြီး မင်းကိုဆယ်ခိုင်းရင်တော့ မင်းမဖြစ်မနေဆယ်ပါတော့. . ငါရေမကူးတတ်ဘူး. . အဲဒါကြံမှာထားတာ. . . ”

“ပေါက်ကရပြောတာတွေ တော်တော့. . ဟိုမှာခက်လာနေပြီ. . ”

ခက်ကသူတို့ရှိရာကို ဣန္ဒြေရရလျှောက်လှမ်းလာနေသည်။ ခက်ကိုကြည့်ရသည်မှာ ဒီနေ့အဖို့လှပနေသလိုပင်။ သူဝတ်လာတဲ့ အနီမကျပန်းရောင်မကျအရောင်ကို အသည်းကွဲအရောင်ဟုတော့ ပြောသံကြားဖူး၏။

ခက်ကသူတို့နှစ်ယောက်ကို ခြေဆုံးခေါင်းဖျားကြည့်ကာ. .

“ပထမတုန်းကတော့ ကျွန်မက ရှင်တို့နှစ်ယောက်ထဲက တစ်ယောက်ကိုရွေးမယ်လို့ ဆုံးဖြတ်ခဲ့တာ. . အခုတော့ စိတ်ပြောင်းသွားပြီ. . . ရှင်တို့နှစ်ယောက်စလုံးဟာ ကိုယ့်ကိုယ်ကို လိမ်နေကြတဲ့သူတွေပဲ. . . ”

“မဟုတ်ဘူးခက်. . . တစ်ချို့ကရင်ထဲက အချစ်ကိုထုတ်ဖော်ပြောပြတတ်ကြတယ်. . တစ်ချို့ကတော့ ထုတ်ဖော်မပြောတတ်ဘူး. . မင်းဇော်က အဲသလိုလူမျိုး. . . ဒါကြောင့် ကျွန်တော်က သူ့ကိုယ်စားဆောင်ရွက်ပေးတာပါ. . . ”

သီဟက ရှင်းပြလိုက်၏။ ခက်ခက်က. . .

“အရင်က ကျွန်မကမသိတော့ရှင်တို့ ကြိုးဆွဲရာ ကခဲ့ရတယ်. . အခုတော့ ဒီဇာတ်မှာ ကျွန်မက ဇာတ်ဆရာလုပ်တယ်. . ကျွန်မ ဆုံးဖြတ်မယ်. . . ”

“ဘယ်လိုဆုံးဖြတ်မှာလဲဟင်. . . ”





မင်းဇော်က မဝံ့မရဲမေးလိုက်တော့. . .

“ရှင်တို့နှစ်ယောက်လုံးကို ကျွန်မပယ်တယ်. . . ”

“ဗျာ”

“ဗျာ”

နှစ်ယောက်လုံး ပြိုင်တူရေရွတ်လိုက်ကြသည်။ ခက်ခက်က သီဟကိုကြည့်ကာ. . .

“သီဟက ချစ်တော့ချစ်တယ်. . ဒါပေမယ့် သူ့ရင်ထဲက အချစ်ကိုထုတ်ဖော်ပြပြီး ကိုယ်လိုချင်တဲ့အချစ်ကို ရအောင်ယူမယ့်အစား စေတနာပရပွနဲ့ ကိုယ်ရမယ့်အချစ်ကို သူများကိုလွှဲပေးတယ်. . ကျွန်မအနေနဲ့ ဒီလိုလူမျိုးကို ချစ်သူတစ်ယောက်အနေနဲ့ရော. . ခင်ပွန်းတစ်ယောက်အနေနဲ့ရော. . ဘယ်လိုလုပ်အားကိုးရပါ့မလဲ. . . ”

သီဟခေါင်းငိုက်စိုက်ကျသွားသည်။ ခက်ခက်က မင်းဇော်ဘက်လှည့်လိုက်ကာ. .

“မင်းဇော်ကျတော့ရော. . သူကလဲချစ်တော့ချစ်တယ်. . ဒါပေမယ့်အချစ်ကိုဖော်ထုတ်ဖို့ အင်အားမရှိဘူး. . သူများကို အားကိုးတယ်. . ဒီတော့. . . ဒီလိုလူမျိုးကိုရော ကျွန်မက ချစ်သူအနေနဲ့၊ အိမ်ထောင်ဘက်အနေနဲ့ ဘယ်လိုလုပ်လက်ခံနိုင်မှာလဲ. . . သီဟကတော့ မယောင်ရာဆီလူးတယ်. . မင်းဇော်ကတော့ ယောင်တဲ့နေရာဆီမလူးဘူး. . ။ အဲဒီအပြစ်အတွက်ကြောင့် ရှင်တို့နှစ်ယောက်လုံးကို ကျွန်မပယ်လိုက်တယ်. . . ”

မင်းဇော်က ပျာပျာသလဲ တောင်းပန်သည်။

“ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်အခု ယောင်တဲ့နေရာ



www.burmeseclassic.com

www.burmeseclassic.com



ဆီလူးကြမယ်ဆိုရင်ရော. . ."

"သိပ်နောက်ကျသွားပြီ. . ရောဂါက ကျွမ်းနေပြီ. ."

"ဗျာ"

"ရှင်တို့ကို ကျွန်မလူတစ်ယောက်နဲ့ မိတ်ဆက်ပေးဦးမယ်. . ကိုအောင်လွင်"

ခက်က နောက်လှည့်ကာခေါ်လိုက်၏။ အနောက်တိုင်းဝတ်စုံအပြည့်အစုံ ဝတ်ထားသောလူတစ်ယောက် သူတို့ဆီစတိုင်ကျကျ လျှောက်လှမ်းလာနေသည်။ ဘောင်းဘီရှည်နှင့် ကုတ်အကျႌအပြင် နက်ကတိုင်ကလည်း ပါလိုက်သေးသည်။ နွေခေါင်ခေါင်နေပူပူမှာ ဒီလို ဝတ်စားထားတာမြင်ရတော့ သူတို့ချွေးပြန်လာသည်။

"ဟောဒါက ကိုအောင်လွင်တဲ့. . . မကြာခင် ခက်နဲ့ စေ့စပ်ကြောင်းလမ်းတော့မယ့်လူပဲ. . ."

"ဟဲလို. . တွေ့ရတာအိုက်ပါတယ်. . အဲလေ. . ဝမ်းသာပါတယ်. . ."

မင်းဇော်က လက်ကမ်းပေးရင်း ပြောလိုက်သည်။ မင်းဇော်နဲ့ လက်ဆွဲနှုတ်ဆက်ပြီးတော့ သီဟဘက်လှည့်လာ၏။ သီဟက လက်ဆွဲနှုတ်ဆက်ရင်း. .

"ခင်ဗျားက ဖျားနေတာလား. ."

ဟုမေးလိုက်၏။ ထိုသူ့မျက်နှာက အနည်းငယ်ရှုံ့တွသွားသည်။ လူငယ်နှစ်ယောက်က သူ့ကို ထိုးနှက်နေမှန်းသိသွားပုံရ၏။ ပြီးသူက သူတို့ထက်တော့ အသက်ကြီးလေသည်။

"မောင်ရင် တို့က ဒီလိုပုံမျိုးကို မြင်ရတာမျက်စိမယဉ်ကြသေး





ဘူးထင်တယ်. . . ကိုယ်တို့အနောက်တိုင်းမှာတော့ ဒီအတိုင်းဝတ်ကြတယ်. . ယောကျ်ားဆိုတာ စမတ်အင်စတိုင် (Smart and Style) ရှိဖို့လိုတယ်ကွ. . . စမတ်လဲကျရမယ်. . စတိုင်လဲရှိရမယ်ပေါ့. . ဒီလိုစမတ်ကျကျဝတ်စားဖို့ ချွေးထွက်ချင်လဲထွက်မယ်. . ဒါကိုခံနိုင်ရည်ရှိရမယ်. . . စတိုင်တော့ ပျက်လို့မဖြစ်ဘူး. ."

ဟု သူ့လည်ပင်းက နက်ကတိုင်ကိုဆွဲကာပြင်ရင်း ပြောလေသည်။ ခက်ကငြင်းလို့စိတ်ညစ်တာကတစ်ဘက်။ ဒီလူ့ကိုမြင်လို့ ရယ်ချင်တာကတစ်ဘက်နှင့် သူတို့ဒုက္ခရောက်နေကြသည်။

"အေး. . မင်းတို့နဲ့တွေ့တာ ဝမ်းသာတယ်. . . နောင်တွေ့ရင်လဲခေါ်ကွာ. . စိတ်ဓာတ်တော့မကျကြနဲ့ကွာဟုတ်လား. . ဘာပဲဖြစ်ဖြစ်စမတ်အင်စတိုင်ရှိကြပစေ. . ဟေ့. . စမတ်အင်စတိုင်နော်. . ."

သူကခက်လက်ကိုဆွဲကာ ပြန်ထွက်သွားလေသည်။ မင်းဇော်တို့နှစ်ယောက်သား ငေါင်စင်းစင်းဖြစ်ကျန်ခဲ့၏။ သီဟက. . .

"ဘာကြီးမှန်းလဲမသိဘူးကွာ. ."

"ဘာကိုလဲ စမတ်အင်စတိုင်ကြီးကို ပြောတာလား. . ."

"မဟုတ်ဘူး. . တို့ရဲ့ဇာတ်သိမ်းခန်းကိုပြောတာ. . ဒါနဲ့မင်းပြောတော့ ရေကန်ထဲတွန်းချမယ်ဆို. . ."

"အေးကွာ. . ဒီအတိုင်းဆို ရေကန်ထဲတွန်းချတာမှ ခံသာဦးမယ်. . အခုတော့. . ."

မင်းဇော်က ငိုမလိုပြီးသည်။ သီဟက. .

"မင်းနဲ့ငါထဲက တစ်ယောက်ယောက်ကို ရွေးရောပေါ့. . မင်းကိုရွေးရင်လဲ ငါခံသာသေးတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . မင်းကိုရွေးရင်လဲ ငါခံသာသေးတယ်. . အခုတော့ ဒီစမတ်အင်စတိုင်ကြီးက ဘယ်လိုမှ မုဒိတာပွားလို့မရဘူး. . . ငါဆို မိန်းမတစ်ယောက်အတွက်နဲ့တော့ ဒီလောက်အအိုက်မခံဘူးကွာ"

"အေးလေ. . ချွေးစော်ကလဲ ထွက်ဦးမယ်"

သီဟက ကန်ရေပြင်ကို မျက်နှာမူကာ အော်ဟစ်ပစ်လိုက်သည်။

"ဘာလုပ်တာလဲ"

"ရင်ထဲက ဝေဒနာတွေကို ဖွင့်ထုတ်လိုက်တာ"

ဆိုတော့မင်းဇော်က. . .

"ငါလဲလုပ်မယ်"

သီဟလိုလုပ်ကာ ကန်ရေပြင်ကို မျက်နှာမူ၍ အော်ပစ်လိုက်သည်။ နောက်တော့ နှစ်ယောက်ပြိုင်တူ အော်ဟစ်နေကြပြန်သည်။

ᗑ ᗑ ᗑ



စိတ်ညစ်လျှင် အရက်သောက်ရသည်ဆိုသော စကားသည် ဘယ်နေရာ၊ ဘယ်ဒေသက စတင်ပြန့်ပွားလာခဲ့လေသည်မသိ။ လူငယ်တွေကြားမှာတော့ ရေပန်းစားသောစကားဖြစ်သည်။ ဒါကြောင့် စိတ်ညစ်တယ်ဆိုသော လူငယ်တစ်ချို့က စမ်းသပ်ကြည့်ကြ၏။ လူငယ်အများစု၏ စိတ်ညစ်စရာအကြောင်းဆိုတာက ထုံးစံအတိုင်း အချစ်ပေါ်တွင် အခြေခံသည်။

အချစ်ကြောင့်ခံစားရသော စိတ်ဒုက္ခကို စာရေးဆရာတွေ တင်စားသလိုပင် လူငယ်တွေက အသည်းကွဲသည်ဟု ဆိုကြ၏။ ဤအတိုင်းဆို မင်းဇော်အသည်းကွဲသည်။ အသည်းကွဲတာကို အရက်နဲ့ကုမည်ဟု သူမရောက်စဖူး အရက်ဆိုင်ရောက်၏။ သြော် အရက်၊ အသူရာတဲ့၊ ယာမကာတဲ့၊ အနံ့အသက်က ပြင်းသည်။ စူးစူးဝါးဝါးအနံ့ကြောင့် မင်းဇော်နှာခေါင်းကိုပိတ်ကာ မော့ချလိုက်၏။ ဘေးဝိုင်းကလူတွေက မင်းဇော်ကို တအံ့တသြကြည့်ကြသည်မှာ ဒီကောင်အရက်သမားအသွင်ကို သိက္ခာလာချနေသည် ထင်လေမလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



အနံ့သာဆိုးတယ်။ အဝင်မဆိုးဘူးဟုထင်၏။ အခုတော့ အဝင်ကအနံ့ထက်ဆိုးသည်ဟု ဆိုရမည်။ လျှာဖျားတစ်လျှောက် ခါးလဲခါး၊ ပူလဲပူသောအရသာက လည်ချောင်းကတဆင့် ဝမ်းဗိုက်ထဲကို လျှောကျသွား၏။ အမယ်လေး . . မီးခဲတုံးကြီး မျိုချလိုက်ရသလိုပဲ။ ဒါကြောင့် ကပ္ပာကသီဘေးမှာချထားသော ရေခဲရေခွက်ကို ကောက်ယူကာ မင်းဇော်မော့လိုက်ရ၏။

မင်းဇော်တွေးကြည့်သည်။ ဒီလောက်ဆိုးဝါးသော အရက်ကို လူတွေဘာကြောင့် သောက်နေကြသနည်း။ သူကတော့ တစ်ခွက်ထဲနှင့် လက်လန်သွားသည်။ ထပြန်ဖို့စဉ်းစားတော့လဲ မှာထားသည့်အရက်ကို နှမြောနေ၏။ အရသာရှိသည်ဆိုသော နိုင်ငံခြားဖြစ်အရက်။ ပိုက်ဆံကို ရေထဲလွှင့်ပစ်လိုက်ရသလိုပါပဲ။

"ဟေ့ကောင် . . မင်းဇော် . . မင်းမလုပ်ဘူးတဲ့အလုပ် ဘာလို့ လုပ်နေရတာလဲ . . မင်းအရက်ဆိုင်သွားတယ်ဆိုလို့ ဟိုကောင်တွေပြောလို့ လိုက်လာတာ . . ."

"စိတ်ညစ်ရင် အရက်သောက်ရတယ်ဆိုလို့ . . ငါလာစမ်းကြည့်တာ . . မင်းရောစမ်းဦးမလား . ."

"ငါဘယ်တုန်းက အရက်သောက်လို့လဲ . . ကဲ . . မင်းအခု သောက်တော့ရော . . စိတ်ညစ်တာတွေ ပျောက်သွားလား . . ."

"ဘယ်ကပျောက်ရမှာလဲ . . အရက်မူးတာက သပ်သပ် . . စိတ်ညစ်တာက သပ်သပ် . . သပ်သပ်စီပဲကွ . . ."

သီဟက မင်းဇော်ကို အကဲခတ်ကြည့်သည်။ ဒီကောင်က အရှိုင်းဖြစ်သဖြင့် နည်းနည်းသောက်တာနှင့် မူးနေတာကို တွေ့ရသည်။





လူငယ်သဘာဝ ဒီလိုကြားဖူးနားဝစကားဖြင့် လက်တည့်စမ်းခဲ့ကြတာတွေရှိသည်။ ပြဿနာကား ပြေလည်၍မသွား။ နောက်ဆုံးအရက်၌သာ ဘဝပျက်သွားကြတာသာ အဖတ်တင်ကြသည်။

"ကဲ . . မင်းလဲဆက်သောက်မနေနဲ့ ပြန်ကြမယ်"

သူက အနည်းငယ်ယိုင်နေသော မင်းဇော်ကို ဆွဲထူကာ ထလိုက်စဉ်မှာပင်

"ဟာဘယ်သူတွေများလဲလို့ မင်းတို့ကိုး"

ဟူသော အသံကိုကြားလိုက်ရ၏။ သူတို့နှစ်ယောက်လှည့်ကြည့်လိုက်တော့၊ ကန့်လန့်ကာကာထားသော အခန်းထဲမှ ထွက်လာသည့် လူတစ်ယောက်ကို တွေ့ရသည်။ ထိုသူကား အင်းလျားကန်ဘောင်တွင် ခက်က သူနှင့် စေ့စပ်မည့်သူဟု မိတ်ဆက်ပေးခဲ့သော ကိုအောင်လွင် ဆိုသူဖြစ်လေသည်။ မင်းဇော်ကကြည့်ကာ

"ဟာ စမတ်အင်စတိုင်ကြီး ဘယ်လိုဖြစ်နေတာလဲဗျ"

ဟုရေရွတ်လိုက်၏ ဟုတ်လဲဟုတ်သည်။ ကိုအောင်လွင်က သူတို့နဲ့ တွေ့စတုန်းကလို အနောက်တိုင်းဝတ်စုံအပြည့်နှင့် စမတ်ကျကျ လူကြီးတစ်ယောက်မဟုတ်တော့။ သူကိုယ်ပေါ်တွင် စွပ်ကျယ်တစ်ထည်နှင့် ဘောင်းဘီတိုကိုသာ ဝတ်ဆင်ထားရာ၊ ရုတ်တရက်ကြည့်လိုက်ပါက အသားဖြူသော ကိုအောင်လွင်သည် တရုတ်ဘိန်းစားနှင့် တူနေပါတော့သည်။ တစ်ခုတော့ရှိသည်။ သူ့ကိုယ်ပေါ်တွင် ဘောင်းဘီနှင့် ကုတ်အင်္ကျီ မရှိတော့သော်လဲ လည်ပင်းမှာ စွပ်ထားသော နက်ကတိုင်ကတော့ ရှိ၍နေလေသည်။ သူက နက်ကတိုင်ကို လက်နဲ့ဆွဲကာ

"ဟေ့ စမတ်မဖြစ်ပေမယ့် စတိုင်တော့ ကျပါသေးတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောနေ၏။ သီဟက

“ခင်ဗျားရဲ့ ကိုယ်ပေါ်က ချပ်ဝတ်တန်ဆာတွေရော”

“ပူလွန်းလို့ ချွတ်ပစ်လိုက်ရတယ်ကွာ၊ ရင်ထဲက အပူတွေက အပြင်ကို ကူးခတ်လာတယ်။ ချွတ်မပစ်ရင် ငါ့အဝတ်အစားတွေ မီးလောင်ပြာကျသွားလိမ့်”

သူ့ပုံစံက ပြောရမယ်ဆိုလျှင် ရယ်မောစရာဖြစ်သည်။ သို့သော် သီဟနှင့် မင်းဇော်တို့ကလည်း ကိုယ့်အပူနှင့်ကိုယ် ဖြစ်နေသဖြင့် မရယ်နိုင်ကြ။ ကိုအောင်လွင်မှာ အတော်ပင် သောက်ထားဟန်တူသည်။ အမူးလွန်ကာနေသည်။

“ငါ့ညီတို့နဲ့တွေ့တာ အတော်ပဲ။ အစ်ကိုတစ်ယောက်ထဲ သောက်နေတာပျင်းလို့ထွက်လာတာ။ မင်းတို့ ဘာသောက်မလဲ ကြိုက်တာမှာ အားလုံးအတွက် ဒကာခံမယ်”

သီဟနှင့် မင်းဇော်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ ဘာလုပ်ကြမလဲဟူသော အဓိပ္ပါယ် မင်းဇော်က. . .

“တော်ပါပြီဗျာ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဘာမှ မသောက်တော့ပါဘူး”

“လုပ်စမ်းပါကွာ။ မင်းတို့ ဒီထဲဘာကြောင့် ရောက်နေရသလဲ ဆိုတာ အစ်ကိုလဲ အကဲခတ်မိပါတယ်။ ခက်ကြောင့် ကွဲသွားရတဲ့ အသည်းကို အရက်နဲ့ လာစိမ်နေတာမဟုတ်လား”

သီဟက နည်းနည်းမခံချင်ဖြစ်သွားကာ

“ကျွန်တော်တို့ကတော့ ထားလိုက်ပါတော့၊ ခင်ဗျားလို ရင်ကော့ ထွက်သွားတဲ့ အောင်နိုင်သူကြီးကရော၊ ဘာကြောင့် ဒီထဲရောက်နေရ





တာလဲ”

“အောင်နိုင်သူကြီးဟုတ်လား. . ဟုတ်လား. . ဟားဟား. . ”

ကိုအောင်လွင်က ဟားတိုက်ရယ်သည်။ ခွက်ထိုးခွက်လန် ရယ်သည်။ မင်းဇော်က မျက်လုံးအကြောင်သားနှင့် ကြည့်၏။ သီဟက မေးလိုက်သည်။

“ခင်ဗျားဘာလို့ရယ်နေတာလဲ၊ ကျွန်တော်ပြောတဲ့အထဲမှာ ဘာရယ်စရာပါလို့လဲ”

“ရယ်စရာပါတယ်လေကွာ၊ အောင်နိုင်သူကြီးဆိုတာ”

မင်းဇော်ကဝင်ပြောသည်။

“အောင်နိုင်သူကြီးဆိုတာ ရယ်စရာလားဗျ”

“ဟုတ်တယ် သိပ်ဟုတ်တယ်၊ မင်းတို့အမြင်မှာတော့ ငါက အောင်နိုင်သူကြီးပေါ့၊ ဒါပေမယ့် အစစ်မဟုတ်ဘူး၊ အတုအတု”

“ဘာဗျ”

သီဟက အံ့အားသင့်သွားသည်။

“အတုဟုတ်လား ဟုတ်လား. . ”

ကိုအောင်လွင်က ခေါင်းတဆတ်ဆတ်ညိတ်ကာ

“ဟုတ်တယ်အတု၊ ခက်က ဘာပြောတယ်မှတ်သလဲ၊ ငါ့ကို ဘာပြောတယ်မှတ်သလဲ”

“ခင်ဗျားကိုပြောတာ၊ ကျုပ်တို့က ဘယ်သိမလဲ”

“ခက်ပြောတာက၊ မင်းတို့နှစ်ယောက်ကို ပညာပေးချင်လို့ ငါ့ကို ခဏသုံးလိုက်တာတဲ့။ ငါနဲ့ စေ့လည်းမစေ့စပ်နိုင်ပါဘူး၊ လက်လဲမထပ် နိုင်ဘူးတဲ့၊ ကဲ မင်းတို့စဉ်းစားကြည့်စမ်း၊ ငါ . မကြေထိုက်ဘူးလား၊



www.burmeseclassic.com

www.burmeseclassic.com



ကုန်ပါပြီကွာ . . ကုန်ပါပြီ"

"ဘာလဲအရက်လား၊ ကုန်ရင်ထပ်မှာလေ"

မင်းဇော်ကပြောတော့ . . .

"အရက်မဟုတ်ဘူးကွ၊ ငါ့မျှော်လင့်ချက်တွေ၊ ငါ့အိပ်မက်တွေ၊ ငါ့အချစ်တွေ၊ ငါ့အနာဂတ်တွေအားလုံးပျောက်ဆုံးကုန်ပြီလို့ပြောတာ၊ ခက် . . ခက်တော်တော်ခက်တဲ့ခက်ပဲ။ ငါ့ကို အသုံးချသွားတယ်ကွာ၊ သူအသုံးချသွားတယ်၊ မင်းတို့နဲ့ ငါဟာ ဘဝတူတွေပါကွာ . . "

ဒီလိုဆိုတော့လည်း ကိုအောင်လွင်ကို သူတို့နှစ်ယောက်က သနားသွားပြန်သည်။ ဒီလူကြီးလည်း သက်သက်အသုံးချခံလိုက်ရခြင်းသာဖြစ်သည်။ မင်းဇော်က စိတ်ရင်းဖြင့် . .

"အေးဗျာ ဒီလိုကြားရတော့လဲ တကယ်စိတ်မကောင်းပါဘူး"

"ပြီးတော့ ခက်က ပြောသေးတယ်ကွ"

ကိုအောင်လွင်က အာလေးလျှာလေးကြီးဖြင့် . .

"ဒီကမ္ဘာကြီးထဲမှာ သူချစ်တဲ့သူက တစ်ယောက်ထဲရှိတယ်တဲ့။ အဲဒီသူချစ်တဲ့သူကို သူ့ရင်ထဲမှာပဲ ထာဝရသိမ်းထားရတော့မယ်တဲ့။ သူချစ်တဲ့သူက သီဟတဲ့"

ထိုစကားကြားလိုက်ရတော့ သီဟမှာ အနီးကပ် မိုးကြိုးပစ်ချတာ ကြားလိုက်ရသလို တုန်လှုပ်သွားသည်။

"ဘာဗျ ဘာ . . ဘယ်သူ . . "

ဟုလည်း အငမ်းမရမေးလိုက်ပါ၏ . . . ကိုအောင်လွင်က

"မင်းနားလေးနေလို့လား . . ငါပြောတာ မကြားဘူးလား၊ သီဟ လေကွာ . . သီဟ . သီဟ . . တဲ့"





မင်းဇော်က အားရဝမ်းသာပြုံးလိုက်ကာ သီဟပခုံးကိုပုတ်ကာ

"ဂုဏ်ယူပါတယ်ကွာ . . သီဟ မင်းဘာလုပ်မလဲ၊ ကဲ တွေဝေမနေနဲ့ . . "

သီဟက ခေါင်းတစ်ချက် ညိတ်လိုက်ကာ ထိုနေရာမှ ပြေးထွက်ခဲ့သည်။ ထိုသို့ထွက်အလာတွင် ပိတ်နေသော ကိုအောင်လွင်ကိုပင် ကျော်ခွ၍ သွားလေသည်။ ကိုအောင်လွင်က ထွက်ပြေးသွားသော သီဟကိုကြည့်ကာ မင်းဇော်အား . . .

"ဒီကောင်က ဘာဖြစ်သွားတာလဲ၊ ဘယ်သွားတာလဲ နောက်က ကျားလိုက်တဲ့အတိုင်းပဲ"

မင်းဇော်က လေသံမှန်မှန်ဖြင့်

"ဒီကောင်က အခုခက်ဆီကိုသွားတာပဲဖြစ်မှာပေါ့ ဒီကောင့်နာမည်က သီဟလေ"

"သီဟ ဟုတ်လား"

ကိုအောင်လွင်က သူ့နဖူးသူလက်ဝါးနဲ့ရိုက်ရင်း

"ဒီကောင်က သီဟလား"

"ဟုတ်တယ် ဒီကောင်က သီဟပဲ"

"ဒါဆိုရင်လဲ ငါ့ကိုနှုတ်ဆက်တော့သွားသင့်တယ်ကွာ၊ အခုတော့ ပြေးသွားလိုက်တာ ထီးတင်ပွဲမမီတော့တဲ့အတိုင်းပဲ၊ ငါတော့ ထပ်သောက်မှ ဖြစ်မယ်ဟေ့ မင်းရော . . "

ဟု မေးလိုက်၏။ မင်းဇော်က . . .

"သောက်တာပေါ့ ကျွန်တော်တို့သောက်ရမယ်။ ကျွန်တော့်သူငယ်ချင်းသီဟကို ဂုဏ်ပြုတဲ့အနေနဲ့ သူ့အတွက် မုဒိတာပွားတဲ့ အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက်စီသောက်လိုက်ကြတာပေါ့"

"မုဒိတာမွှားတဲ့အနေနဲ့ ဟုတ်လား၊ ကောင်းတယ်၊ သိပ်ကောင်းတယ်၊ မင်းက လူသာငယ်တယ် အသည်းနှလုံးဟာတော်တော်ကြီးတဲ့ကောင်ပဲ၊ ကြိုက်သွားပြီ"

ကိုအောင်လွင် စားပွဲထိုးတစ်ယောက်ကို အရက်မှာရန် လှမ်းခေါ်လိုက်လေတော့သည်။

^ ^ ^



BURMESE CLASSIC .com

သီဟက တံတားဖြူ အင်းလျားကန်ဘောင်ပေါ် ပြေးလာကာ ရှာသည်။ ခက်၏ အရိပ်အယောင်ကိုမှ မမြင်ရ။ ကျောင်းထဲ ဝင်လာခဲ့ပြန်သည်။ ခက်တို့ စာသင်ခန်းဘက်ရောက်၏။ ဘယ်သူမှ မတွေ့။ ဒီတော့ စားသောက်ဆိုင်တွေဘက်ထွက်လာခဲ့သည်။ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်ရှာသည်။ ဆိုင်တစ်ဆိုင်တွင် ကျယ်လောင်စွာ စကားပြောရင်း စားသောက်နေသော မျိုးမျိုးတို့အုပ်စုကိုမြင်သဖြင့် ဝမ်းသာသွားသည်။

အနားရောက်တော့ ထိုအုပ်စုထဲတွင်လည်း ခက်ကိုမတွေ့ရ။ မောကြီးပန်းကြီးဖြစ်နေသော သူ့ကိုကြည့်ကာ မျိုးမျိုးက

"ရှင် ဘယ်လိုဖြစ်လာတာလဲ"

"ကျွန်တော် ခက်ကိုလိုက်ရှာနေတာ၊ သူ. . သူ ဘယ်ရောက်သွားလဲဟင်၊ သူပြန်သွားပြီလား"

"ပြန်ဦးမှာတော့မဟုတ်သေးဘူး၊ လေးနာရီမှာ သူပရက်တီကယ်ဝင်ဖို့ရှိတယ်။ စားသောက်ဆိုင်ခေါ်တော့ သူဗိုက်မဆာဘူး၊ စာကြည့်တိုက်သွားဦးမယ်ဆို ထွက်သွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"စာကြည့်တိုက်ဟုတ်လား"

"အဲသလို ပြောသွားတာပဲ၊ ကိုသီဟ"

သူဇာက ခေါ်လိုက်သည်။ သီဟက ထူးလိုက်၏။

"ဗျာ"

"ခက်ကို ကြည့်ရတာ အခုတလော လန်းလန်းဆန်းဆန်းမရှိဘူး၊ အရင်တုန်းကလို ရယ်ရယ်မောမောလဲ မရှိဘူး"

"ဟုတ်တယ်၊ မျိုးတို့နဲ့ စကားပြောရင်လဲ ဟန်ဆောင်ပြောနေတာသိသာတယ်။ သူ့ရင်ထဲမှာ တစ်ခုခုကို ထိခိုက်ခံစားနေရသလိုပဲ၊ ဘာလဲတော့ ကျွန်မတို့လဲ မသိဘူး"

"ခင်ဗျားတို့မသိပေမယ့် ကျွန်တော်သိတယ်"

သီဟက ပြောလိုက်တော့ မျိုးမျိုးတို့က အံ့အားသင့်စွာ. .

"ဟုတ်ရဲ့လား ပိုးတုံးလုံးကောင်ရယ်"

"မဟုတ်ပါဘူး ပင်လယ်ငှက်ပါ"

သီဟက ပြုံးလိုက်သည်။

"ခင်ဗျားတို့ ခေါ်တာတွေတစ်ခုမှ မဟုတ်ဘူး၊ ကျွန်တော်က ပုဏ္ဏားလေး"

"ပုဏ္ဏားလေး ဟုတ်လား"

သူတို့ ရေရွတ်နေစဉ်မှာပင် သီဟက ထိုနေရာက ပြေးထွက်ခဲ့သည်။ စာကြည့်တိုက်ထဲဝင်ရှာ၏။ ခက်ကိုမတွေ့။ သူ့ရင်မောသွားသည်။ စာကြည့်တိုက်ထဲက ပြန်ထွက်လာခဲ့သည်။ ကျောင်းဝန်းအတွင်းမှာ လူရှင်းစပြုနေလေပြီ။ ခက် ပရက်တီကယ်မဆင်းပဲ ပြန်သွားလေသလား။





သူလေးကန်သော ခြေလှမ်းတွေနှင့် ပြန်လျှောက်လာစဉ်

ကန့်ကော်ပင်ပုလေးတစ်ပင်အောက်ရှိ ခုံတန်းလျားပေါ်တွင် သူ့ကို ကျောပေးထိုင်နေသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ မိန်းကလေး၏ ကိုယ်တစ်ခြမ်းကို သစ်ပင်၏ ပင်စည်ကကွယ်ထားသဖြင့် ကိုယ်တစ်ခြမ်းသာပေါ်နေခြင်းဖြစ်သည်။ သို့သော် ထိုမိန်းကလေးသည် ခက်ဖြစ်ကြောင်း သီဟကတတ်အပ်သေချာသိလိုက်သည်။ သူဝတ်ထားသော အသည်းကွဲရောင် ဝတ်စုံကလေးကိုလည်း မှတ်မိသည်။ လေထဲတွင် ပျံ့လွင့်လာသော ကန့်ကော်ပန်းရနံ့နှင့် ရောနေသည့် သူ့ကိုယ်နံ့ကလေးကိုလဲ မှတ်မိသည်။

သူက ခက်ဘေးနားရောက်သွားသည်။ ခက်က သူရောက်တာကို ရုတ်တရက်သိပုံမရ၊ ဆွေးမြေ့သော မျက်ဝန်းများနှင့် အဝေးကို မျှော်ကြည့်နေသည်။ ပြီးတော့ ခက်မျက်နှာကလဲ မိုးအုံ့နေသော ကောင်းကင်ပြင်ကြီးလို မှိုင်းပျပျ၊ အားလုံးကိုယ့်အပြစ်တွေပါပဲ ခက်ရယ်။

"ခက်. ."

သူခေါ်လိုက်တော့မှ ခက်က လှည့်ကြည့်သည်။ သူ့ကို တွေ့လိုက်ရတော့ ခက်၏ မျက်ဝန်းထောင့်တစ်နေရာတွင် ပျော်ရွှင်မှုက လျှပ်ပြက်သလို ခေတ္တမျှ ဝင်းလက်သွားသော်လဲ၊ သီဟကတော့ ကောင်းကောင်းကြီးမြင်လိုက်နိုင်ပါသည်။

"ရှင်ဘာလာလုပ်တာလဲ"

ခက်မျက်နှာကတော့ ခပ်တည်တည်၊ သို့သော် တမင်ဟန်လုပ်တည်နေခြင်းပင်ဖြစ်ကြောင်း သီဟက သိ၏။ ဒါကြောင့် ဘေးခုံတန်းလျားတွင် ဝင်ထိုင်လိုက်သည်။ ခက်က မကန့်ကွက်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ခက်ပဲ လိမ်တာညာတာမကြိုက်ဘူးဆို"

"ကျွန်မက ဘယ်သူ့ကို လိမ်ညာနေလို့လဲ"

"ကိုယ့်ကိုကိုယ် လိမ်ညာနေတယ်လေ"

"ရှင်. ."

"ခက် လိမ်မနေပါနဲ့ ခက်ရယ်. . ကိုအောင်လွင်ဆိုတဲ့လူဆီက ကိုယ်အကုန်ကြားခဲ့ပြီးပါပြီ"

ဒီစကားပြောလိုက်ရတော့ ခက်မျက်နှာ ရှက်သွေးဖြာသွားသည်။ သီဟကခက်၏ လက်တစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်လိုက်၏။ ခက်က ရုန်းမထွက်။

"ကိုယ့်ကို ယုံပါခက်ရယ်၊ အားကိုးလောက်တဲ့ ချစ်သူ တစ်ယောက်၊ အားကိုးလောက်တဲ့ ခင်ပွန်းတစ်ယောက်ဖြစ်အောင် ကိုယ်ကြိုးစားပါ့မယ်"

"ရှင်ရည်းစားစကားပြောနေတာလား၊ နေဦး ပိုက်ဆံတစ်ကျပ် ရှာလိုက်ဦးမယ်"

"တစ်ကျပ်ရှာမနေပါနဲ့ ခက်ရယ်၊ တစ်ခါတည်းသာ ၁၅၀၀ ပေးလိုက်ပါတော့"

"ဒီမယ် ရှင် ကျွန်မလက်ကို ကိုင်ထားတယ်နော်၊ ရုံးသွားတိုင်လိုက်မယ်"

"ကျောင်းအုပ်ချုပ်ရေးရုံးကို သွားမနေနဲ့၊ တရားရုံးသွားပြီး တစ်ခါတည်း လက်ထပ်ကြမယ်"

"သူတော်တော်စကားတတ်နေပါလား"

"အချစ်က သင်ပေးတာပဲဖြစ်မယ်"

သူတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ၊ ကြည်နူး



BURMESE CLASSIC .com



သလို ပြုံးလိုက်ကြသည်။ ယခုလို ဆိုတော့လည်း အရာရာသည် သာယာ၍နေလေသည်။ တက္ကသိုလ်တွင် လှပသော နီကိုးများလည်း ရှိတတ်လေသည်။

နီကိုရဲ



www.burmeseclassic.com